# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**



KBZ BANK

STRENGTH OF MYANMAR



၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၃ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၁၈၆)





နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာရန်မျိုးသိမ်း၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမြအေး၊ နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစောတို့ DVB Debate အစီအစဉ်၌ ဆွေးနွေးစဉ်

# အစိုးရသစ် ရက်ပေါင်း ၁၀၀ အတွင်း နိုင်ငံကို ထင်သာမြင်သာအောင် ဘယ်လို ပြောင်းလဲပေးမလဲ

ပြည်သူတွေအနေနဲ့ကလည်း မိမိတို့ ရွေးချယ်တင်မြှောက်ခဲ့တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်တဲ့အစိုးရအပေါ် မျှော်လင့်ချက်များစွာ ရှိနေပါတယ်။ အမှန်တကယ်မှာလည်း အစိုးရသစ်အနေနဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကြီးမားခြင်းကို စတင်ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ လိုအပ်ချက်နဲ့ အစိုးရရဲ့ ဆောင်ရွက်ပေးနိုင်မှု တစ်ထပ်တည်းကျရန်မှာ ခဲယဉ်းနေဦးမှာ ဖြစ်ပါတယ်။

အခုအခါမှာ မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို နိုင်ငံသူ နိုင်ငံသားတွေသာမက နိုင်ငံတကာကပါ အထူးစိတ်ဝင်တစား စောင့်ကြည့်လျက်ရှိပါတယ်။

သမ္မတ ဦးထင်ကျော် ဦးဆောင်တဲ့အစိုးရတက်လာပြီးနောက်ပိုင်း ပြည်တွင်းမှာ ကြုံဆိုထောက်ခံမှုတွေ ပြုလုပ်ကြသလို နိုင်ငံတကာကလည်း မြန်မာနိုင်ငံနဲ့ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ပိုမိုစိတ်ဝင်စားလာကြပါတယ်။

သမ္မတသစ်အနေနဲ့ ပြည်ထောင်စုလွှတ်တော်မှာ ကျမ်းသစ္စာကျိန်ဆိုပြီးနောက်ပိုင်း ပြောကြားခဲ့တဲ့ နိုင်ငံတော်အခြေပြမိန့်ခွန်းမှာ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု *စာမျက်နှာ ၅ ကော်လံ ၁* ❖

## ဦးထင်ကျော်နှင့် ကျွန်တော်

စာမျက်နှာ-၆

## သကြ်န် နီးလာသဖြင့် ကုန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်

စာမျက်နှာ-၈




မြန်မာ့အလင်း

# အစိုးရသတင်းစာများ၏ မူဝါဒ

အစိုးရသစ်၏ ပထမနေ့ သတင်းစာများမှာ အစိုးရပြောင်းသွားပြီဆိုတာကို ထင်ထင်ရှားရှား ပြသချင်၏။ သည်အတွက် သတင်းစာ၏ အဆင်အပြင်ရော ပါဝင်သည့်အကြောင်းအရာများပါ ပြောင်းလဲဖို့ လို၏။

သို့သော် သတင်းစာဆိုသည်မှာ တစ်ရက်ကြိုလုပ်ရတာဖြစ်ပြီး ပြောင်းလဲမည့်မူဝါဒကိုလည်း လက်ရှိအယ်ဒီတာများ၊ သတင်းသမားများနှင့် ညှိနှိုင်းဖို့လိုသည်ဖြစ်ရာ လွှဲပြောင်းပေးတော့မည့် အစိုးရထံမှ အလုပ်လုပ်ချိန် တစ်ရက်တောင်းရ၏။ ပြန်ကြားရေးဝန်ကြီးက နားလည်သိရှိစွာ ခွင့်ပြုပေးသဖြင့် ၂၀၁၆ မတ် ၃၁ ရက်နေ့မှာပင် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများကို အသွင်သစ်ဖြင့် ထုတ်ဝေနိုင်ခဲ့၏။

အသွင်သစ်၊ အကြောင်းအရာသစ်များကြောင့် အတော်များများ အံ့အားသင့်ကြ၊ ဝမ်းသာအားရ ကြိုဆိုကြ၏။ 7 Day Daily မှ ပင်တိုင်ဆောင်းပါးရှင် ဆရာမောင်သာချို က "သတင်းစာပေါ်က မြန်မာ့နွေဦး" ဟု ခေါင်းစဉ်တပ်ကာ ကြေးမုံသတင်းစာ ပြောင်းလဲသွားပုံကိုရေး၏။ "သတင်းစာတွေဟာ လူထုရဲ့ ပုံရိပ်ကို တကယ်ဖော်ပြနိုင်ပြီဆိုတဲ့အခါ အဲသည့်နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်ရှိလာခြင်းရဲ့ အညွှန်းပါ" ဟု ဆို၏။

ကြေးမုံသတင်းစာ ယူသူတစ်ဦးပင်ဖြစ်သည့် မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ ဦးဆောင်အဖွဲ့ဝင် ဆရာဇော်သက်ထွေးကလည်း "ကြေးမုံဟာ အခုဆိုရင် ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့ ခံစားချက်ကို ဖော်ပြတဲ့ သတင်းစာအဖြစ် ကျွန်တော်ပြန်လည်ပြီး တွေ့လိုက်ရပါတယ်။ ဒါဟာ နှစ်ပေါင်း ၅၀ အတွင်းမှာ ထူးခြားတဲ့ဖြစ်ရပ်ဖြစ်သလို ဒီမိုကရေစီရရှိရေးအတွက် ရုန်းကန်ခဲ့ရတဲ့ နိုင်ငံသားတွေရဲ့အောင်ပွဲလို့ ယူဆမိပါတယ်" ဟု ဆိုခဲ့သည်။

အသစ်ပြောင်းလဲမည့် ကြေးမုံ၊ မြန်မာ့အလင်းကို မထွက်သေးမီကပင် ကြိုတင်ထောက်ခံကြိုဆိုသည့် ၈၈ မျိုးဆက် နိုင်ငံရေးခေါင်းဆောင် ကိုမင်းကိုနိုင်၊ စာရေးဆရာ နိုင်ငံရေးသမား ဆရာမောင်မိုးသူ၊ စာရေးဆရာသင့်နော်၊ ဆရာ ဒေါက်တာအောင်ကြီး၊ ဆရာအညတြ၊ ကာတွန်းဆရာများဖြစ်သည့် ဆရာအော်ပီကျယ်၊ ဆရာဇော်မောင် စသည့် ပုဂ္ဂိုလ်များကတော့ ပထမနေ့သတင်းစာသစ်မှာ ၎င်းတို့လက်ရာတွေပါဝင်အောင် ရေးသားချီးမြှင့်ပေးကြသည်။ သည်လိုရေးသဖြင့် အားလုံးက ထောက်ခံကြိုဆိုနေသည်၊ သတင်းစာသစ်များကလည်း သိပ်ကောင်းနေ၊ ပြည့်စုံနေပြီဟု ဆိုလိုခြင်းမဟုတ်ပါ။ ယခုမှ အစဖြစ်သဖြင့် အများကြီး ပြုပြင်ပြောင်းလဲရပါဦးမည်။

တစ်ဖက်တွင် ဝေဖန်ထောက်ပြမှု၊ သတိပေးမှု၊ အကြံပြုမှုများလည်း အများအပြားရှိပါသည်။ ဆရာမောင်မိုးသူက "ဒီမိုကရေစီဆိုတာ ပြည်သူ့ရဲ့ဆန္ဒ၊ ပြည်သူရဲ့ မဲဆန္ဒနှင့် တင်မြှောက်ဖွဲ့စည်းလာတဲ့ အစိုးရဖြစ်ပါတယ်။ အဲဒီ ဒီမိုကရေစီအစိုးရက စီစဉ်စီမံထုတ်ဝေတဲ့ သတင်းစာတွေဟာလည်း ဘုန်းတော်ဘွဲ့တွေ၊ ဖွင့်ပွဲအခမ်းအနားတွေ၊ ပွဲတက်တာတွေထက် အများပြည်သူလိုအပ်(တဲ့) သိသင့် သိထိုက်တဲ့ သတင်းအချက်အလက်များကို စာဖတ်တဲ့ ပြည်သူလူထုကို တင်ပြကြရမှာဖြစ်ပါတယ်"ဟု သုံးသပ်ပြောဆိုသည်။

မြန်မာ့အလင်းသတင်းစာ ပုံမှန်ယူသူ ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ ဦးဇင်ဝိုင်းကလည်း "…ဒီနေ့မျက်နှာဖုံးမှာ ပြောင်းလဲမှုတွေ စတွေ့ရပါတယ်။ ဒါကလည်း သိပ်တော့မဆန်းပါဘူး။ တက်လာတဲ့အစိုးရရဲ့ အာဘော်ကိုပဲ ပြတယ်လို့မြင်တယ်။ နောက်ပိုင်းမှာ တကယ့်ကို နိုင်ငံသူနိုင်ငံသားတွေ၊ တိုင်းရင်းသားတွေ သိသင့်သိထိုက်တာတွေကို ဖော်ပြနိုင်ပါလိမ့်မယ်လို့ ထင်ပါတယ်"ဟု မှတ်ချက်ပေးပြီး၊

လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးဇေယျာကမူ "သတင်းစာအနေနဲ့ အစိုးရရဲ့ လက်ကိုင်တုတ်၊ အစိုးရရဲ့အာဘော်ကို ထုတ်ဝေတဲ့ သတင်းစာမျိုး မဖြစ်သင့်ဘူး…၊ ပြည်သူလူထု လိုအပ်ချက်တွေ၊ တိုင်းပြည်ရဲ့ လက်ရှိလိုအပ်ချက်တွေကို မီဒီယာကျင့်ဝတ်နဲ့ ထိထိမိမိထောက်ပြမယ်၊ မီဒီယာကျင့်ဝတ်နဲ့အညီ သတင်းစာရဲ့ပေါ်လစီကို ချမှတ်ဖော်ဆောင်ရွက်မယ်ဆိုရင်တော့ အောင်မြင်တဲ့ သတင်းစာတွေ ဖြစ်လာလိမ့်မယ်လို့ ထင်မြင်သုံးသပ်မိပါတယ်" ဟု ဆိုသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ ဦးဆောင်ကော်မတီဝင် ဦးထွန်းကြည်က "အစိုးရ အတွက်ချည်း မဟုတ်ဘဲ ပြည်သူတွေရဲ့ နားမျက်စိတွေဖွင့်ပေးတဲ့ သတင်းစာမျိုး၊ ငါးနှစ်တာကာလအတွင်း နိုင်ငံသူ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကိုကြည့်တဲ့ ဝန်ဆောင်မှုပေးတဲ့ သတင်းစာတွေပဲ ဖြစ်သင့်တယ်၊ ဖြစ်ထိုက်တယ်၊ ဖြစ်ရမယ်" ဟု အကြံပြုပြီး၊ အထက်တွင် အသွင်သစ်ကြေးမုံကို "နိုင်ငံသားတွေရဲ့ အောင်ပွဲ"ဟု ထောမနာပြုခဲ့သည့် ဆရာဇော်သက်ထွေး ကိုယ်တိုင်ကလည်း "လက်ရှိအာဏာရပါတီ အင်န်အယ်လ်ဒီရဲ့ ဘုန်းတော်ဘွဲ့တွေပဲ ထပ်တလဲလဲထည့်ရင်တော့ ငြီးငွေ့ပြီး ကျသွားနိုင်တယ်"ဟု ရှင်းရှင်းပင် ပြောဆိုသည်။

ကြေးမုံနှင့် မြန်မာ့အလင်းကို ပြည်သူသို့ မျက်နှာမူသော သတင်းစာများဖြစ်အောင် ရေးသား ထုတ်ဝေကြမည့်သူတို့သည် မိမိတို့အား စေတနာထား ပြောဆိုကြသည့် အထက်က ဝေဖန်အကြံပြုချက်များအားလုံးကို လေးစားစွာ လိုက်နာဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။




# ဧရာဝတီမြစ်အထက်ပိုင်း လက်ရှိရေမှတ်များထက် မြင့်တက်နိုင်

**နေပြည်တော် ဧပြီ ၂**

ဧပြီ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် နှစ်ရက်အတွင်း ငါးပေခွဲခန့်၊ ဗန်းမော်မြို့တွင် တစ်ရက်အတွင်း နှစ်ပေခန့်ကျဆင်းခဲ့ပြီးဖြစ်သည်။ ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် ကသာမြို့၌ နှစ်ရက်အတွင်း ငါးပေခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ် အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်မှ လေးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ နောက်လေးရက်မှ ၁၀ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့်လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၄-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၇၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၃၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၁၀၀၀/၉၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၀၀၀၀/၁၀၂၀၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၆·၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၈·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၀·၃၁ |
| ထိုင်း | တစ်ဘတ် | ၃၄·၅၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၃၂ |
| တရုတ် | တစ်ယွမ် | ၁၈၈·၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉·၅၇ |

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊<br>Fax- ၀၁-၈၆၀၄၅၄၆ |


## တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ၂-၄-၂၀၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ရမည်းသင်းမြို့၊ နေပြည်တော်(ရေဆင်း)၊ နေပြည်တော် (ပျဉ်းမနား)၊ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့၊ တောင်ငူမြို့နှင့် ညောင်လေးပင်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ တိုင်းထွာရရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းမှာ နေပြည်တော်တွင် ၈ ဒသမ ၂၊ ရန်ကုန်မြို့တွင် ၁၀ ဒသမ ၃ နှင့် မန္တလေးမြို့တွင် ၈ ဒသမ ၇ တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါက်မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ထီးလင်းမြို့တွင် ၀ ဒသမ ၂၈ လက်မ၊ မိုးညှင်းမြို့တွင် ၀ ဒသမ ၂၄ လက်မနှင့် လားရှိုးမြို့တွင် ၁ ဒသမ ၂၀ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**


မြန်မာ့အလင်း mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

# ရန်ကုန်မဟာသင်္ကြန်ကျင်းပရေးကော်မတီမှ သင်္ကြန်သံချပ်စာသားများစိစစ်မည်မဟုတ် သံချပ်အဖွဲ့များက ကိုယ်တိုင်တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ခွင့်ပြုပေးသွားမည်



ရန်ကုန် ဧပြီ ၂

**၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုတွင် ခရိုင်ဗဟိုမဏ္ဍပ်များဆောက်လုပ်ရန် မြို့နယ်များအလိုက် နေရာအနှံ့ စည်ကားစွာကျင်းပသွားမည်ဖြစ်ပြီး ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလိုက်နာကာ အပြုသဘောဆောင်သည့် မဟာသင်္ကြန်မဏ္ဍပ်များ ပေါ်ပေါက်စေရန်အတွက် သင်္ကြန်သံချပ်စာသားများကို မဟာသင်္ကြန်ကျင်းပရေးကော်မတီမှ စိစစ်မည်မဟုတ်ဘဲ သံချပ်အဖွဲ့များက ၎င်းတို့ကိုယ်တိုင်တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ယနေ့ ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။**

"ဒီနှစ်သင်္ကြန်မှာ ဖျော်ဖြေမှုအပိုင်းတွေ တိုးပြီးပြုလုပ်နိုင်ဖို့ ပြင်ဆင်ထားတယ်။ ခေတ်အဆက်ဆက်မှာလုပ်ခွင့် တဖြည်းဖြည်းတိမ်ကောသွားခဲ့တဲ့ သင်္ကြန်သံချပ်ဖျော်ဖြေမှုတွေကိုလည်း ပြန်ပြီးခွင့်ပြုသွားမှာဖြစ်တယ်။ ခွင့်ပြုတဲ့နေရာမှာလည်း စိစစ်ရေးအဖွဲ့ကိုတင်ပြီးမှ ခွင့်ပြုတာမျိုးလုပ်သွားမှာ မဟုတ်ဘူး"ဟု ဝန်ကြီးချုပ်က ပြောသည်။

အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးမှုပြဿနာကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် လမ်းပိတ်ဆို့မှုများမဖြစ်ပေါ်စေရန်အတွက် ယခုနှစ်မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့ ကန်ပတ်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်တွင် သင်္ကြန်မဏ္ဍပ်များကို ဆောက်လုပ်ခွင့်ပြုမည်မဟုတ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

"ကမ္ဘာအေးဘုရားလမ်းမှာ ဆောက်လုပ်ပြီးသွားတဲ့ တံတားနှစ်စင်းရှိတယ်။ ဒီတံတားနှစ်စင်းရဲ့ အတက်အဆင်း အခြေအနေတွေကြောင့် Public Area တွေ အများကြီး ဆုံးရှုံးသွားတယ်။ ဒီနေရာတွေမှာ ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်လာနိုင်တဲ့အတွက် ကမ္ဘာအေးဘုရားလမ်းမှာ မဏ္ဍပ်ဆောက်ဖို့ ခွင့်မပြုတော့ဘူး"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ပန်းသဉ္ဇာမျိုးက ပြောသည်။

ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ပတ်လမ်းမှလွဲ၍ တခြားနေရာများတွင် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်မည်ဆိုပါက ထုတ်ပြန်ထားသည့်စည်းကမ်းချက် ၄၄ ချက်ကို လိုက်နာရမည်ဖြစ်ပြီး စည်းကမ်းချက်များနှင့်အညီ စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ခွင့်ပြုပါက တိုင်းဒေသကြီးအစိုးရအနေဖြင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စည်ပင်သာယာက ခွင့်ပြုသင့်တယ်ဆိုတဲ့မဏ္ဍပ်ကို ခွင့်ပြုသွားမယ်။ ခွင့်ပြုရန်မသင့်ဘူးဆိုရင် စည်ပင်သာယာစည်းကမ်းဘောင်နဲ့ ညီညွတ်ဖို့ မဏ္ဍပ်ပိုင်ရှင်တွေကို တိုက်တွန်းသွားမယ်။ စည်းမျဉ်းစည်းကမ်းဘောင်အတိုင်းပဲ ဖြစ်အောင်လုပ်သွားမယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ညနေ ၆နာရီထိ တစ်ကြိမ် ရေပေးဝေသွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးကို ရှေးရှု၍ မဏ္ဍပ်များကို တစ်နေရာတည်းတွင် စုပြုံဆောက်လုပ်ကျင်းပခြင်းမရှိစေရန်၊ အယ်လ်နီညိုကြောင့် ရေရှားပါးမှုပြဿနာကို ကြိုတင်ကာကွယ်ရန်အတွက် ရေသုံးစွဲမှုကိုချွေတာလျှော့ချရန် ခရိုင်လေးခုတွင် ခရိုင်ဗဟိုမဏ္ဍပ်များပြုလုပ်ပြီး မြို့နယ်များအလိုက် နေရာအနှံ့ စည်ကားစွာကျင်းပနိုင်ရန် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား ခုတုံးလုပ်၍ စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်နေသည့်ကိစ္စများ ပပျောက်စေရန်၊ သင်္ကြန်ပွဲတော်ကာလအတွင်း လူငယ်များအရက်သေစာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကိုထိခိုက်စေမည့် အပြောအဆိုနှင့် ဝတ်စားဆင်ယင်မှုကို ကာကွယ်တားဆီးရန်၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလိုက်နာပြီး အပြုသဘောဆောင်သည့် မဟာသင်္ကြန်သံချပ်များ ပေါ်ပေါက်စေရန်နှင့် မဟာသင်္ကြန်ပွဲတော်တွင် အမှန်တကယ်ရေကစားမည့်သူများအတွက် မဏ္ဍပ်ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်များကို အများပြည်သူလွယ်ကူစွာရရှိစေရေးအတွက် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ပါဠိဂုဏ်ထူး)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၅၁ ၌ လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိစာဖြေဌာန ၂၃၉ ဌာနတို့၌လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ(ပါဠိဂုဏ်ထူး)ကို စာရင်းသွင်း သံဃာ၊ သီလရှင်စုစုပေါင်း ၂၄၈ ပါးအနက် ၁၂၃ ပါးဖြေဆိုကြသဖြင့် ၄၉ ဒသမ ၆၀ ရာခိုင်နှုန်းဖြေဆိုကြပြီး ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးစာရင်းသွင်း သံဃာ၊ သီလရှင်စုစုပေါင်း ၅၃၁၄၆ ပါးအနက် ၄၁၄၂၅ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၉၅ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များ ခွင့်မပြုသည့်အတွက် ထွက်ပေါ်လာသော တုံ့ပြန်ပြောဆိုသံများ

**ရန်ကုန် ဧပြီ ၂**

လာမည့် ရန်ကုန်မြို့ သင်္ကြန်ကာလတွင် သတ်မှတ်ငွေကြေးဖြင့် ရေပိုက်ရောင်းကာ ရေကစားသည့် စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်များခွင့်မပြုတော့ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ တွေ့ဆုံစဉ် ဆုံးဖြတ်ချက်ပေါ်ထွက်မှုသည် အဆိုပါရေကစားမဏ္ဍပ်ဆောက်ရန် စီစဉ်နေသူများအတွက် များစွာဂယက်ရိုက်ခတ်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်ကြောင့် မိမိတို့ကောက်ခံထားသည့် ငွေများ ပြန်အမ်းနေရကြောင်း၊ ယခင်နှစ်ကလို ခွင့်ပြုမည်ထင်၍ စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမှန်တွင် ယခုနှစ်ကိုခွင့်ပြုပေးပြီး နောက်နှစ်မှ ကန့်သတ်သင့်ကြောင်း၊ ယခု မိမိတို့ မျက်နှာစာမှာ ကွက်လပ်ရှိသည့်အိမ်ခြံများကို လိုက်ငှားနေရကြောင်း၊ သင်္ကြန်ကာလငှားရမ်းခ ကျပ်သိန်း ၅၀၀ ကျော်ရှိနေကြောင်း၊ မိမိတို့က အကုန်အကျခံ ရေကစားမဏ္ဍပ်ဆောက်ပြီး ခွင့်ပြုချက်ကို အိမ်ရှင်အမည်ဖြင့် တင်ရမည်ဖြစ်ကြောင်း အခကြေးငွေဖြင့် ရေကစားမဏ္ဍပ်ဆောက်မည့်သူတစ်ဦးက ပြောသည်။

ကမာရွတ်မြို့နယ်တွင် နေထိုင်သူတစ်ဦးက "ယခုလို ကန့်သတ်မှုသည် အလွန်ကောင်းမွန်ကြောင်း၊ မိမိတို့မြို့နယ် အင်းလျားလမ်းရေကစားမဏ္ဍပ်များခွင့်ပြုစဉ်က မြန်မာ့ယဉ်ကျေးမှုကို ဖီလာဆန့်ကျင်သည့်သရုပ်ပျက်မှုများ၊ စင်မြင့်ပေါ်မှ မိန်းကလေးများက အရက်ပုလင်းကိုင်သောက်ပြမှုများ၊ မူးရူးပြီးရန်ဖြစ်ခြင်းများရှိကြောင်း၊ ရေပိုက်တစ်ချောင်းလျှင် တစ်ရက် ဘယ်လောက်ဟူ၍ ငှားရမ်းပြီးရေကစားကြသည့်အတွက် စရိုက်ပေါင်းစုံ၊ လူ့အလွှာပေါင်းစုံပါဝင်၍ ပြဿနာပေါင်းစုံဖြစ်ပေါ်ခဲ့မှုများ ကြုံဖူးကြောင်း၊ ယခုကန့်သတ်လိုက်သည့်အတွက် မိသားစုပုံစံ၊ ဆွေမျိုးအသိုင်းအဝိုင်း ပုံစံပြန်ပေါ်သွားမည်ဖြစ်ကြောင်း" ဟု သုံးသပ်ပြောကြားသည်။

အဆိုပါဖြစ်ရပ်အပေါ် နိုင်ငံရေးနှင့်ပတ်သက်သူအချို့က "ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အများနှင့်ပတ်သက်သည့်ကိစ္စကို ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်ဆောင်ရွက်ချက်အဖြစ်ရှုမြင်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးအတွက် ရက် ၁၀၀ အစီအစဉ်၏ ဗွေဆော်ဦးဖြစ်ဟန်တူကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြောင်းလဲမှုအစီအစဉ်များ ဆက်တိုက်ထွက်ပေါ်လာမည့် လက္ခဏာဖြစ်ကြောင်း"ဟူ၍ သုံးသပ်နေမှုရှိကြောင်း သိရသည်။

**(၃၄၉)**

## ရေးမြို့ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်သံရုံးမှ ပူးပေါင်းကွင်းဆင်းလေ့လာမှုပြုလုပ်

**ရေး ဧပြီ ၂**

မြန်မာနိုင်ငံရှိအမေရိကန်သံရုံးမှ တတိယအတွင်းဝန် Mr.J. Keegan de Lancie နှင့် နိုင်ငံရေးကျွမ်းကျင်သူ ဒေါ်နန်းခင်လေးငယ်တို့သည် ရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ၂ ရက် နံနက် ၉ နာရီက မြို့နယ်ကော်မတီလေးရပ်မှ တာဝန်ရှိသူများအား တွေ့ဆုံရာတွင် မွန်ပြည်သစ်ပါတီနှင့် ဆက်ဆံရေး၊ ငြိမ်းချမ်းရေးတိုးတက်ကောင်းမွန်ရေး၊ NCA လက်မှတ်ရေးထိုးနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး၊ လူမှုစီးပွားဘဝတိုးတက်ရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေးကိစ္စရပ်များနှင့် မြေယာသိမ်းဆည်းမှု ရှိ မရှိ တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ယင်းနေ့နံနက် ၁၁ နာရီက လက်ရှိအစိုးရလက်ထက်တွင် ဒေသအတွင်း လက်ရှိတွေ့ကြုံခံစားနေရသော စီးပွားရေးအခြေအနေများ၊ ငြိမ်းချမ်းရေးဖြစ်စဉ် ကိစ္စရပ်များကို ဖိတ်ကြားထားသည့် မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် မွန်ဒေသလူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ရုံး၌ ဖိတ်ကြားထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်လည်း ဒေသအတွင်း လက်ရှိဖြစ်ပေါ်တွေ့ကြုံခံစားနေရသော သိမ်းဆည်းခံလယ်ယာမြေပြဿနာများ၊ ရေလုပ်သားပြဿနာများ၊ မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်နေသောပြဿနာများ၊ မွန်-ကရင်တိုင်းရင်းသား ယဉ်ကျေးမှုစာပေကဏ္ဍ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာများ၊ လူမှုဘဝခြိမ်းခြောက်ခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ပေါ်ခံစားနေသည့်အရာများကို တွေ့ဆုံဆွေးနွေးခဲ့သည်။ အမေရိကန်သံရုံးမှ တတိယအတွင်းဝန်က ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အမေရိကန် အစိုးရအနေဖြင့် ကူညီထောက်ပံ့ပေးနေသည့်အပြင် လက်ရှိအစိုးရလက်ထက်တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ အမေရိကန်သံရုံးမှ တာဝန်ရှိသူများသည် ရေးမြို့နယ်သို့ ရောက်ရှိစဉ် ဧပြီ ၁ ရက်က မွန်ပြည်သစ်ပါတီ ထားဝယ်ခရိုင်မှ တာဝန်ရှိသူများနှင့်လည်း လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ရပ်တည်မှုအခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**




# အကြမ်းဖက်သမားများ နျူကလီးယားလက်နက် ပိုင်ဆိုင်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်သွားမည်

**ဝါရှင်တန် ဧပြီ ၂**

အမေရိကန်သမ္မတ အိုဘားမားသည်သောကြာနေ့၌ ကမ္ဘာ့ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် အိုင်အက်စ်အဖွဲ့ကဲ့သို့သော အကြမ်းဖက်အုပ်စုများလက်အတွင်း ဓာတ်ရောင်ခြည်သင့်လက်နက် သို့မဟုတ် ရေဒီယိုသတ္တိကြွ ဗုံးမရောက်ရှိစေရေး၊ နျူကလီးယား ကုန်ကြမ်းပစ္စည်းများကို ပိုမိုလုံခြုံစွာ ထိန်းချုပ်ထားနိုင်ရေး တိုက်တွန်းဆွေးနွေးခဲ့သည်။

ဝါရှင်တန်၌ ပြုလုပ်သည့် နျူကလီးယား လုံခြုံရေးညီလာခံ၌အိုဘားမားက ယနေ့ကမ္ဘာကြီးသည် နျူကလီးယားခြိမ်းခြောက်မှုနှင့်ရင်ဆိုင်နေရကြောင်း၊ အကြမ်းဖက်သမားများ နျူကလီးယားလက်နက်များ ပိုင်ဆိုင်မှုမရှိစေရေး အစွမ်းကုန်တိုးမြှင့်ဆောင်ရွက် နေသော်လည်း ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ယခုဆောင်ရွက်နိုင်သော ကိစ္စရပ်မျှနှင့် တာဝန်ကျေပြီဟု မယူဆသင့်ကြောင်း ပြောခဲ့သည်။

ယနေ့အချိန်အခါ၌မည်သည့် အကြမ်းဖက်အုပ်စုကမျှ နျူကလီးယားဗုံးပြုလုပ်ရန် ကုန်ကြမ်းပစ္စည်းများ ပိုင်ဆိုင်ခြင်းမရှိသေးသော်လည်း အယ်ခိုင်ဒါအဖွဲ့က ယင်းပစ္စည်းများရရှိရေး ရှေးယခင်ကတည်းက ကြိုးစားရှာဖွေခဲ့ပြီး ယခု အချိန်ထိ လက်လျှော့ခြင်းမရှိသေးကြောင်း၊ မကြာသေးမီက ဖြစ်ပွားခဲ့သော ဘရပ်ဆဲလ်မြို့ ဗုံးပေါက်ကွဲမှုနောက်ကွယ်တွင်လည်း အိုင်အက်စ်စစ်သွေးကြွများက ကြိုးကိုင်ဆောင်ရွက်ခဲ့ကြောင်း ပြောခဲ့သည်။

ထို့အပြင် ရူးသွပ်မိုက်မဲလှသည့်အကြမ်းဖက်သမားများ လက်အတွင်းသို့ နျူကလီးယားဗုံးနှင့် နျူကလီးယား ကုန်ကြမ်းပစ္စည်းများ ရောက်ရှိသွားပါက ယင်းတို့သည် အပြစ်ကင်းမဲ့သည့် လူပေါင်းများစွာကို သတ်ဖြတ်ရန် အသုံးပြုမည်မှာ သေချာကြောင်း ပြောခဲ့သည်။

အစည်းအဝေးသို့နိုင်ငံပေါင်း ၅၀ ကျော်မှခေါင်းဆောင်များတက်ရောက်ခဲ့ပြီး အဆိုပါ အစည်းအဝေးသည် အိုဘားမားက ဦးဆောင်၍ ကျင်းပသည့် လေးကြိမ်မြောက်နှင့်နောက်ဆုံး အစည်းအဝေးဖြစ်သည်။ အဆိုပါ အစည်းအဝေးမှာ အကြမ်းဖက်အုပ်စုများလက်အတွင်းသို့ ရေဒီယိုသတ္တိကြွကုန်ကြမ်းများ မရောက်ရှိစေရေးရည်ရွယ်၍ ကျင်းပသော အစည်းအဝေးဖြစ်သည်။

(ရိုက်တာ)

# အငြင်းပွားကျွန်းများအနီး ရေကြောင်းကင်းလှည့်မည်ဟုဆို

**နယူးယောက် ဧပြီ ၂**

အမေရိကန်ရေတပ်ကဦးဆောင်၍ ဧပြီလအစောပိုင်း၌ တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားကျွန်းများအနီး ရေကြောင်းမှ ဖြတ်သန်းမှုထပ်မံပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါအစီအစဉ်နှင့် နီးစပ်သည့်သတင်းရင်းမြစ်ထံမှ သိရသည်။

အငြင်းပွားကျွန်းများအနီး ရေမိုင် ၁၂ မိုင်အတွင်းပြုလုပ်မည့် အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ အတိအကျမသိရသေးပေ။ ပင်လယ်ပြင်လွတ်လပ်စွာသွားလာခွင့်ကို အထင်အရှားပြသရန်အတွက် အငြင်းပွားကျွန်းများအနီး ရေယာဉ်များခုတ်မောင်းခြင်းဖြင့် " ရေကြောင်းသွားလာမှုလွတ်လပ်ရေး"ဟု အမည်ပေးထားသည့် လေ့ကျင့်ခန်းတစ်ခုကို အမေရိကန်ပြည်ထောင်စုက မကြာသေးမီလများအတွင်း ပြုလုပ်ခဲ့ပြီး အနာဂတ်တွင်လည်း ပိုမိုကြီးမားကျယ်ပြန့်သည့် လေ့ကျင့်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ရေတပ်အာဏာပိုင်များက ပြောသည်။ မကြာသေးမီက ယူအက်စ်အက်စ်စတန်းနစ်လေယာဉ်တင်သင်္ဘောအုပ်စုသည် တောင်တရုတ်ပင်လယ်အတွင်း လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ မကြာမီပြုလုပ်ဖွယ်ရှိသည့် ရေကြောင်းလေ့ကျင့်မှုတွင် ယူအက်စ်အက်စ်စတန်းနစ်ထက် ပို၍ငယ်သော သင်္ဘောတစ်စင်းဖြင့် ဦးဆောင်ပြုလုပ်မည်ဟု သိရသည်။

(ဆင်ဟွာ)

# ဆီးရီးယား-တူရကီ နယ်စပ်ကိုပိတ်ရန် ရုရှားတိုက်တွန်း

**မော်စကို ဧပြီ ၂**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ဗ်သည် သောကြာနေ့က အကြမ်းဖက်သမားများ ဝင်ရောက်မှုကို ဟန့်တားရန် ဆီးရီးယား-တူရကီနယ်စပ်ကို ပိတ်ပစ်သင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့သည်။ တူရကီ-ဆီးရီးယားနယ်စပ်သည် အကြမ်းဖက်သမားများ ကူးလူးသွားလာရာ အဓိကနေရာဖြစ်နေသည့်အတွက် ပိတ်ပစ်သင့်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောဆိုခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဌာနမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဆီးရီးယား-တူရကီနယ်စပ်ကို ပိတ်ပစ်ရမည်ဖြစ်ကြောင်း အဆိုပါကိစ္စကို ဖြေရှင်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မူဘောင်များ အောက်မှ သဘောတူညီမှုများ တောင်းခံသွားမည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယားအတိုက်အခံအုပ်စုနှင့် ဆီးရီးယားအစိုးရတို့ကြား ဆွေးနွေးမှုများ ပြုလုပ်ရာတွင် ဆက်လက်ထောက်ခံအားပေးသွားမည်ဟု ရုရှားနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများက အတည်ပြုကြသည်။

လတ်တလော ဆီးရီးယားအပစ်အခတ်ရပ်စဲရေးကို ပိုမိုအားကောင်းလာစေရန်၊ လူသားချင်း စာနာထောက်ထားမှုကိစ္စရပ်များကို တိုးချဲ့ဆောင်ရွက်ရန် အကြမ်းဖက် တန်ပြန်တိုက်ဖျက်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ရုရှားနှင့် အမေရိကန်တို့သည် ဆီးရီးယားအရေးနှင့်ပတ်သတ်၍ ပုံမှန်ဆက်ဆံမှုများရှိနေသည်။

(ဆင်ဟွာ)

# မိုးပျံလမ်းပြိုကျမှုကြောင့် သေဆုံးသူ ၂၆ ဦးထိတိုးလာ

**နယူးဒေလီ ဧပြီ ၂**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုလ်ကတ္တားမြို့၌ မိုးပျံလမ်းပြိုကျမှုတွင် သေဆုံးသူဦးရေမှာ ၂၆ ဦးရှိလာကြောင်း ဒေသတွင်းမီဒီယာများက ပြောသည်။ အဆိုပါ မတော်တဆဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူဦးရေမှာ ၈၉ ဦးထိ တိုးမြင့်လာကြောင်း ကိုလ်ကတ္တားမှ ရဲအရာရှိတစ်ဦးက ပြောသည်။ အပျက်အစီးများအောက်တွင် လူသေလောင်းများရှိနိုင်သေးကြောင်း အပျက်အစီးအစုအပုံများအောက်တွင် လူပေါင်းများစွာ ပိတ်မိနေနိုင်ကြောင်း ရဲများက ပြောသည်။ အိမ်အိုအိမ်ဟောင်းများ နီးကပ်စွာရှိနေသောကြောင့် ကယ်ဆယ်ရေးလုပ်သားများသည် ကယ်ဆယ်ရေးလုပ်ငန်းများကို ဂရုတစိုက်ပြုလုပ်ခဲ့ကြရသည်။

အဆိုပါ မိုးပျံလမ်းမှာ ကိုလ်ကတ္တားမြို့လယ်တွင်ရှိပြီး မီတာ ၆၀ ရှည်လျားသည်။ ကြာသပတေးနေ့က ပြိုကျခဲ့ခြင်းဖြစ်ပြီး လူအများအပြား အသက်ဆုံးရှုံးခဲ့ရသည်။

(ဆင်ဟွာ)




ပါရီမြို့လယ်ကောင်၌ ၂၀၁၆ ဧပြီ ၁ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ မီးသတ်သမားများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာ)



# ဗီယက်နမ်လုံခြုံရေးဝန်ကြီးအား သမ္မတအဖြစ်ခန့်

**ဟနွိုင်း ဧပြီ ၂**

ဗီယက်နမ် အမျိုးသားညီလာခံ (အင်န်အေ)က စနေနေ့တွင် ထရန်ဒိုင်ကွမ်းအား မြို့တော်ဟနွိုင်း၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

မစ္စတာကွမ်းသည် (၁၃) ကြိမ်မြောက် ပါလီမန်ညီလာခံ၌မဲပေးခွင့်ရှိသူ ၄၈၁ ဦးတွင် ၄၅၂ မဲဖြင့် အနိုင်ရရှိပြီး သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

၎င်းသည် ၂၀၁၁ ခုနှစ်မှ စတင်ကာ ဗီယက်နမ်ပြည်သူ့ လုံခြုံရေးဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်သည်။

ထရန်ဒိုင်ကွမ်းသည် ၁၂ ကြိမ်မြောက် ဗီယက်နမ်ဗဟိုကွန်မြူနစ်ပါတီ (စီပီဗွီစီစီ) အဖွဲ့ဝင်ဖြစ်ပြီး ၁၂ ကြိမ်မြောက် စီပီဗွီစီစီ ပေါလစ်ဗျူရိုနှင့် ပြည်သူ့လုံခြုံရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အသက် ၅၉ နှစ်အရွယ်ရှိ မစ္စတာကွမ်းသည် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ရဲချုပ်အဖြစ် ဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။

၎င်းသည် သမ္မတဖြစ်လာပြီးနောက် မေလတွင် ဗီယက်နမ်သို့ ပထမဆုံး လာရောက်မည့် အမေရိကန်သမ္မတ အိုဘားမားနှင့် တွေ့ဆုံဖွယ်ရှိသည်။

(ရိုက်တာ)


❖ ရှေ့ဖုံးမှ

ပေါ်ပေါက်ရေးနဲ့ ပြည်သူလူထု အများစုရဲ့ လူနေမှုဘဝ အဆင့်အတန်းတိုးတက် မြင့်မားဖို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့ ပြည်သူကို အသိပေး ပြောကြားခဲ့ပါတယ်။

ယခုတစ်လော လူမှုအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ ပြည်သူတွေနဲ့ လူမှုကွန်ရက်တွေပေါ်မှာ ပေါ်ပြူလာအဖြစ်ဆုံးအကြောင်းအရာကတော့ အစိုးရသစ်ရက်ပေါင်း ၁၀၀ အတွင်း ဘာတွေ အဓိကလုပ်ဆောင်မလဲ၊ ဘယ်လောက်လုပ်နိုင်မလဲဆိုတာကို အထူးစိတ်ဝင်စားလျက်ရှိပြီး အစိုးရသစ်အပေါ် မျှော်လင့်ချက်ကြီးစွာ ရှိနေကြပါတယ်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ မြစ်ဆုံစီမံကိန်း၊ လယ်ယာမြေကိစ္စ၊ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေး၊ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး ယခုထက် ပိုမိုကောင်းမွန်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ကိစ္စတွေကို နိုင်ငံရေးလေ့လာသုံးသပ်သူတွေက အဓိကထားဆွေးနွေးနေကြသလို ပြည်သူတွေအနေနဲ့လည်း ဘယ်လိုမူဝါဒတွေ ချမှတ်ပြီး စတင်အကောင်အထည်ဖော်မလဲဆိုတာကို မျှော်တလင့်လင့် ဖြစ်နေကြပါတယ်။

အစိုးရသစ် ရက်ပေါင်း ၁၀၀ နဲ့ ပတ်သက်ပြီးတော့ ယခင်ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်က ၎င်းရဲ့ လူမှုကွန်ရက် စာမျက်နှာပေါ်မှာ



ဦးဦးလှစော

"သမ္မတသစ်အနေနဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာ ချက်ချင်းလုပ်နိုင်တဲ့ လုပ်ငန်းတွေကို ဘယ်လိုလုပ်သလဲ၊ ရေရှည်လုပ်ရမယ့်အလုပ်တွေအတွက် ဘယ်လိုမူဝါဒတွေ ချမှတ်သလဲဆိုတာကို စောင့်ကြည့်ခြင်းဖြစ်တယ်။ ဒီနေရာမှာ သတိပြုဖို့လိုတာက ရက်ပေါင်း တစ်ရာအတွင်း အလုပ်အားလုံးပြီးစီးခြင်းမဟုတ်ဆိုတဲ့ အချက်ဖြစ်တယ်။ အဓိကက ရွေးကောက်ပွဲကတိတွေနဲ့ စတင်ဆောင်ရွက်ချက်တွေကို ချိန်ထိုးကြည့်ခြင်းသာဖြစ်တယ်။ တစ်ဖက်ကလည်း ပြိုင်ဘက်ပါတီတွေ၊ သတင်းမီဒီယာတွေကလည်း သမ္မတသစ်ကို ရက်ပေါင်း ၁၀၀ အတွင်း အပြင်းအထန်ဝေဖန်တာမျိုးမလုပ်ဘဲ စောင့်ထိန်းကြတယ်။ ဒါ့ကြောင့် ရက်ပေါင်း ၁၀၀ ကို သမ္မတသစ်ရဲ့ ပျားရည်ဆမ်းကာလ"ဟု ခေါ်ကြတယ်လို့ ရေးသားထားပါတယ်။

"ပြောင်းလဲချိန်တန်ပြီ"ဟု ကြွေးကြော်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က တင်မြှောက်လိုက်တဲ့



ဦးဇော်ဌေး

အရပ်သားသမ္မတ ဦးဆောင်တဲ့ အစိုးရလက်ထက် အစိုးရသစ် ရက်ပေါင်း ၁၀၀ အတွင်း ဘာတွေ အဓိကလုပ်ဆောင်မလဲ၊ ဘယ်လောက်လုပ်နိုင်မလဲဆိုတဲ့ ခေါင်းစဉ်နဲ့ ဧပြီ ၂ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Excel Capital ဟိုတယ်မှာ DVB က Debate ပြုလုပ်ခဲ့ပြီး နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာရန်မျိုးသိမ်း၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမြအေး၊ နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစောတို့ ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။

အစိုးရသစ်အနေနဲ့ ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူလူထု ထင်သာမြင်သာအောင် ထူးထူးခြားခြားဆောင်ရွက်မယ်လို့ ပြောထားပါတယ်။ ပြည်သူတွေအနေနဲ့ကလည်း မိမိတို့ရွေးချယ်တင်မြှောက်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်တဲ့



ဒေါက်တာရန်မျိုးသိမ်း

အစိုးရအပေါ် မျှော်လင့်ချက်များစွာ ရှိနေပါတယ်။ အမှန်တကယ်မှာလည်း အစိုးရသစ်အနေနဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကြီးမားခြင်းကို စတင်ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ ပြည်သူလူထုရဲ့လိုအပ်ချက်နဲ့ အစိုးရရဲ့ဆောင်ရွက်ပေးနိုင်မှု တစ်ထပ်တည်းကျရန်မှာ ခဲယဉ်းနေဦးမှာ ဖြစ်ပါတယ်။

အစိုးရသစ်အနေနဲ့ ရက်ပေါင်း ၁၀၀ အတွင်း အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့၊ ငြိမ်းချမ်းရေး အမြန်ဆုံးအကောင်အထည်ဖော်ဖို့၊ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေး ကောင်းမွန်အောင် မဖြစ်မနေဆောင်ရွက်သင့်တယ်လို့ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုမြအေးက ပြောကြားခဲ့ပါတယ်။

ပြုပြင်ပြောင်းလဲမှုတွေကို စတင်အကောင်အထည်ဖော်ဆောင်ခဲ့တဲ့ အရင်သမ္မတ ဦးသိန်းစိန် အစိုးရအနေနဲ့ "မယုံကြည်မှု"ဆိုတဲ့ စိန်ခေါ်မှုကို အဓိကရင်ဆိုင်ခဲ့ရပြီး အခုသမ္မတ



ဦးမြအေး

ဦးထင်ကျော် ဦးဆောင်တဲ့ အစိုးရလက်ထက်မှာတော့ "မျှော်လင့်ချက်ကြီးမားခြင်း"ဆိုတဲ့ စိန်ခေါ်မှုကို ရင်ဆိုင်ရနိုင်တယ်လို့ ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်က ပြောဆိုထားပါတယ်။

အစိုးရသစ်အနေနဲ့ လတ်တလောမှာ ထူးခြားမြင်သာထင်ရှားတဲ့ အပြောင်းအလဲတစ်ခုလို့ မဆိုနိုင်သော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွင်းမှာရှိတဲ့ လမ်း၊ တံတားကြေး ကောက်ခံတဲ့ ဂိတ်ပေါင်း ၃၀၀ ကျော်အနက် ၁၆၁ ဂိတ်ကို အသုံးပြုခကောက်ခံတော့မှာ မဟုတ်ကြောင်း ကြေညာခဲ့ပါတယ်။

"ဒီအခြေအနေတွေ ဖြစ်လာအောင် တောထဲတောင်ထဲ၊ အကျဉ်းထောင်တွေထဲမှာ စတေးခဲ့ကြတဲ့ ကျောင်းသားလူငယ်တွေကို မြန်မာပြည်ရဲ့သမိုင်းမှာ အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ လက်ရှိအစိုးရ ရလိုက်တဲ့ အခြေအနေကတော့ အမှိုက်ပုံကြီးတစ်ခုလို ဖြစ်နေတယ်။ ဒီအမှိုက်ပုံကြီးကို ဘယ်လိုရှင်းမလဲ၊ မရှင်းတတ်ရင် ကျွန်တော်တို့ပါ အမှိုက်ဖြစ်သွားမယ်" လို့ ဦးဦးလှစောက ဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် ဦးဇော်ဌေးကလည်း "အရပ်ဘက်-စစ်ဘက် အခုထက်ပိုမိုကောင်းမွန်ဖို့ ရှေ့ဆက်ဆောင်ရွက်ကြတဲ့အခါမှာ အတိတ်က ပြီးခဲ့တဲ့ကိစ္စရပ်တွေကို မေ့ထားဖို့လိုပါတယ်။ အခုအချိန်ဟာ အစိုးရရော၊ တပ်မတော်ရော၊ ပြည်သူရောအားလုံး ပြုပြင်ပြောင်းလဲရေးကာလကို ရောက်ရှိပြောင်းလဲနေတဲ့အချိန်ဖြစ်ပါတယ်" လို့ ပြောပါတယ်။

"ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် တပ်မတော်ရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါပြီး တပ်မတော်ဟာ အစိုးရသစ်နဲ့ ပိုပြီးနီးနီးကပ်ကပ် ဆောင်ရွက်သင့်တယ်။ NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့ရှစ်ဖွဲ့ကို ငြိမ်းချမ်းရေးမှာ ပါဝင်အောင် အစပြုတာကိုတော့ ဒီရက် ၁၀၀ အတွင်းမှာ လုပ်ဆောင်နိုင်လိမ့်မယ်၊ လက်မှတ်ထိုးတဲ့အဆင့်ထိတော့ မရောက်နိုင်ဘူး" လို့ မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူ ဒေါက်တာ ရန်မျိုးသိမ်းက ဆွေးနွေးသွားပါတယ်။

အစိုးရသစ်အနေနဲ့ ပျားရည်ဆမ်းကာလဖြစ်သည့် ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူကို မည်သို့မည်ပုံ ထင်သာမြင်သာအောင် ပြောင်းလဲပေးမလဲဆိုတာကို စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ **မျိုးမြင့်**

# အော်တစ်ဇင်တို့အတွက် ကူညီစောင့်ရှောက်ပေးမည့် ကျောင်းနှင့်သက်မွေးသင်တန်းများ လိုအပ်

**သတင်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ရဲထွဋ်**

**ရန်ကုန် ဧပြီ ၂**

ကမ္ဘာတစ်ဝန်းတွင် အော်တစ်ဇင် (Autism) ဖြစ်ပွားသူအရေအတွက် ပိုမိုများပြားလာလျက်ရှိပြီး ၂၀၀၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ တစ်ကမ္ဘာလုံးရှိ အစိုးရများ၊ ပြည်သူများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကမ္ဘာတစ်ဝန်းရှိ အော်တစ်ဇင်ကလေးငယ်များ အကြောင်း သိရှိလာရန် ရည်ရွယ်၍ ဧပြီ ၂ ရက်ကို ကမ္ဘာ့အော်တစ်ဇင်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ အမေရိကန်နိုင်ငံ၌မူ ဧပြီလရောက်တိုင်း အမျိုးသားအော်တစ်ဇင်ရောဂါ သတိမူရေး (National Autism Awareness Day) အဖြစ် သတ်မှတ်၍ နိုင်ငံတစ်ဝန်း လှုပ်ရှားမှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၌လည်း မြန်မာအော်တစ်ဇင်အသင်းသည် အော်တစ်ဇင်ဝေဒနာရှင်များအား သတိမူမိစေရန်အတွက် ၂၀၁၁ ခုနှစ် ဧပြီ ၂ရက်မှစတင်၍ ကမ္ဘာ့အော်တစ်ဇင်နေ့ကို ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ၌ ကျင်းပသော (၆)ကြိမ်မြောက် ကမ္ဘာ့အော်တစ်ဇင်နေ့အခမ်းအနားအား ယနေ့ညနေ ၃ နာရီမှ ည ၈ နာရီခွဲအထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ စမ်းချောင်းသာ State ၌ အော်တစ်ဇင်ကလေးငယ်များ လမ်းလျှောက်ခြင်း၊ ဖျော်ဖြေမှုများဖြင့် ပြသသည့် အော်တစ်ဇင်ကလေးငယ်လေးများ၏ စွမ်းရည်ပြပွဲ၊ နာမည်ကျော်အဆိုတော်များ၏ တေးဂီတဖျော်ဖြေမှုနှင့် ဈေးရောင်းပွဲတော်တို့ကို ပြုလုပ်ခဲ့သည်။

ကမ္ဘာပေါ်၌ အော်တစ်ဇင်ဖြစ်ပွားသူအရေအတွက် တိုးပွားလျက်ရှိနေပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အော်တစ်ဇင်ဖြစ်ပွားသူ ငါးသိန်းခန့်ရှိနေကြောင်း သိရသည်။ မြန်မာအော်တစ်ဇင်အသင်း၏ အတွင်းရေးမှူး (၂)ဒေါ်နီနီအောင်က "အရင်က လူ ၁၀၀ မှာ တစ်ယောက်၊ နောက် ၈၈ ယောက်မှာ တစ်ယောက်၊ အခုဆို ၆၈ ယောက်မှာ တစ်ယောက်ဖြစ်လာပြီဆိုတော့ မြန်မာနိုင်ငံမှာတော့ အော်တစ်ဇင်ဖြစ်နေသူ ငါးသိန်းနဲ့ ခြောက်သိန်းကြားလောက်ရှိတယ်လို့ ခန့်မှန်းရတယ်။ အတိအကျကောက်ထားတဲ့ စစ်တမ်း မရှိသေးဘူး"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် ကမ္ဘာ့အော်တစ်ဇင်နေ့အခမ်းအနားသို့ တက်ရောက်လာသူ မြန်မာအော်တစ်ဇင် အသင်းအမှုဆောင် ဦးနေမျိုးနိုင်က "အော်တစ်ဇင် ဖြစ်နေသူတွေရဲ့ အုပ်ထိန်းသူ မိဘအနေနဲ့ပြောရင် သူတို့ကို ကျွန်တော်တို့က သူများတွေလိုပဲ နေထိုင်ဖို့ စဉ်းစားတယ်။ ဒါဆိုကျေနပ်ပါပြီ။ ကျွန်တော့်မှာ သားနှစ်ယောက်ရှိတယ်။ သားကြီးက အော်တစ်ဇင်ပါ။ ၁၆ နှစ်ရှိပြီ။ စကားပြောတယ်။ ကျောင်းကောင်းကောင်းတက်နိုင်တယ်။ သူရဲ့အမူအကျင့်က လူအများနဲ့ရောပြီး မနေနိုင်ဘူး။ စာသင်ရင်လည်း တန်းတူသင်ကြားဖို့ ခက်တယ်။ ကျွန်တော်ကတော့ အော်တစ်ဇင်ဖြစ်နေတဲ့ ကလေးတွေရဲ့ မိဘတိုင်းကို ဝေမျှတယ်။ တန်ခိုးရှင်တစ်ယောက်ကသာ မင်းရဲ့သားကို သာမန်လူတစ်ယောက် ဖြစ်အောင်လုပ်ပေးမယ်။ မင်းသေပေးရမယ်ဆိုရင်တောင် ကျွန်တော်ခြေထောက်ဖက်ပြီး ဝမ်းသာကြောင်း ပြောပြမယ်။ အသေခံလိုက်မယ်"ဟု အော်တစ်ဇင်ဖြစ်နေသူများနှင့်ပတ်သက်သည့် မိဘတစ်ဦး၏ ခံစားချက်ကို ပြောသည်။

အော်တစ်ဇင်သည် ဖွံ့ဖြိုးမှုချို့ယွင်းသည့် ရောဂါတစ်ခုသာဖြစ်ပြီး အော်တစ်ဇင်ဖြစ်ပွားပါက ဦးနှောက်ကို ထိခိုက်စေ၍ လူအများနှင့် ပေါင်းသင်းဆက်ဆံခြင်းနှင့် တုံ့ပြန်လှုပ်ရှားမှုများတွင် အခက်တွေ့စေမည်ဖြစ်သည်။ အော်တစ်ဇင်အတွက် ကမ္ဘာပေါ်တွင် လုံးဝပျောက်ကင်းနိုင်သည့် ဆေးဝါးကုထုံးပေါ်ပေါက်ခြင်းမရှိသေးဘဲ စောစီးစွာသိရှိပြီး စနစ်တကျလေ့ကျင့်သင်ကြားပေးမှုသာ အော်တစ်ဇင်အနေဖြင့် သိသာစွာ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်သည်။

ဒေသတွင်းနိုင်ငံများ၌ အော်တစ်ဇင်ဖြစ်ပွားနေသူများအတွက် သက်မွေးမှုသင်တန်းများနှင့် အော်တစ်ဇင်တို့၏ ဖန်တီးမှုများအား ထုတ်လုပ်ရောင်းချနေမှုများရှိသော်လည်း မြန်မာနိုင်ငံ၌ လုပ်ဆောင်နိုင်ခြင်းမရှိသေးပေ။

"အော်တစ်ဇင် သက်မွေးသင်တန်းကျောင်းတွေက ထိုင်းမှာလည်းရှိတယ်။ ဘရူနိုင်းမှာဆို အော်တစ်ဇင်တွေလုပ်ထားတဲ့ ပစ္စည်းတွေရောင်းတဲ့ သီးသန့်ဆိုင်တွေတောင်ရှိတယ်။ စင်ကာပူလည်း ဒီလိုပဲ။ ကျွန်တော်တို့ အသင်းမှာတော့ ငါးနှစ်စီမံကိန်းဆွဲထားတာရှိတယ်။ သက်မွေးသင်တန်းကျောင်းလုပ်ဖို့ စပြီး စမ်းသပ်မယ့် အဆင့်တော့ ရှိတယ်။ ၂၀၁၄ ကနေ ၂၀၁၉ အထိ အော်တစ်ဇင်တွေရှိတဲ့ကျောင်းတွေနဲ့စမ်းသပ်ပြီး တွဲလုပ်မယ့် အစီအစဉ်ရှိတယ်။ ထိုင်းနိုင်ငံ သံအမတ်ကြီးနဲ့ သံအမတ်ကြီးကတော်တို့ကတော့ အော်တစ်ဇင်ကို စိတ်ဝင်စားတယ်။ ထိုင်းနိုင်ငံနဲ့ ချိတ်ဆက်ပြီးတော့ အစီအစဉ်တွေ လုပ်ပေးဖို့ရှိတယ်။ အော်တစ်ဇင်သက်မွေးမှုနဲ့ပတ်သက်တဲ့ ထိုင်းနိုင်ငံက ကျွမ်းကျင်တဲ့ ပညာရှင်တွေလည်းလာတယ်။ ကျွန်တော်တို့နဲ့ ဆွေးနွေးနေတုန်းပဲ။ သိပ်တော့ လွယ်လွယ်ကူကူ မဟုတ်ဘူး"ဟု အော်တစ်ဇင်သက်မွေးကျောင်းလုပ်ရန် အစီအစဉ်နှင့်ပတ်သက်၍ မြန်မာအော်တစ်ဇင်အသင်းအမှုဆောင် ဦးနေမျိုးနိုင်ကဆိုသည်။

လက်ရှိတွင် အော်တစ်ဇင်များအားသင်ကြားပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ၌ ဆရာဖြစ် သင်တန်းကို စတင်လျက်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့အော်တစ်ဇင်နေ့အခမ်းအနားမှ သိရသည်။




အော်တစ်ဇင်နှင့် အခြားကလေးငယ်များအား လက်ခံသည့် ကျောင်းပေါင်း မြန်မာနိုင်ငံ၌ ၁၆ ကျောင်းခန့်ရှိပြီး ရန်ကုန်၌ ရှစ်ကျောင်းနှင့် မန္တလေး၊ ပုသိမ်နှင့် ပြင်ဦးလွင်တို့၌လည်းရှိကြောင်း သိရသည်။

"အော်တစ်ဇင်ဆိုတာ စိတ်ရောဂါမဟုတ်ဘူး။ ကူးစက်ရောဂါလည်းမဟုတ်ပါဘူး ။ အော်တစ်ဇင် ဖြစ်နေသူကနေ တခြားသူကို ကူးစက်တာမျိုး လုံးဝမရှိဘူး။ ကိုယ့်သား အော်တစ်ဇင်ဖြစ်တာ ကိုယ့်ကြောင့် မဟုတ်ဘူး။ ကိုယ့်အပြစ်မဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာ အော်တစ်ဇင် ဖြစ်နေသူ ၆၇ သန်းကျော်ရှိတယ်။ မိဘတွေ အပြစ်လည်းမဟုတ်ဘူး။ ဒါကို ခံစားနေစရာအကြောင်း မရှိဘူး။ အရေးကြီးတာက ကိုယ့်ကလေးကို နားလည်အောင်ကြိုးစား။ အတတ်နိုင်ဆုံး ချစ်ခြင်းမေတ္တာပေးပါ။ ရလဒ်ကောင်းတဲ့ အဖြေထွက်လာပါလိမ့်မယ်" ဟု ဦးနေမျိုးနိုင်က ဆိုသည်။

ယနေ့ပြုလုပ်ခဲ့သည့် ကမ္ဘာ့အော်တစ်ဇင်နေ့ အထိမ်းအမှတ်ပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေ၊ ဗိုလ်မှူးကြီးမျိုးမြင့်၊ ထိုင်းနိုင်ငံ သံအမတ်ကြီး၊ ဇနီးနှင့် ဒေါက်တာမြင့်လွင်တို့က တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေက လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့လာသော အမှာစာကို ဖတ်ကြားခဲ့ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် အတွင်းရေးမှူး ဦးမြတ်သူဝင်းက အမှာစကား ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာပေါ်၌ အော်တစ်ဇင်ဖြစ်ပွားသူ တဖြည်းဖြည်းနှင့် တိုးပွားလျက်ရှိနေသည်။ သူတစ်ပါး၏ အကူအညီဖြင့် ရှင်သန်နေရသော အော်တစ်ဇင်တို့အတွက် ကူညီစောင့်ရှောက်ပေးမည့် ကျောင်းများ၊ သက်မွေးသင်တန်းများ မြန်မာနိုင်ငံ၌လည်း လိုအပ်နေပြီဖြစ်သည်။

# ဦးထင်ကျော်နှင့် ကျွန်တော်

**မြင့်ဆွေဦး**

ဆရာကြီးမင်းသုဝဏ်၏သားဖြစ်သူ ဦးထင်ကျော်နှင့် သိကျွမ်းရင်းနှီးခဲ့သည်မှာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ဖြစ်သည်။ ဦးထင်ကျော်သည် စာပေလောက စာအုပ်တိုက်သို့ရောက်လာပြီး ဆရာကြီးမင်းသုဝဏ်၏ မှတ်တမ်းမှတ်ရာများ၊ စာပေနှင့်ဘဝ ဖြစ်စဉ်မှတ်တမ်းတို့ကို ကွန်ပျူတာစာစီရိုက်နှိပ်ပေးပါရန် အကူအညီတောင်း၍ ရိုက်နှိပ်ပေးခဲ့သည်။ သိကျွမ်းခဲ့ရသည့် ဦးထင်ကျော်သည် တကယ့်လူရိုးကြီး၊ အလွန်အေးချမ်းသူ။

၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ထားရာမှ လွတ်မြောက်ခဲ့သည်။ ကျွန်တော်သည် အစ်မ ဒေါ်အောင်ဆန်းစုကြည်ထံသို့သွားရောက်ပြီး လိုအပ်သည်များကို ကူညီလုပ်ဆောင်ပေးခဲ့လေသည်။ ထိုအချိန်မှာပင် ဦးထင်ကျော်လည်း ဒေါ်အောင်ဆန်းစုကြည်ထံရောက်လာပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပါသည်။ သည်လိုနှင့် ဦးထင်ကျော်နှင့် ကျွန်တော် ပို၍ရင်းနှီးသွားခဲ့သည်။ ၁၉၉၉ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဆရာမိုက်ကယ်အဲရစ်သည် အင်္ဂလန်နိုင်ငံအောက်စ်ဖို့ဒ်၌ ကွယ်လွန်သွားခဲ့ပါသည်။ ကျွန်တော်လည်း ဒေါ်အောင်ဆန်းစုကြည်ထံ ရောက်သွားသည့်အခါ အစ်မက ဆရာမိုက်ကယ်အဲရစ်၏ အတ္ထုပ္ပတ္တိနှင့် သူ၏ ကျေးဇူးတင်ကြောင်းစာတိုကလေးပါ ဘာသာပြန်ခိုင်းပြီး လက်ကမ်းစာစောင်ရိုက်နှိပ်ပေးရန် တာဝန်ပေးပါသည်။ ထိုလက်ကမ်းစာစောင်ကို ပြင်ဆင်ရေးသားသည့်အခါ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်၊ ဒေါက်တာတင်မာအောင်တို့နှင့်အတူ အစ်မရှေ့တွင်ရေးသားကြပါသည်။ ထိုလက်ကမ်းစာစောင်တွင် ဆရာမိုက်ကယ်အဲရစ်၏ပုံကို ကိုမော်လင်းက Sketch (ခဲခြစ်ကောက်ကြောင်း) ရေးဆွဲပေးသည်။ ထိုမှတ်တမ်းလွှာကို ဦးမျိုးညွန့်က သူ့စာပေလောက ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပေးပါသည်။ ရိုက်နှိပ်ပြီးသည့်အခါ ဦးထင်ကျော်ကိုယ်တိုင်လာယူခဲ့ပါသည်။ သူက အလုပ်ကို တိတိကျကျနှင့် ကိုယ်တိုင်သေသေချာချာ လုပ်ကိုင်တတ်သူ။

နောက်တစ်နေ့တွင် ကျွန်တော်သည် အစ်မခြံထဲသို့ရောက်သွားသည့်အခါ ဦးထင်ကျော်နှင့်တွေ့၍ အစ်မက သူ့အား ဆရာမိုက်ကယ်အဲရစ်အကြောင်း

အစ်မဒေါ်အောင်ဆန်းစုကြည်က ဗြိတိသျှသံရုံးမှ ပထမအတွင်းဝန် တက်ဖနီ ဆီသို့ ဖုန်းဆက်ပြီး ဆရာမိုက်ကယ်အဲရစ်၏ နာရေးသတင်းများကို တောင်းပေးသည်။ ထိုနာရေးသတင်းများကို ဦးထင်ကျော်နှင့် ကျွန်တော်တို့ ဗြိတိသျှသံရုံးမှ သွားယူရလေသည်။

## ၂၀၀၉ ခုနှစ်တွင် ဆရာကြီး မင်းသုဝဏ် ရာပြည့်အမှတ်တရပွဲအတွက် ဦးထင်ကျော်က ကျွန်တော့်ထံ ရောက်လာပြီး ဆရာကြီး မင်းသုဝဏ်၏ စာနှင့်မှာတမ်းများ၊ ဓာတ်ပုံများနှင့် သပြေညိုကဗျာ လက်ရေးမူတွဲ ထည့်သွင်း၍ လက်ကမ်းစာစောင်တစ်ခု ပြုလုပ်ဆောင်ရွက်ပေးရန် ပြောလာသဖြင့် ကျွန်တော်နှင့်ဦးထင်ကျော်တို့နှစ်ယောက် တိုင်ပင်ပြီး လက်ကမ်းစာစောင်ကိုပြုလုပ်ခဲ့

ရေးသားခိုင်းသည်ဟု ပြောပြပါသည်။ ဆရာမိုက်ကယ်အဲရစ်အကြောင်း အချက်အလက်များကို ကူညီရှာဖွေပေးပါဟု ဦးထင်ကျော်က ကျွန်တော့်ကို ပြောပါသည်။ ထိုအခါ ကျွန်တော်က ဦးထင်ကျော်အား အင်္ဂလန်က သတင်းစာတွေမှာ ဆရာမိုက်ကယ်အဲရစ် ကွယ်လွန်သွားသည့်အကြောင်းကို Obituary နာရေးသတင်းအဖြစ် ထည့်လေ့ရှိသည်ကို ပြောပြပြီး ယင်းသတင်းစာများမှ ဆရာမိုက်ကယ်အဲရစ်၏ နာရေးသတင်းများကိုတောင်းပေးရန် အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြပါသည်။

ဆရာမိုက်ကယ်၏ နာရေးသတင်းများကို ယူပြီး ဦးထင်ကျော်နှင့် ကျွန်တော်တို့ကားဖြင့် ပြန်အထွက်တွင် ကားတစ်စီးက မဆင်မခြင်မောင်းနှင်ပြီး ကျွန်တော်တို့ ကားဆီသို့ တိုးဝင်လာရာ ဦးထင်ကျော်က သတိထားပြီးရှောင်တိမ်းလိုက်သဖြင့် လွတ်သွားခဲ့ပါသည်။ ဦးထင်ကျော်က သတိကောင်းသူ၊ ရုတ်တရက် ပေါ်ပေါက်တတ်သည့် ပြဿနာကို ရင်ဆိုင်တတ်သူ။

ထိုသို့ရရှိလာသော ဆရာမိုက်ကယ်၏ နာရေးသတင်းများကို ဦးထင်ကျော်နှင့်အတူ ဆရာဦးညွန့်လှိုင် (ဦးဘဝင်း၏သမီးအကြီးဆုံး၏ခင်ပွန်း)၊ ကိုမော်လင်း၊ ကျွန်တော်နှင့် ကျွန်တော့်ဇနီး အဖွဲ့တို့ ဘာသာဝိုင်းပြန်ကြပါသည်။ ထိုဘာသာပြန်များကို ဦးမျိုးညွန့် (စာပေလောက)က ကွန်ပျူတာနှင့်စာစီပေးပါသည်။ ထိုကွန်ပျူတာနှင့် စာစီထားသည်များကို ရက်လည်နေ့တွင် ရောက်လာကြသည့် ဧည့်ပရိသတ်များ ဖတ်ရှုလေ့လာနိုင်စေရန် ခြံဝင်းရှိမဏ္ဍပ်အတွင်း၌ ဘုတ်ပြားတွင် ကပ်၍ ပြသခဲ့ပါသည်။

ထိုကိစ္စ၏ နောက်ဆက်တွဲအနေဖြင့် ဦးမျိုးညွန့် (စာပေလောက)ထံ စာပေစိစစ်ရေးရုံးမှ ရောက်ရှိလာပြီး ကွန်ပျူတာများကို ချိပ်ပိတ်ခဲ့ပါသည်။ ကိုမော်လင်းကိုလည်း ၁၉၉၉ ခုနှစ် ဩဂုတ်လတွင် တစ်လခန့် ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ ထိုသို့ဖမ်းဆီးစစ်ဆေးမေးမြန်းခဲ့ရသည့် အကြောင်းရင်းများတွင် ဆရာမိုက်ကယ်အဲရစ်မှတ်တမ်းလွှာတွင် ပုံတူကောက်ကြောင်း (Sketch) ရေးဆွဲပေးခဲ့သည်ကလည်း အကြောင်းတစ်ကြောင်းဖြစ်ခဲ့ပါသည်။

ထို့နောက်ပိုင်းတွင် မကြာခဏဆိုသလို ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ်ချထားခြင်းခံရသဖြင့် ကျွန်တော်လည်းမတွေ့ရတော့ပါ။ သို့သော် ဦးထင်ကျော်နှင့်သူ ထိတွေ့ဆက်ဆံမှုများ ရှိခဲ့ပါသည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဆရာကြီး မင်းသုဝဏ်ကွယ်လွန်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ဆရာကြီး မင်းသုဝဏ် ရာပြည့်အမှတ်တရပွဲအတွက် ဦးထင်ကျော်က ကျွန်တော့်ထံရောက်လာပြီး ဆရာကြီး မင်းသုဝဏ်၏ စာနှင့်မှာတမ်းများ၊ ဓာတ်ပုံများနှင့် သပြေညိုကဗျာ လက်ရေးမူတွဲထည့်သွင်း၍ လက်ကမ်းစာစောင်တစ်ခုပြုလုပ်ဆောင်ရွက်ပေးရန် ပြောလာသဖြင့် ကျွန်တော်နှင့်ဦးထင်ကျော်တို့ နှစ်ယောက်တိုင်ပင်ပြီး လက်ကမ်းစာစောင်ကိုပြုလုပ်ခဲ့ကာ မူဝံပုံနှိပ်တိုက်မှ ဦးဝင်းချို က ပုံနှိပ်ပေးခဲ့ပါသည်။

အခုတော့ ဦးထင်ကျော်က နိုင်ငံတော်သမ္မတ တာဝန်ကိုထမ်းဆောင်နေပြီ။ တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးထမ်းဆောင်နိုင်ပါစေဟု ဆုတောင်းလိုက်ပါသည်။



# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တမူးခရိုင်အတွင်းရှိ ကျေးရွာများ ဘက်စုံဖွံ့ဖြိုးလာ

**တမူး ဧပြီ ၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်း၊ စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့ (List Fund)တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (VDP) လုပ်ငန်းများဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်းရှိ ကျေးရွာများတွင် ကျေးရွာ၏ လိုအပ်ချက် ဘက်စုံလုပ်ငန်းများ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

"တမူးမြို့နယ်အတွင်းမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ကျေးရွာတွေရဲ့ အဓိကလိုအပ်နေတဲ့ လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် တစ်ရွာကို ငွေကျပ်သိန်း ၅၀ နှုန်းနဲ့ ကျေးရွာငါးရွာအတွက် ငွေကျပ်သိန်း ၂၅၀ ကို ပေးအပ်နိုင်ခဲ့ပါတယ်။

"ထို့အပြင် ကျေးလက်နေပြည်သူတွေ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ခမ်းပတ်မြို့နယ်ခွဲက ထင်းဇင်ရွာဟောင်းမှာ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နဲ့ ရေတိုင် ၁၀ တိုင်ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

"ဒ့ါအပြင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေဖို့အတွက် တမူးမြို့နယ်မှာရှိတဲ့ ကွန်းတောင်းကျေးရွာနှင့် နန်မွမ်းတားကျေးရွာတွေမှာ အမာခံ သဲကျောက်လမ်းတွေကို ခင်းကျင်းပေးနိုင်ခဲ့ပါတယ်။ နောက်တစ်ခုအနေနဲ့ မြို့သစ်မြို့နယ်ခွဲက ကျွန်းပင်သာကျေးရွာမှာဆိုရင်ပြည်သူတွေ အဓိကဖြတ်သန်းသွားလာနေတဲ့ (၁၈×၁၂×၈)ပေရှိ ကျေးလက်ကွန်ကရစ်တံတားတစ်စင်းကို လည်းကောင်း၊ ပညာရေးကဏ္ဍအနေနဲ့ ခမ်းပတ်မြို့နယ်ခွဲရှိ ကျွန်းတောရေရှင်ရွာက စာသင်ကျောင်းအတွက် စာသင်ခုံ ၁၁၅ ခုံ၊ ဗီရိုနှစ်လုံး၊ စားပွဲ ၁၀ လုံး၊ ကျောက်သင်ပုန်း ၁၀ ချပ်နဲ့ သောက်ရေအိုးစင်တွေ စသဖြင့် လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု တမူးကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) လုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့ (List Fund) ၏ နည်းပညာပိုင်းအကူအညီရယူ၍ စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် မတ်လကုန်ပိုင်းတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးအောင်မြင်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**(မိုး/ဇလ)**

❒ *ကျော်ဖုံးမှ*

အဲဒီကနေ ၁၉၈၈ မှာ ဘုရားသုံးဆူနယ်စပ်ကို တိမ်းရှောင်ခဲ့ပါတယ်။ အဲဒီနယ်စပ်မှာနေပြီး သိပ်မကြာပါဘူး၊ ငှက်ဖျားရောဂါကြောင့် ၁၉၈၈ နိုဝင်ဘာလလောက်မှာ ရန်ကုန်ပြန်ရောက်လာတယ်။

အဲဒီအချိန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထူထောင်ပြီးချိန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ပါတီတွေလည်း တော်တော်များများ ပေါ်ပေါက်နေပြီ။ ကျောင်းသားအဖွဲ့အစည်းတွေလည်း တော်တော်များများရှိတယ်။ အင်အားအကောင်းဆုံး ပါတီကြီးနှစ်ခုရှိပြီး တစ်ခုကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီတို့ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ကျောင်းသားတစ်ယောက်ဖြစ်ပေမယ့်လည်း လူ့ဘောင်သစ်ပါတီကို မဝင်ဖြစ်ဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝင်ခဲ့ပါတယ်။ ဝင်ခဲ့တဲ့ရည်ရွယ်ချက်က အဲ့ဒီအချိန်မှာ နိုင်ငံရေးက အများကြီးနုနေသေးတာမို့ နိုင်ငံရေးအတွေ့အကြုံရှိတဲ့ လူကြီးတွေနဲ့ လက်တွဲလုပ်ပြီးတော့ နိုင်ငံရေးကို လေ့လာသင်ယူချင်တယ်။

အထူးသဖြင့် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို ယုံကြည်တယ်။ ပါတီရဲ့မူဝါဒတွေကိုလည်း သဘောကျတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုရွေးချယ်ပြီး အဖွဲ့ဝင်တစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့တယ်။ မကြာခင်မှာပဲ လူငယ်တစ်ယောက်ဖြစ်တဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရန်ကုန်တိုင်း) တာဝန်ခံဖြစ်လာပါတယ်။

အဲဒီလိုတာဝန်ထမ်းဆောင်နေရင်းနဲ့ပဲ ဂျူဗလီဟောမှာ ဒေါ်အောင်ဆန်းစုကြည် ပန်းခွေချအလေးပြုရင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ပထမဦးဆုံးတစ်ကြိမ် စတင်အဖမ်းခံရပါတယ်။

ဒုတိယအကြိမ် ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်အိမ်မှာပဲ ထပ်ပြီးအဖမ်းခံရတယ်။ ဒေါ်အောင်ဆန်းစုကြည်က ပုဒ်မ ၁၀(ခ)နဲ့ အိမ်အကျယ်ချုပ်ဖြစ်ပြီး ကျွန်တော်တို့က ၁၀ (က) နဲ့ အင်းစိန်ထောင်ကို အပို့ခံရတယ်။ သုံးနှစ် အထိန်းသိမ်းခံခဲ့ရတယ်။

ပြီးတော့ ကျောင်းပြန်တက်၊ ၈၈ ဖြစ်တဲ့အချိန်မှာ ဒုတိယနှစ်ကျောင်းသား၊ အဲဒီအချိန်မှာ မြန်မာ့လက်ရွေးစင် ဘော်လီဘော အားကစားသမားလည်းဖြစ်ပါတယ်။ ၈၈ ထောင်ကျပြီး ၁၉၉၂ ခုနှစ်မှာ လွတ်ပါတယ်။ ၉၂ ခုနှစ်မှာ ကျောင်းပြန်တက်ပါတယ်။ ၁၉၉၅ ခုနှစ် တက္ကသိုလ် ဖိုင်နယ်ဖြေဆိုပြီးပြီးချင်းပဲ နောက်တစ်ခါ ဝန်ကြီးချုပ်ဦးနု ဈာပနကိစ္စနဲ့ ဒုတိယအကြိမ် ထောင်ကျပါတယ်။ အဲဒါက နောက်ထပ်(၇)နှစ်ပေ့ါ။ ထောင်ကျပြီး ပြန်ထွက်လာတဲ့အချိန်မှာ အိမ်ထောင်ကျပြီး စီးပွားရေးလောကထဲ ရောက်သွားပါတယ်။

**မေး။ ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီးနောက်ပိုင်း တာဝန်ယူဆောင်ရွက်ခဲ့ရတဲ့ လုပ်ငန်းအခြေအနေတွေကို ရှင်းပြပေးပါ။**

ဖြေ။ ။ ၂၀၁၂ ခုနှစ်မှာ အဖွဲ့ချုပ်က ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တော့မှာဖြစ်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်ကူညီဖို့ ပါတီတာဝန်တွေကို ပြန်လည်ထမ်းဆောင်တယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာလည်း ဒေါ်အောင်ဆန်းစုကြည်က တာဝန်ပေးချက်ကြောင့် ကျွန်တော် ရေစကြို၊ မြိုင်၊ ပခုက္ကူ၊ ပုလဲ လေးမြို့နယ် အောင်နိုင်ရေးကို တာဝန်ယူခဲ့ပါတယ်။

၂၀၁၂ ခုနှစ် ရွေးကောက်ပွဲပြီးလို့ ပါတီညီလာခံကြီးလုပ်တဲ့အခါမှာ အင်းစိန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တစ်ယောက်ဖြစ်သလို ညီလာခံရဲ့ အရွေးချယ်ခံဖြစ်လာတယ်။ အဲဒီတာဝန်နဲ့ တစ်ပြိုင်နက်တည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ညီလာခံ ဒုတိယအကြိမ်ထပ်ကျင်းပမယ့် လူငယ်ညီလာခံရဲ့ ကောင်စီဥက္ကဋ္ဌအနေနဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။

လူငယ်ညီလာခံကြီး အောင်မြင်စွာပြီးစီးသွားတဲ့အခါ ရွေးကောက်ပွဲတွေစတင်ဖို့ပြင်ဆင်တဲ့အချိန်မှာ အမျိုးသားဒီမိုကရေစီပါတီအဖွဲ့ချုပ် ရွေးကောက်ပွဲ ဗဟိုအောင်နိုင်ရေးအတွင်းရေးမှူးတစ်ယောက်အနေနဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ပါဝင်ရွေးချယ်ခံခဲ့ပါတယ်။

အခုလက်ရှိ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သလို လွှတ်တော်ရဲ့ကော်မတီထဲမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အတွင်းရေးမှူးတစ်ယောက်လည်းဖြစ်ပါတယ်။ လွှတ်တော်ထဲမှာ ပါတီရဲ့တာဝန်တစ်ခုအနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆော်ဩရေးမှူးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ တာဝန်(၃)ရပ်ရှိပါတယ်။ တစ်ရပ်က ဥပဒေပြုရေး၊ ဒုတိယအချက် အပြန်အလှန်ထိန်းကျောင်းခြင်းမှာ ခက်မကြီး(၃)ခု၊ ဌာနကြီး (၃)ခုရှိတယ်။ အဲဒါတွေ အပြန်အလှန်ထိန်းကျောင်းတဲ့ တာဝန်။ တတိယအချက်က မဲဆန္ဒနယ်မြေကိုကိုယ်စားပြုရတယ်။ ကိုယ့်မဲဆန္ဒနယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လုပ်ရတယ်။ ဒါကိုယ်စားလှယ်တိုင်းရဲ့ တာဝန်ပါ။

ကော်မတီရဲ့အတွင်းရေးမှူးဖြစ်တယ်ဆိုရာမှာ ကော်မတီဆိုတာက လွှတ်တော်အသေးစားပဲ။ လွှတ်တော်ကြီးထဲမှာ နောက်ဆုံး ဆုံးဖြတ်ချက်မချမီ ကော်မတီတွေမှာ ဥပဒေပြုရေးလုပ်ငန်းတွေ အကျေအလည်ဆွေးနွေးရတဲ့အခန်းကဏ္ဍဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုတာ ခေါင်းစဉ်အလွန်ကြီးတဲ့အတွက် အလုပ်လည်း များပါတယ်။

ဆိုလိုတဲ့သဘောက အခုစိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမတို့ ပူးပေါင်းသွားပြီဖြစ်တဲ့အတွက် ဝန်ကြီးဌာနရဲ့ လုပ်ငန်းစဉ်တွေလိုက်ပြီး ထိန်းပေးရတာဖြစ်ပါတယ်။ ဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီး ခေတ်နဲ့မလျော်ညီတော့တဲ့ ဒီမိုကရေစီဈေးကွက်စီးပွားရေးနဲ့ မကိုက်ညီတော့တဲ့ ဥပဒေတွေကို ဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆွေးနွေးပွဲတွေလုပ်ပြီး ပြုပြင်သင့်၊ ပြုပြင်ထိုက်တဲ့ဥပဒေကို ကျွန်တော်တို့ပြင်ဆင်မှာဖြစ်ပါတယ်။

လွှတ်တော်ထဲမှာ ကျွန်တော်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ကိုယ်စားပြုပြီး ဝင်ရောက်ရွေးချယ်ခံခဲ့ကြရတာဖြစ်တဲ့အတွက် အားလုံးဟာ ပါတီကချမှတ်ထားတဲ့ မူဝါဒတွေနဲ့ တိမ်းချော်လို့မရပါဘူး။ လွှတ်တော်ထဲမှာ ဥပဒေတွေပြုတဲ့အခါ၊ မဲခွဲဆုံးဖြတ်တဲ့အခါ တစ်ပုံစံတည်းဖြစ်အောင် ကြိုးစားကြရတာဖြစ်ပါတယ်။

အရေးကြီးအဆိုကို တင်တဲ့အခါမှာ ဘယ်ဟာကိုထောက်ခံမယ်၊ ဘယ်ဟာကို ကန့်ကွက်မယ် အစရှိသဖြင့် ရှိသမျှကိစ္စအားလုံးကိုတော့ ကျွန်တော်တို့က တစ်ပုံစံတည်း ဆုံးဖြတ်တာမဟုတ်ဘူး။ အင်မတန်အရေးကြီးလာပြီဆိုတဲ့ကိစ္စကိုတော့ ဆုံးဖြတ်တယ်။ ဆုံးဖြတ်ပြီးတော့ ဒီပုံစံမဲပေးရမယ်၊ ဆုံးဖြတ်ရမယ်၊ ဒါကိုထောက်ခံမယ်၊ ဒါကိုကန့်ကွက်မယ် စသည်ဖြင့် ကျွန်တော်တို့အဖွဲ့ချုပ်ကိုယ်စားလှယ်တွေ တစ်ပုံစံတည်းဖြစ်အောင် ကြိုးစားရတာပါ။

သိပ်အရေးမကြီးတဲ့ ဥပဒေမျိုးတွေဆိုရင်တော့ လွတ်လွတ်လပ်လပ် ထောက်ခံခွင့်လည်းရှိတယ်၊ ကန့်ကွက်ခွင့်လည်းရှိတယ်၊ တကယ့်အရေးကြီးတဲ့ကိစ္စမျိုးတွေကိုတော့ ကျွန်တော်တို့အနေနဲ့ တစ်ပုံစံတည်းဖြစ်အောင် ကြိုးစားရတဲ့အပိုင်း ရှိတယ်။ ဒါကတော့ လွှတ်တော်ထဲကအပိုင်းပါ။

လွှတ်တော်ထဲမှာ ခွင့်ယူတဲ့ကိစ္စတွေ၊ အဖွဲ့ချုပ်နဲ့ပတ်သက်တဲ့ကိစ္စမျိုးတွေကို လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့ကနေပြီး အချိန်နဲ့တစ်ပြေးညီ ကျွန်တော်တို့နဲ့ ညှိနှိုင်းဆောင်ရွက်နိုင်အောင် ဆောင်ရွက်ပေးရတာဖြစ်တယ်။ အခုဆိုရင် ကျွန်တော်တို့က ပြင်ပမှာ တစ်စုတစ်ဝေးတည်းနေရတယ်။ တစ်စုတစ်ဝေးတည်းနေတဲ့အခါမှာ ကိုယ်စားလှယ်တွေရဲ့ သာရေး၊ နာရေး၊ လူမှုရေးကိစ္စအားလုံးကို တာဝန်ယူဖြေရှင်းပေးရတယ်။ သူတို့လိုတဲ့ အခက်အခဲတွေရှိရင် တာဝန်ခံတွေကနေတစ်ဆင့် ကျွန်တော်တို့ကို တင်ပြတယ်။ တာဝန်ခံတွေနဲ့ ရှင်းလို့ပြီးမယ့်ကိစ္စတွေဆိုရင် တာဝန်ခံတွေကနေ ရှင်းလိုက်တယ်။ တာဝန်ခံတွေရှင်းလို့ မပြီးနိုင်တဲ့ကိစ္စဆိုရင် ကျွန်တော်တို့ဆီကို တင်ပြရတယ်။

ကျွန်တော်တို့ ရှင်းနိုင်တဲ့ကိစ္စဆိုရင် ကျွန်တော်တို့ ရှင်းပေးလိုက်တယ်။ ကျွန်တော်တို့ ရှင်းလို့မှ မပြီးနိုင်တဲ့ကိစ္စဆိုရင် လွှတ်တော်ကိုယ်စားလှယ်မှာ ပါတီရဲ့ CEC ရှိတယ်။ သူတို့ကတစ်ဆင့်တင်ပြပြီးတော့ ဆင့်ကဲဆင့်ကဲ အသိပေးပြီးတော့ ဖြေရှင်းတာရှိပါတယ်။

**မေး။ ။ လက်ရှိလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရင်း မှတ်မှတ်ရရဖြစ်စရာ အဖြစ်အပျက်လေးတွေရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ ဒီစည်ပင်ဝင်းထဲမှာတော့ အထူးသဖြင့် အခုလောလောဆယ် အခက်အခဲဖြစ်နေတာကတော့ အသက်ကြီးတဲ့လူတွေပါလာတယ်။ အသက်ကြီးတဲ့လူတွေ ပါလာတဲ့အခါကျတော့ ရေအိမ်သုံးတဲ့အခါမှာ နည်းနည်းခက်ခဲတဲ့အခန်းတွေရှိတယ်။ နောက်ရာသီဥတုက အလွန်ပူပြင်းလာတယ်။ ဒီမှာတော့ ထွေထွေထူးထူး ပြဿနာကတော့ ဒီလောက်ပဲရှိပါတယ်။

အခြားပုဂ္ဂိုလ်ရေးပြဿနာတွေ ထွေထွေထူးထူးမရှိပါဘူး။ အများနဲ့သက်ဆိုင်တဲ့ ပြဿနာတွေလောက်ပဲရှိပါတယ်။ ဒါတွေကလည်း ကျွန်တော်တို့လူကြီးတွေကနေတစ်ဆင့် တင်ပြထားပြီးတော့ လာမဲ့ဘတ်ဂျက်ကျရင် ပြင်ဆင်ပေးနိုင်မယ်လို့ လူကြီးတွေ အကြံပြုထားတာရှိပါတယ်။ လွှတ်တော်ထဲမှာတော့ သမ္မတရွေးတဲ့ကိစ္စ၊ မကြာခင်က အခြေခံဥပဒေခုံရုံးအဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ်တို့ကို ကန့်ကွက်တဲ့ကိစ္စ၊ မဲခွဲဆုံးဖြတ်တဲ့ကိစ္စမျိုးတွေ ဒါလေးတွေကတော့ ကျွန်တော်တို့အတွက် အမှတ်တရလေးတွေပါ။

**မေး။ ။ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် ရည်ရွယ်ချက်ကို ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော်တို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မကြာခဏပြောပါတယ်။ တိုင်းပြည်ကတော့ ချမ်းသာတယ်။ လူတွေကတော့ ဆင်းရဲနေတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့လူငယ်တွေ အိပ်မက်တွေ ပျောက်နေကြတာ။

အဲ့ဒီတော့ အခု ကျွန်တော်တို့ အစိုးရသစ် ကျွန်တော်တို့တစ်တွေ လုပ်ခွင့်ရနေတဲ့အချိန်မှာ အထူးသဖြင့် ကျွန်တော်တို့ပြည်သူတွေရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ချင်တယ်။ အောင်မြင်မယ်လို့လည်း ယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဒေါ်အောင်ဆန်းစုကြည်လို ခေါင်းဆောင်မျိုးနဲ့ အင်မတန်နိုးကြားနေတဲ့ ပြည်သူတွေနဲ့ လက်တွဲညီညီ ရုန်းထွက်လိုက်မယ်ဆိုရင် ကျွန်တော်တို့ပြည်သူလူထုတွေရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

# ရန်ကုန်၌ ဘတ်စ်ကားစီးရေ ၇၅၀၀ ရှိသော်လည်း ၄၅၀၀ ခန့်သာ နေ့စဉ်ပြေးဆွဲ

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်မြို့ပေါ်တွင် ပြေးဆွဲလျက်ရှိသော မှတ်ပုံတင်ဘတ်စ်ကားစီးရေ ၇၅၀၀ ရှိသော်လည်း ၄၅၀၀ ခန့်သာ ပုံမှန် ပြေးဆွဲလျက်ရှိသည့်အတွက် ခရီးသည်ပို့ဆောင်ရေးတွင် လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

"ရန်ကုန်မြို့မှာ မှတ်ပုံတင်ထားတဲ့ ဘတ်စ်ကားစီးရေ ၇၅၀၀ ရှိပါတယ်။ ဒီအထဲမှာ နေ့စဉ်ပုံမှန်ပြေးဆွဲတဲ့ စီးရေက ၄၅၀၀ လောက်ပဲ ရှိပါတယ်။ ဒီလိုအခက်အခဲတွေ ရှိတဲ့အတွက် BRT လို ဝန်ဆောင်မှုကောင်းတဲ့ အများပိုင်ဘတ်ကားလိုင်းကို ထူထောင်ပြေးဆွဲရခြင်းဖြစ်ပါတယ်။ အခုဆိုရင် ခရီးသည်တွေက စပယ်ယာနဲ့ စကားမပြောရတဲ့အတွက် BRT ကို ကျေးဇူးတင်တယ်လို့ ပြောဆိုနေတာကို ပြန်ကြားနေရပါတယ်။ BRT ခရီးသည်ပို့ဆောင်ရေးကို ဒီထက်ပိုပြီးတော့ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဦးလှအောင်က ဧပြီ ၁ ရက်တွင် ထောက်ကြန့်၌ ပြုလုပ်သော BRT ဝန်ထမ်းများ တွေ့ဆုံပွဲအခမ်းအနားတွင် ပြောသည်။

ရန်ကုန်မြို့တွင် နေ့စဉ် ဘတ်ကားများဖြင့် ခရီးသည်ပို့ဆောင်မှုမှာ ပညာရှင်တို့၏ ခန့်မှန်းတွက်ချက်မှုအရ ၂ ဒသမ ၅ သန်းခန့်ရှိပြီး ရထားဖြင့်ခရီးသွားလာမှုမှာ လူဦးရေ ၇၅၀၀၀ မှ တစ်သိန်းခန့်ရှိကြောင်း သိရသည်။ ခရီးသည်အများစုမှာ ဘတ်စ်ကားကိုသာ အဓိကအားထားနေရဆဲဖြစ်သည်။

မထသ(ဗဟို) စာရင်းများအရ ရန်ကုန်မြို့ပေါ်တွင် ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းပေါင်း ၃၄၂ လိုင်းရှိကြောင်း သိရသည်။ ရန်ကုန်မြို့ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးရေးကြိုးပမ်းလျက်ရှိရာ ယာဉ်အိုယာဉ်ဟောင်းများနေရာတွင် ယာဉ်အသစ်များ ပြောင်းလဲပြေးဆွဲနိုင်ခဲ့ပြီး ယာဉ်အစား ဟိုင်းလပ်ယာဉ်များနေရာတွင်လည်း မီနီဘတ်စ်များဖြင့် အစားထိုးဆောင်ရွက်ခဲ့၍ ယခုအခါ ရန်ကုန်မြို့ ဘတ်စ်ကားခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှာ တိုးတက်လာလျက်ရှိသည်။ ယင်းကဲ့သို့ ရုပ်ပိုင်းဆိုင်ရာများ တိုးတက်လာခဲ့သော်လည်း ဘတ်စ်ကားယာဉ်လိုင်းများ၏ ယာဉ်နောက်လိုက် စပယ်ယာများနှင့် ခရီးသည်ဆက်ဆံရေး အဆင်မပြေမှုကြောင့် နှစ်စဉ်တိုင်ကြားမှုများ မြင့်တက်နေဆဲဖြစ်သည်။ မထသ (ဗဟို)၏ သတင်းအချက်အလက်များအရ ၂၀၁၃ ခုနှစ်တွင် တိုင်ကြားမှု ၃၃၁ မှု၊ ၂၀၁၄ ခုနှစ်တွင် တိုင်ကြားမှု ၂၄၈၅ မှု၊ ၂၀၁၅ ခုနှစ်တွင် တိုင်ကြားမှုပေါင်း ၂၀၁၀ ရှိပြီး မထသမှ ဖြေရှင်းဆောင်ရွက်ပေးနေရကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ဘတ်စ်ကားများ

## မြန်မာ့ရုပ်မြင်သံကြား

## News Channel

၃-၄-၂၀၁၆(တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၅ း ၃၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇ း ၃၅ - Business News
- ၈ း ၃၅ - အောင်မြင်သူနှင့်အတူ
- ၉ း ၃၅ - ခါသကြ်န်အဆိုအကများ
- ၁၀ း ၃၅ - ကဗျာရိပ်မြုံ "ရွှေဇယ်ပွဲ"
- ၁၁ း ၁၅ - ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
- ၁၁ း ၃၅ - ချစ်သောဤကမ္ဘာမြေ
- ၁၂ း ၃၅ - တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၂ း ၅၀ - ဖြူ/မဲ ရုပ်ရှင် "ချစ်သူကြင်သူမြတ်နိုးသူ" (ဝင်းဦး၊ မြင့်မြင့်ခင်၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-ဝင်းဦး)

**ညပိုင်း**

- ၁၅ း ၀၀ - **၂၀၁၄-၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
- Tasty Trip
- ဆိုကြမယ် ပျော်ကြမယ်

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**

# သင်္ကြန်နီးလာသဖြင့် ကုန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်

**နေပြည်တော် ဧပြီ ၂**

သင်္ကြန်ကာလ နီးလာသဖြင့် အခြေခံ စားကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် အခြား မီးဖိုချောင်သုံးပစ္စည်းများ လက်လီဈေးနှုန်းမြင့်တက်လာကြောင်း ကုန်စည်ဒိုင်များထံမှ သိရသည်။

"သင်္ကြန်နီးလာလို့ ဈေးနှုန်းမြင့်တက်လာပါတယ်။ ကုန်စည်ဒိုင်အသင်းတွေကတော့ ဈေးနှုန်းမြင့်မားမှုမရှိအောင် ထိန်းသိမ်းကြိုးကြပ်ပေးနေပါတယ်။ လက်ရှိမှာ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းက နေ့စဉ်ဈေးနှုန်းတွေ ထုတ်ပြန်ပေးနေပါတယ်။ ဒါပေမယ့် ဈေးကွက်မှာ အရောင်းအဝယ် အားကောင်းတဲ့အတွက် ဈေးနှုန်းအချို့ မြင့်တက်နေပါတယ်" ဟု ဘုရင့်နောင်ပွဲရုံတန်းမှ ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့်လက စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ ဝန်းကျင်သာရှိခဲ့သော်လည်း ယခုရက်များအတွင်း လက်ကားဈေးနှုန်း ငွေကျပ် ၁၈၀၀ ဝန်းကျင်အထိ အနည်းငယ် မြင့်တက်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် ထုတ်ပြန်ချက်အရ သိရပြီး ပြင်ပလက်ကားဈေးကွက်၌မူ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ အထိ အရောင်းအဝယ်ရှိကြောင်း သိရသည်။



သို့သော် မြေပဲဆီနှင့် နှမ်းဆီဈေးနှုန်းများမှာ ယခင်လဈေးနှုန်းများနှင့် တူညီမှုရှိပြီး ဈေးမတက်သော်လည်း ပြင်ပဈေးကွက်၌မူ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ အထိရှိပြီး ဘုရင့်နောင်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ အထိ မြင့်တက် ရောင်းချနေမှုကို မြင်တွေ့ရသည်။

ကြက်သွန်နီမှာလည်း ဆိပ်ဖြူအသစ် တစ်ပိဿာလျှင် ငွေကျပ် ၃၈၀ ဖြစ်ပြီး မြစ်သားအသစ် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀ အဖြစ် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ယနေ့ထုတ်ပြန်ထားသော်လည်း ပြင်ပဈေးကွက်၌မူ ဆိပ်ဖြူအသစ် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ နှင့် မြစ်သားအသစ် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ အထိ ရောင်းချနေမှုကို မြင်တွေ့ရသည်။

ယနေ့အတွက် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ထုတ်ပြန်ထားသည့် ဈေးနှုန်းများအရ ကြက်သွန်ဖြူကြူကုတ်ရှယ် တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀ ရှိပြီး လက်လီအရောင်းဆိုင်များ၌ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ အထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

သင်္ကြန်စာ မုန့်များအတွက် ထန်းလျက်နှင့် သကြားဝယ်ယူမှုမှာ အများဆုံးဖြစ်ပြီး သကြားမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၄၀ နှုန်းနှင့် ထန်းလျက်မှာ အမြင့်ဆုံး တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ မှ ၁၁၀၀ ကြားတွင် ရှိကြောင်း သိရသည်။

ဆန်ဈေးနှုန်းများ အနေဖြင့် ပေါ်ဆန်းဈေးကွက်မှာ ဈေးနှုန်းမြင့်တက်ခြင်းမရှိဘဲ နှွဆန်ကြမ်းဈေးမှာလည်း အကျဘက်သို့ ဦးတည်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က မတ် ၃၁ ရက်တွင် ထုတ်ပြန်ထားသော်လည်း လက်ကားဈေးကွက်၌မူ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

ယနေ့အရောင်းအဝယ် အဖြစ်ဆုံးမှာ ဖျာပုံပေါ်ဆန်း(သစ်)ဖြစ်ပြီး တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀ မှ အမြင့်ဆုံး ငွေကျပ် ၃၃၅၀၀ အထိ အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ဧည့်မထနှင့် ဇီယာ(သစ်)တို့မှာ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ မှ ၂၃၀၀၀ အထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။ ဆန်ကြမ်းနှွသီးရှယ်သစ်မှာမူ တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀ မှ ၁၉၀၀၀ အထိ ဈေးနှုန်းမြင့်တက် ရောင်းချနေကြကြောင်း သိရသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-မေဦးမိုး**

# သင်္ကြန်အတွင်း အထူးရထားများ ပြေးဆွဲမည်

**ရန်ကုန် ဧပြီ ၂**

ရထားစီးခရီးသည်များ အဆင်ပြေစေရေးအတွက် နှစ်စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသော သင်္ကြန်အထူးရထားတွဲဆိုင်းများကို သင်္ကြန်ကာလ၌ နေ့စဉ် သင်္ကြန်အထူးရထားခရီးစဉ်များဖြင့် ခရီးစဉ်အလိုက် ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ယနေ့ထုတ်ပြန်ထားသည်။

ဧပြီ ၉ ရက်တွင် ရန်ကုန် - မန္တလေးသင်္ကြန်အထူးရထားတစ်စင်း၊ ဧပြီ ၁၀ ရက်တွင် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထား တစ်စင်းနှင့် မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားတစ်စင်း၊ ဧပြီ ၁၁ ရက်တွင် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားတစ်စင်းနှင့် မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားတစ်စင်း၊ ဧပြီ ၁၂ ရက်တွင် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားတစ်စင်း၊ ဧပြီ ၁၇ ရက်တွင် မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားတစ်စင်းနှင့် ဧပြီ ၁၈ ရက်တွင် မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားတစ်စင်းတို့ ပြေးဆွဲမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်တွင် ရန်ကုန်မြို့၌ ရထားတွဲဆိုင်းများကို သိမ်းဆည်းမည်ဖြစ်ကာ ဧပြီ ၂၀ ရက်တွင် ရန်ကုန်-နေပြည်တော် ပြေးဆွဲမည့် သင်္ကြန်အထူးရထား(၁)(၂) ရထားတွဲဆိုင်း နှစ်ဆိုင်းကို ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ လက်ထောက်အထွေထွေမန်နေဂျာ (ပို့ဆောင်ရေး) ဦးကျော်စိုးလင်းက "ပြီးခဲ့တဲ့နှစ် ဧပြီ ၈ ရက်ကတော့ အစုအဖွဲ့လိုက်သွားတဲ့ သီးသန့်ခရီးသည်တွေဟာ အမှတ်(၅) အဆန်၊ (၃) အစုန်တို့မှာ များပြားခဲ့ပါတယ်။ အဲဒီတော့ ရထားစီးခရီးသည်တွေ လက်မှတ်အခက်အခဲ ဖြစ်ခဲ့ကြရပါတယ်။ ဒီနှစ်မှာလည်း အဲဒီလို သီးသန့်တွဲတွေကို ခရီးသည်တွေ တောင်းဆိုလာတာရှိပေမယ့် မြန်မာ့မီးရထားက ရထားတွဲဆိုင်းတွေဖြစ်တဲ့ အမှတ်(၅)အဆန်၊ (၃) အစုန်တို့ကို မပေးတော့ဘဲ နေပြည်တော်ကနေ RBE ရထားနှစ်စင်းကို ဧပြီ ၇ ရက်နဲ့ ၈ ရက်မှာ ပြေးဆွဲပေးမယ့် ရန်ကုန်-မန္တလေး ရထားခရီးစဉ်ဖြစ်တဲ့ သင်္ကြန်အထူးရထားခရီးစဉ်မှာ ပြေးဆွဲပေးမှာပါ။ သင်္ကြန်ကာလ ပြေးဆွဲပေးမယ့် ရိုးရိုးတန်းတွဲတွေမှာလည်း ခုံပြည့်သွားပြီဆိုရင် ရထားစီးခရီးသည်တွေ အဆင်ပြေစေဖို့အတွက် ခုံမဲ့တွေကို အမှတ်(၅) အဆန် အထက်တန်းတွဲကလွဲလို့ စီစဉ် ရောင်းချပေးသွားမှာပါ" ဟု ရှင်းပြခဲ့သည်။

ဧပြီ ၁၇ ရက်မှစတင်ကာ သင်္ကြန်ရထားတွဲဆိုင်းများအပါအဝင် ပုံမှန်ပြေးဆွဲပေးနေသည့် ရထားတွဲဆိုင်းများပါ ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်တွင် ရန်ကုန်-နေပြည်တော်ပြေးဆွဲမည့် သင်္ကြန်အထူးရထား(၁)(၂) ရထားတွဲဆိုင်းနှစ်ဆိုင်းကို ပြေးဆွဲပေးသွားမည့် စာရင်းအရ သင်္ကြန်အထူးရထား(၁)မှာ ရန်ကုန်ဘူတာကြီးမှ ည ၇ နာရီခွဲတွင် ထွက်ခွာပြေးဆွဲပေးသွားမည်ဖြစ်ကာ ဒုတိယအထူးရထား(၂)မှာ ည ၈ နာရီတွင် ပြေးဆွဲပေးသွားမည်ဖြစ်သည်။ ခရီးသည်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဘူတာများ အချိန်မီသိရှိစေရန်အတွက် ဘူတာများ၌ အသေးစိတ် ထုတ်ပြန်ပေးထားမည် ဖြစ်ကြောင်း မြန်မာ့မီးရထားက ယနေ့ထုတ်ပြန်ထားချက်အရ သိရသည်။

**တင်လှမောင်**



# သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးများ အလွဲအသုံးပြုခြင်းနှင့် ဆိုးကျိုးများ အသိပညာပေး

**ရန်ကုန် ဧပြီ ၂**

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးနှင့် အိမ်သုံးဆေးဝါးများကို မူးယစ်ဆေးဝါးအသွင် အလွဲအသုံးပြုခြင်း၏ အန္တရာယ် ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲကို မတ်လနောက်ဆုံးပတ်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲတွင် ရန်ကုန်မူးယစ်တပ်ဖွဲ့စု(၄၀)မှ ရဲအုပ်သူရထွန်းလတ်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများ၊ ယာဉ်အန္တရာယ်ဖြစ်ပွားခဲ့မှုဖြစ်စဉ်များ၊ ထိန်းချုပ်ဆေးဝါးများကို ရောင်းချခွင့်လိုင်စင်၊ သက်ဆိုင်ရာ ဆရာဝန်၏ ညွှန်ကြားချက်မပါဘဲ ရောင်းချမှုကြောင့် အရေးယူခဲ့ရသည့်ဖြစ်စဉ်များ၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုကြောင့် ဖမ်းဆီးရမိမှုဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဥပဒေ၏ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အမျိုးသားဆေးဝါးထိန်းချုပ်ရေးဥပဒေ၏ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ဖြစ်စဉ်များနှင့်ယှဉ်တွဲ၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# တောင်ငူသင်္ကြန် အထူးစည်ကားစွာ ကျင်းပမည်

**တောင်ငူ ဧပြီ ၂**

၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို တောင်ငူမြို့၌ ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ဧပြီ ၁ ရက် နံနက် ၁၀ နာရီက တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ယခုနှစ်တွင် ဗဟိုမဏ္ဍပ် **(ဝဲပုံ)** ကို တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်း ကေတုမတီမုခ်ဦးအနီး၌ ယခင်နှစ်များအတိုင်းထားရှိပြီး မြန်မာသံစဉ်များ၊ မြန်မာ့ရိုးရာ ယိမ်းအကများ၊ ဖျော်ဖြေပွဲများကို ရိုးရာမပျက် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ ရိုးရာသင်္ကြန်ပွဲဆင်နွှဲသူများ အေးချမ်းစွာနားနေနိုင်ရန် တောင်ငူကန်တော်ကြီးပန်းခြံကို ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း၊ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့အင်အား ၃၀၀ ခန့် ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# သီပေါမြို့ သန့်ရှင်းသာယာလှပရေး ပရဟိတလူငယ်များ စုပေါင်းအမှိုက်ကောက်

**သီပေါ ဧပြီ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် လူငယ်ပရဟိတလူမှုရေးအဖွဲ့ ဦးတင်မောင်စိုး ဦးဆောင်သော လူငယ်မောင်မယ် ၁၀၂ ဦးတို့သည် နွေရာသီကျောင်းပိတ်ရက်များအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မဟော်ဂနီလမ်း၊ မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းတစ်လျှောက်တို့တွင် မတ် ၃၁ ရက် နံနက်မှစတင်ကာ စုပေါင်းအမှိုက်ကောက်လုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(ယာပုံ)**

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့သန့်ရှင်းသာယာလှပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်လှိုင်နှင့် မြို့နယ်/ရပ်ကွက် တာဝန်ရှိသူများ ကြီးကြပ်၍ ကောက်ယူရရှိသည့် အမှိုက်သရိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းယာဉ်များဖြင့် မြို့ပြင်အမှိုက်စွန့်ရာသို့ သယ်ဆောင်ကာ မီးရှို့ဖျက်ဆီးကြသည်။

သီပေါမြို့နယ်သည် မန္တလေး၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့် ဒုဋ္ဌဝတီမြစ်ကမ်းနဖူးပေါ်တည်ရှိသည့် သာယာလှပသော မြို့ဖြစ်သည်နှင့်အညီ နေ့စဉ် ပြည်တွင်း၊ ပြည်ပ နိုင်ငံခြားခရီးသွားဧည့်သည်များ အဝင်အထွက်များရာဒေသဖြစ်၍ သဘာဝဂေဟစနစ် မပျက်ယွင်းစေရန် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ကျောက်ပန်းတောင်းမြို့နယ်တွင် လွှတ်ကျောင်းစနစ်ဖြင့် လွှတ်ထားသောနွားအချို့ ကူးစက်မြန်ထောင့်သန်းရောဂါဖြင့် သေဆုံး

**ကျောက်ပန်းတောင်း ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ဧပြီ ၁ ရက် နံနက်ပိုင်းက မြို့တွင်းသို့လွှတ်ကျောင်းစနစ်ဖြင့် လွှတ်ထားသော နွားအချို့ သေဆုံးမှုဖြစ်ပွားရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင် ဦးဖြိုးတင့်ခိုင်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဧပြီ ၁ ရက် နံနက် ၆ နာရီခန့်တွင် သီရိမင်္ဂလာရပ်ကွက် အုတ်ရေကန်အနီး၌ နွားမနှစ်ကောင်နှင့် နွားငယ်တစ်ကောင် သေဆုံးနေကြောင်း ရပ်ကွက်နေပြည်သူများ၏ သတင်းပေးချက်အရ သီရိမင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်း၊ အောင်မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟံလင်းနှင့်အတူ သွားရောက်ကြည့်ရှုပြီး သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများသို့ သတင်းပို့ခဲ့ကြောင်း သိရသည်။



ယင်းနောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးဖြိုးတင့်ခိုင်၊ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ဝင်းတို့ ရောက်ရှိခဲ့ပြီး နွားသေများ၏ သေဆုံးမှုအခြေအနေနှင့် သေဆုံးနေသည့်လက္ခဏာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

"နွားသေကို စစ်ဆေးကြည့်ရှုရတဲ့အခြေအနေကတော့ ကူးစက်မြန်ထောင့်သန်းရောဂါနဲ့ သေဆုံးကြတာလို့ပဲ ကောက်ချက်ချလို့ရပါတယ်။ နွားပိုင်ရှင်တွေကို ခေါ်ယူမေးမြန်းကြည့်တဲ့အခါမှာလည်း ဒီထောင့်သန်းရောဂါကာကွယ်ဆေး တစ်ကြိမ်မှ မထိုးဖူးခဲ့ဘူးလို့သိရပါတယ်။ ကူးစက်မြန်ရောဂါဖြစ်တဲ့အတွက် အဲဒီနွားသေတွေကိုလည်း နွားပိုင်ရှင်ကို အကျိုးအကြောင်း နားလည်အောင်ရှင်းပြပြီးတော့ စည်ပင်သာယာရဲ့ အကူအညီနဲ့ပဲ မြေမြှုပ်လိုက်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဌာနအနေနဲ့လည်း အဲဒီနွားပိုင်ရှင်နေတဲ့ ကွယ်ဝတောင်ရွာလေးရှိ နွားတွေကို ကာကွယ်ဆေးထိုးပေးပြီး အသိပညာပေးဟောပြောပွဲလေးတွေ လုပ်သွားဖို့ စီစဉ်နေပါတယ်"ဟု တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်းက ပြောသည်။

သေဆုံးသွားသော နွားသုံးကောင်မှာ သားဆယ်ကြိမ်ကျပြီး နွားမကြီးတစ်ကောင်(ယခုမျိုးခြောက်လခန့်ရှိ)၊ နှစ်လသားအရွယ် သားကျပြီးစ နွားမတမ်းတစ်ကောင်နှင့် နွားပိုက်ကလေးတစ်ကောင်ဖြစ်ကြောင်း သိရသည်။ နွားပိုင်ရှင်များမှာ အောင်မင်္ဂလာရပ်ကွက်အနီးမှ အိမ်ခြေ ၃၀ ခန့်ရှိသော ကွယ်ဝတောင်ကျေးရွာလေးမှဖြစ်ကြပြီး ယခင်က နွားခြောက်ကောင်ပိုင်ဆိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ နွားတွေကို နေပူလွန်းလို့ အိမ်မှာတင် တစ်နေကုန်ချည်ထားတာပါ။ ညနေ ခြောက်နာရီလောက်မှ လွှတ်လိုက်တာ၊ နောက်နေ့မနက်ရောက်တော့ နွားတွေသေနေလို့ လာကြည့်လှည့်ကြဦးခေါ်လို့ သိရတာပါ။ အရင်ကတော့ ထောင့်သန်းရောဂါကာကွယ်ဆေးလည်း တစ်ခါမှ မထိုးခဲ့ဖူးပါဘူး။ လွှတ်လိုက်တုန်းကလည်း နွားတွေအကုန်လုံး လန်းလန်းဆန်းဆန်းပါပဲ။ ဘာရောဂါလက္ခဏာမှ မပြပါဘူး။ သေမှသာ ဆရာဝန်က ထောင့်သန်းရောဂါနဲ့ သေတာလို့ ပြောလို့သိရတာ။ အိမ်တောင် ပြန်မယူရပါဘူး။ စည်ပင်ကားကြီးနဲ့ သယ်သွားပြီး သုသာန်မှာ မြေမြှုပ်လိုက်တာပါ။ နွားမကြီးက မျိုးခြောက်လလောက်ရှိနေပြီ။ အရင်လည်း ဆယ်သားကျပြီးသားပါ။ နွားမတမ်းကတော့ ပြီးခဲ့တဲ့နှစ်လကမှ တစ်သားကျထားတာ။ နွားထီးလေးကတော့ အငယ်လေးပါ"ဟု ကွယ်ဝတောင်ကျေးရွာလေးမှ နွားပိုင်ရှင် ဦးမြသန်းက ပြောသည်။

အဆိုပါ ကျေးရွာငယ်လေးတွင် နွားအကောင် ၂၀ ခန့်သာရှိပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထောင့်သန်းရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေ

**ချောင်းဆုံ ဧပြီ ၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဧပြီ ၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တော်ပွန်ကျေးရွာ၊ ခရိုက်ဒူးကျေးရွာ၊ ရေတွင်းကုန်းကျေးရွာနှင့် ဆယ်ပလာကျေးရွာတို့သို့ သောက်သုံးရေများဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အယ်နီညိုရာသီဥတုကြောင့် ကျေးရွာတချို့တွင် သောက်သုံးရေရှားပါးမှုများ ကြုံတွေ့နေရသည့်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရှားပါးသည့် ဒေသများဖြစ်သည့် ခရိုက်ဒူးကျေးရွာ၊ ဝယ်စုကနိကျေးရွာ၊ တော်ပွန်ကျေးရွာများကို မတ်လမှစပြီး ရေဂါလန် ၁၈၀၀ ကို ပေးဝေထားပြီးဖြစ်ကာ ယခုအခါ တော်ပွန်၊ ခရိုက်ဒူး၊ ရေတွင်းကုန်း၊ ဆယ်ပလာကျေးရွာများကို ဧပြီ ၁ ရက်က မြို့နယ် ကျေး/လက်ဌာနနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ ပူးပေါင်းပြီး ရေဂါလန် ၃၀၀၀ ကို ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်ကျေး/လက်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးလွင်ထံမှ သိရသည်။

ဆက်လက်ပြီး ရေရှားပါးသည့်ကျေးရွာများသို့ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ သောက်သုံးရေများရရှိရေးအတွက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ထူးအိမ်(ပြန်/ဆက်)**

# သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဧပြီ ၂**

အယ်နီညိုရာသီဥတုကြောင့် ကျေးလက်ဒေသများတွင် သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်လာပါက အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းလင်းနှင့်ရုံးအဖွဲ့သည် မတ်လနောက်ဆုံးပတ်က စီမော်ကျေးရွာအုပ်စု မိုးကင့်ကျေးရွာ၌ လက်ရှိရေသုံးစွဲနေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ရာ သောက်သုံးရေပြတ်လပ်မှု အခက်အခဲမရှိနိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျေးရွာများသို့ သောက်သုံးရေလှူ

**မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျေးရွာအချို့၌ သောက်သုံးရေ အခက်အခဲများရှိသဖြင့် ဦးအောင်သန်းနှင့် ဇနီး ဒေါ်ခင်သန်းဦး (ကံပွင့်-မိသားစု) က ရေသယ်ယာဉ်များနှင့် လှူဒါန်းလျက်ရှိရာ ဧပြီ ၂ ရက်က မြိဘအရှေ့ကျေးရွာ၌ ရေလှူဒါန်းပေးစဉ်။**

(အဆိုပါ အလှူရှင်သည် ဧပြီ ၃ ရက်တွင် တောင်ဦးကျေးရွာအတွက် ရေဂါလန် ၂၀၀၀ နှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းအတွက် ရေဂါလန်၂၀၀၀၊ ခံစပ်တောကျေးရွာအတွက် ရေဂါလန် ၂၀၀၀ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။)

**ဖေထွဏ်းဇော်(ရေစကြို)**



# ဆေးပညာသတင်းဆန်းများ (၁၃၀)

ဒေါက်တာကံညွန့်

ယခုဖော်ပြလိုတဲ့သတင်းကတော့ နှလုံးလေဖြတ်ရောဂါနဲ့ဆိုင်ပါတယ်။ Protein ဓာတ်တစ်မျိုးပါတဲ့ Collager Fibre နဲ့ ပြုလုပ်ထားတဲ့ အဖတ်ကလေးတစ်ခုကို နှလုံးလေဖြတ်ခံထားရသူရဲ့ နှလုံးထဲမှာ ထည့်ထားခြင်းဖြင့် ယင်းလေဖြတ်ခံရတဲ့ နှလုံးကြွက်သားတွေဟာ ပြန်လည်ရှင်သန်လာတာကို တွေ့ရတယ်ဆိုတဲ့သတင်းပါ။ ဒီစမ်းသပ်မှုကို Standford University က ဆေးပညာရှင်တွေ ပြုလုပ်ခဲ့တာဖြစ်ပြီး ဒီအကြောင်းကို The Nature Journal မှာ ဖော်ပြထားတာပါ။ သူတို့အပေါ် (FTL1) Follistatin Like 1 လို့ အမည်ပေးထားတဲ့ Protein တစ်မျိုးကို Collager Fibre အသွင် Patch ကလေးပြုလုပ်ပြီး ဓာတ်ခွဲခန်းကကြွက်နဲ့ဝက်ကောင်ငယ်တွေကို Myocardial Infart ရအောင် ပြုလုပ်ပြီး ဒီ Patch ကို ထည့်သွင်းစမ်းသပ်တဲ့အခါ နှစ်ပတ်လောက်အတွင်းမှာ ယင်းကြွက်နဲ့ဝက်တွေရဲ့ နှလုံးကြွက်သားတွေဟာ Regeneration ဖြစ်ပြီး ပကတိပြန်ကောင်းနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ သူတို့အဖွဲ့ဟာ ဆက်လက်စမ်းသပ်စရာရှိတာတွေကို ပြုလုပ်နေကြပြီး ၂၀၁၇ ခုနှစ်လောက်မှာ ဒါဟာ Myocardial Infart ခေါ် နှလုံးလေဖြတ်ရောဂါအတွက် ကုထုံးတစ်ခုဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားကြောင်း တင်ပြလိုက်ရပါတယ်။

**HIV ရောဂါစမ်းသပ်မှုကို Online က ခေါ်ယူ**

ဗြိတိန်နိုင်ငံဟာ ဆေးပညာလောကမှာထိပ်တန်းရောက်နေတဲ့နိုင်ငံတစ်ခုပါ။ ဒီလိုနိုင်ငံတစ်ခုရဲ့ AIDS ရောဂါနဲ့ပတ်သက်တဲ့ အစီရင်ခံစာတစ်စောင် ထွက်လာပါတယ်။ ဒါကတော့ PHE လို့ခေါ်တဲ့ Public Health England က ၂၀၁၅ ခုနှစ် နိုဝင်ဘာလက ထုတ်ဝေခဲ့တဲ့ အစီရင်ခံစာပါ။ ဗြိတိန်နိုင်ငံမှာ HIV ပိုးရှိပြီး နေထိုင်သူ ၁၀၃၇၀၀ ကျော် ရှိတယ်လို့ ဆိုပါတယ်။ နောက်ထပ်လူပေါင်း ၁၈၀၀၀ ကျော်ကတော့ HIV ပိုး ရှိနိုင်မယ်လို့ ခန့်မှန်းထားသူတွေ ဖြစ်တယ်လို့ ဆိုပါတယ်။ HIV ရောဂါရှိနေသူ ငါးဦးမှာ တစ်ဦးဟာ သူ့ကိုယ်သူ HIV ရှိမှန်းမသိဘူးလို့လည်း ဖော်ပြထားပါတယ်။ ဒီလူတွေဟာ တခြားလူတွေထဲကို HIV ရောဂါ မြန်မြန်ကူးစက်နိုင်တာကြောင့် အထူးသတိထားဖို့ လိုအပ်တယ်လို့ ဆိုပါတယ်။ လိင်တူချင်းဆက်ဆံမှုကြောင့် ကူးစက်တာကျဆင်းနေတယ်လို့ဆိုပေမယ့် အများပြည်သူတွေထဲမှာ HIV ကူးစက်ဖြစ်ပေါ်မှုကတော့ တိုးနေသေးတယ်လို့ဆိုပါတယ်။ အင်္ဂလန်နိုင်ငံဟာ HIV ရောဂါစမ်းသပ်မှုကို Online က ခေါ်ယူပြီး အခမဲ့စမ်းသပ်ပေးနေတဲ့ နိုင်ငံတစ်ခုဖြစ်ပေမယ့် လူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု ထင်သလောက်မရှိဘူးလို့ PHE အစီအရင်ခံစာမှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

**ကမ္ဘာ့အကြားအာရုံနေ့**

မတ်လ ၃ ရက်နေ့ဟာ ကမ္ဘာ့အကြားအာရုံနေ့ဖြစ်ပါတယ်။ ယခုနှစ် ဒီနေ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာချက်တစ်စောင် ထုတ်ဝေလိုက်ပါတယ်။ ယနေ့ကမ္ဘာမှာ အကြားအာရုံချို့တဲ့နေသူပေါင်း သန်း ၃၆၀ ခန့်ရှိတယ်။ ဒီအထဲမှာ ကလေးငယ်ပေါင်း ၃၂ သန်းပါဝင်တယ်။ အကြားအာရုံချို့ယွင်းနေသူအားလုံးရဲ့ ၆၀ ရာခိုင်နှုန်းဟာ ကြိုတင်ကာကွယ်လို့ရနိုင်တဲ့ အကြောင်းတွေကြောင့်ဖြစ်ရတယ်လို့ ဖော်ပြထားပါတယ်။ အကြားအာရုံချို့တဲ့ရတဲ့ အကြောင်းတွေထဲမှာ မျိုးရိုး(Genetic) ကြောင့် ၄၀ ရာခိုင်နှုန်း နားထဲကို ရောဂါပိုးဝင်တဲ့အတွက် ၃၀ ရာခိုင်နှုန်းနဲ့ ၅ ရာခိုင်နှုန်းကတော့ မွေးရာပါချို့ယွင်းချက်ကြောင့် ဖြစ်ရပြီး ကျန်တဲ့ ၂၅ ရာခိုင်နှုန်းကတော့ လူတွေရဲ့ကျန်းမာရေးဆိုင်ရာ ဗဟုသုတနည်းပါးနေမှုကြောင့် ဖြစ်ရတာလို့ ဆိုပါတယ်။ အများအားဖြင့်လမစေ့ဘဲ မွေးလာတဲ့ကလေး၊ ပေါင်ချိန်မပြည့်ဘဲ မွေးလာတဲ့ကလေး၊ အာဟာရချို့တဲ့မှုကူးစက်တတ်တဲ့ရောဂါတွေဖြစ်တဲ့ ဝက်သက်၊ ဂျိုက်သိုးစတဲ့ ရောဂါတွေဟာ အကြားအာရုံချို့တဲ့မှုကို ဖြစ်စေတာလို့ဆိုပါတယ်။ အကြားအာရုံချို့တဲ့နေတဲ့ကလေးတွေကိုလည်း လူ့အသိုင်းအဝိုင်းထဲဝင်ဆံ့နိုင်အောင် မိဘသို့မဟုတ် အုပ်ထိန်းသူတွေက ငယ်စဉ်ကပဲ နားကြပ်တပ်ဆင်ပေးခြင်း၊ အကြားအာရုံလေ့ကျင့်ပေးခြင်းတို့ ပြုလုပ်သင့်တယ်လို့ ထောက်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။


**အစာအိမ်ခွဲစိတ်ကုသမှု**

ယခင်ဆေးပညာ သတင်းဆန်းဆောင်းပါးတွေမှာ အဝလွန်သူတွေအတွက် အစာအိမ်ခွဲစိတ်ကုသမှုဟာ အရေးပါကြောင်း တင်ပြခဲ့ပြီးပါပြီ။ ဒီ Metabolic Surgery ခေါ်တဲ့ခွဲစိတ်မှုဟာ ယခုအခါ အဝလွန်သူတွေအပြင် ဆီးချိုရောဂါပြင်းထန်စွာ ခံစားနေရသူတွေ အတွက်ပါ ထိရောက်တဲ့ကုသမှုတစ်ခုဖြစ်နေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို ၂၀၁၄ ခုနှစ်ကစပြီး လေ့လာထားတဲ့ တွေ့ရှိချက်ကို New England Journal of Medicine မှာ ဖော်ပြထားတာပါ။ Insulin ထိုးဆေးနှင့် တခြားဆီးချိုရောဂါ ဆေးတွေကို မှီခိုနေရတဲ့ ဆီးချိုဝေဒနာရှင်တွေဟာ ဒီကုထုံးကြောင့် Insulin ထိုးဆေးကို မှီခိုနေရတဲ့ အခြေအနေကပင် လွတ်မြောက်နိုင်တယ်လို့ ဆိုပါတယ်။ သူတို့ရဲ့ လေ့လာချက်ကို Surgical Treatment and Medication Potentially Eradicate Diabetes Efficiently (STAMPEDE) trial လို့ အမည်ပေးထားပါတယ်။ ဒီ Metabolic Surgery ဟာ Key Hole Surgery နည်းနဲ့ ပြုလုပ်နိုင်ပြီး Gastric Bypass နည်းနဲ့ Steep Gastrectory (အစာအိမ်ကို ကျဉ်းသွားအောင်) လုပ်တဲ့နည်းတို့ ပါဝင်ပါတယ်။ ဒီကုသမှုကြောင့် အမှတ်(၂) ဆီးချိုဝေဒနာရှင်အချို့မှာ နောက်ဆက်တွဲဖြစ်ပေါ်တတ်တဲ့ မျက်စိကွယ်ခြင်း၊ ဦးနှောက်ဆဲလ်ပျက်စီးခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ကပါလွတ်မြောက်နိုင်ကြောင်း ယင်းလေ့လာထားချက်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

ယခင် ဆေးပညာသတင်းဆန်းတစ်ပုဒ်မှာ River Blindess ခေါ် parasite တစ်မျိုးကြောင့်ဖြစ်တဲ့ မျက်စိရောဂါမှာ အသုံးပြုတဲ့ Ivermectin ဆိုတဲ့ ဆေးဟာ ကုရခက်တဲ့ Triple Negative အမျိုးအစား ရင်သားကင်ဆာမှာ ကုသနိုင်တယ်ဆိုတဲ့သတင်း ဖော်ပြခဲ့ပြီးပါပြီ။ ယခုဒီဆေးဟာ ကလေးသူငယ်တွေမှာဖြစ်တဲ့ ငှက်ဖျားရောဂါမှာလည်း ကုသနိုင်တဲ့ဆေးတစ်ခုဖြစ်နေတာကို ထပ်မံတွေ့ရှိရတယ်ဆိုတဲ့သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ West Africa က Burkina Faso နိုင်ငံမှာ သွားရောက်ဆေးကုသပေးနေကြတဲ့ American Society of Tropical Medicine and Hygiene အဖွဲ့က ဆရာဝန်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ယင်းနိုင်ငံက ငှက်ဖျားအဖြစ်များတဲ့ ရွာရှစ်ရွာက ကလေးတွေကို စမ်းသပ်ရင်းတွေ့ရှိခဲ့ရတာဖြစ်ပါတယ်။ ဒီနိုင်ငံမှာ River Blindness ရောဂါဖြစ်တဲ့ဒေသလည်း ဖြစ်တဲ့အတွက် အဆိုပါရောဂါမဖြစ်အောင် ကလေးတွေကို ယင်းဆေးတိုက်ကျွေးထားပြီး ငှက်ဖျားရောဂါဖြစ်နိုင်ခြေကို လေ့လာခဲ့ကြတာဖြစ်တယ်။ Burkina Faso နိုင်ငံလေးဟာ ငှက်ဖျားရောဂါလည်းအဖြစ်များပြီး တိုင်းပြည်လူဦးရေရဲ့ ၈၉ ရာခိုင်နှုန်းဟာ ငှက်ဖျားရောဂါကူးစက်ခံနေရတဲ့ နိုင်ငံဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**မိဘဆေးလိပ်ငွေ့နှင့် သားသမီးသွားပိုးစားရောဂါ**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆေးလိပ်သောက်ခြင်းနဲ့ ဆိုင်ပါတယ်။ နေအိမ်မှာ မိဘ သို့မဟုတ် တစ်ဦးဦးက ဆေးလိပ်သောက်နေပြီး ဒီဆေးလိပ်ငွေ့ကို ရှူရှိုက်နေရတဲ့ ကလေးများဟာ သုံးနှစ်အရွယ်လောက်မှာ သွားပိုးစားရောဂါဖြစ်ပြီး သွားမှာအပေါက်ဖြစ်ခြင်း (Tooth Cavity) ဖြစ်ဖို့ သာမန်ဆေးလိပ်ငွေ့ မရှူရတဲ့ကလေးထက် အခွင့်အလမ်းပိုများတယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ ဂျပန်နိုင်ငံ Kyoto University မှ သွားရောဂါဆရာဝန်တွေရဲ့ လေ့လာထားချက်ကို British Medical Journal မှာ ဖော်ပြထားတာဖြစ်ပါတယ်။ အခုလို Second Hand Smoker နဲ့ Tooth Cavity ဆက်စပ်မှုရှိတာကို American Dental Association က ပြောရေးဆိုခွင့်ရှိသူ Boston University က Paediatric Dental Sugeon Dr .Jonathan ကလည်း ထောက်ခံလိုက်ပါတယ်။ ဒါဟာ လူကြီးဆေးလိပ်သောက်ခြင်းဟာ ကလေးတွေမှာပါ ဘယ်လိုဆိုးကျိုးသက်ရောက်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်အသစ်ဖြစ်လို့ သတိထားနိုင်ကြရအောင် တင်ပြလိုက်ရပါတယ်။



**အဝလွန်သူတွေအပြင် ဆီးချိုရောဂါပြင်းထန်စွာ ခံစားနေရသူတွေ အတွက်ပါ ထိရောက်တဲ့ကုသမှု Metabolic Surgery**

**နေအိမ်မှာ မိဘ သို့မဟုတ် တစ်ဦးဦးက ဆေးလိပ်သောက်နေပြီး ဒီဆေးလိပ်ငွေ့ကို ရှူရှိုက်နေရတဲ့ ကလေးများဟာ သုံးနှစ်အရွယ်လောက်မှာ သွားပိုးစားရောဂါဖြစ်ပြီး သွားမှာအပေါက်ဖြစ်ခြင်း (Tooth Cavity) ဖြစ်ဖို့ သာမန် ဆေးလိပ်ငွေ့မရှူရတဲ့ ကလေးထက် အခွင့်အလမ်းပိုများ**

# ကမ္ဘာ့အော်တစ်ဇင် အထိမ်းအမှတ်နေ့ မန္တလေး၌ ကျင်းပ

**မန္တလေး ဧပြီ ၂**

မြန်မာအော်တစ်ဇင်အသင်း (မန္တလေး) မှ ဦးဆောင်၍ ကမ္ဘာ့အော်တစ်ဇင် အထိမ်းအမှတ် (World Autism Awareness Day)အဖြစ် ဧပြီ ၂ ရက် ၉ နာရီက ၂၆ လမ်း၊ ၇၅ လမ်း YMCAခန်းမ၌ ပထမဆုံး ကျင်းပခဲ့သည်ဟု သိရသည်။

အော်တစ်ဇင်ခံစားရသူ ကလေးများနှင့် ၎င်းတို့မိဘများ ပူးပေါင်းပါဝင်၍ နံနက် ၇ နာရီခွဲက ၂၆ လမ်း၊ ၇၂ လမ်းမှ ၇၅ လမ်းထိ လမ်းလျှောက်ခဲ့ကြသည်။

အော်တစ်ဇင်သည် လူမျိုးမရွေး၊ တိုင်းပြည်မရွေး၊ ကျားမမရွေး၊ ဆင်းရဲချမ်းသာမရွေး အဆင့်အတန်းမရွေး ဖြစ်နိုင်ပြီး ကမ္ဘာပေါ်တွင် ကလေး ၆၈ ဦး မွေးဖွားလျှင် တစ်ဦးနှုန်း ဖြစ်ပွားနေကြောင်း၊ ကမ္ဘာပေါ်တွင် ဖြစ်ပွားသူပေါင်း ၆၇ သန်း နီးပါး ရှိနေပြီး တဖြည်းဖြည်းတိုးပွားလာနေခြင်းကြောင့် World Autism Awareness Day သတ်မှတ်ခဲ့ကြောင်း သိရသည်။



အော်တစ်ဇင်တွင် အပြင်းစား၊ အလတ်စား၊ အပျော့စားသုံးမျိုးရှိပြီး ကလေးအသက် နှစ်နှစ်ကျော် သုံးနှစ်အရွယ်တွင် အော်တစ်ဇင်လက္ခဏာကို တွေ့ရသော်လည်း လသားအရွယ်တွင် သတိထားကြည့်ရှုပါက စောစီးစွာသိရှိနိုင်ကြောင်း၊ သုံးလအရွယ်တွင် ချော့မြူခြင်းကို တုံ့ပြန်မှုမရှိဘဲ လှုပ်ရှားမှုများကို လိုက်မကြည့်ခြင်း၊ ခုနစ်လအရွယ်တွင် အသံထွက်၍ မရယ်ခြင်းနှင့် ဘူးမမှုတ်ခြင်း၊ ၁၂ လသားအရွယ်တွင် စကားနှစ်လုံးပါဝါကျကို မပြောနိုင်သေးခြင်း အမူအရာတို့မှတစ်ဆင့်သိနိုင်ပြီး ငယ်ရွယ်စဉ်အချိန်က လေ့ကျင့်ပေးပါက ဉာဏ်ရည်ဖွံ့ဖြိုးမှု တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပခုက္ကူမြို့၌ သင်္ကြန်ပွဲတော်ကာလအတွင်း ရထားခရီးစဉ်များ ခေတ္တရပ်နားသွားမည်

**ပခုက္ကူ ဧပြီ ၂**

မကြာမီရောက်ရှိတော့မည့် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပခုက္ကူမြို့၌ ရထားခရီးစဉ်များ ခေတ္တရပ်နားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အမြန်ရထားဖြစ်သည့် ရန်ကုန်- ပုဂံ-ပခုက္ကူလမ်းပိုင်းပြေးဆွဲသော အမှတ်(၆၁) အဆန်၊ (၆၂) အစုန်ရထား၊ RBE ရထားများဖြစ်သည့် နေပြည်တော်-ပခုက္ကူလမ်းပိုင်း ပြေးဆွဲသော အမှတ်(၁၀၇) အဆန်၊ (၁၀၈)အစုန်ရထား၊ ပခုက္ကူ-ကျွန်းချောင်း-ပခုက္ကူလမ်းပိုင်းပြေးဆွဲသော အမှတ်(၁၂၇)၊ (၁၂၈)အစုန်ရထား၊ ပခုက္ကူ- ဆိပ်ဖြူ-ပခုက္ကူလမ်းပိုင်း ပြေးဆွဲသော ဆိပ်ဖြူ(၁) အဆန်၊ ဆိပ်ဖြူ(၂)အစုန်ရထားတို့ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ လူစီးရထားခရီးစဉ်ပြေးဆွဲမှုကို ခေတ္တရပ်နားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

## စာပေမြင့်မှ လူမျိုးတင့်မည်



## နတ်သမီးအိပ်မက်နှင့် အခြားဝတ္ထုတိုများ



လဝန်းလဲ့ပြာ(ကည္ဝတ်ကွင်း)၏ နတ်သမီးအိပ်မက်နှင့် အခြားဝတ္ထုတိုများစာအုပ်ကို ကျားချောင်းစာပေမှ ဖြန့်ချိလိုက်ပြီဖြစ်သည်။ ဝတ္ထုတိုင်းတွင် သင်ခန်းစာယူဖွယ်ရာဖြစ်ရပ်တစ်ခုစီ ထည့်သွင်းထားသည်။ "ဇာခန်းဆီးနောက်ကွယ်တစ်နေရာ" တွင် ဘုရားဒကာ၊ ကျောင်းဒကာ အမည်ခံဝေါပက လူကြီးတစ်ဦးသည် ကာမေသု မိစ္ဆာစာရကံကြောင့် တိရစ္ဆာန်ဘဝသို့ ရောက်ရှိခဲ့ရပုံ၊ "ကံတရား၏ပဥ္စလက်"တွင် ကင်ဆာဝေဒနာဖြင့် သေမိန့်ချခံထားရပြီး ဖြစ်သော်လည်း ရနိုင်သမျှ အချိန်အတွင်း တရားအားထုတ်ခဲ့ရာမှ ဘုရားဆေး၊ တရားဆေးဖြင့် ဝေဒနာကိုကျော်ဖြတ်အောင်မြင်လာခဲ့သည့် အမျိုးသမီးကြီးတစ်ဦး၊ "ပေးဆပ်လေသောအခါ" တွင် ဘဝဟောင်းကအကြွေးကို တိရစ္ဆာန်ဘဝတွင် ခန္ဓာဖြင့် ဆပ်ခဲ့ရသူအကြောင်းနှင့် "ပြောင်" တွင် အလှူဒါနထက် ဂုဏ်ပကာသနကို ရှေ့တန်းတင်ကြသူအချို့၏ စရိုက်ကြောင့် ဒုက္ခတွေ့ရပုံများကို သံဝေဂယူဖွယ် သရုပ်ဖော်ထားသည်။ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြစ်သည်။

## လိုရင်းတိုရှင်း အင်္ဂလိပ်-မြန်မာ အဘိဓာန်ထုတ်ဝေ




ဆရာမောင်မောင်အေး ရေးသားပြုစုသည့် လိုရင်းတိုရှင်းအင်္ဂလိပ်-မြန်မာအဘိဓာန်စာအုပ်တွင် အသစ်အသစ်ပေါ်လာသည့် သတင်းမီဒီယာနှင့် လူမှုနယ်ပယ်အတွင်းမှ ဝေါဟာရအသစ်များကို အချိန်နှင့်တစ်ပြေးညီ စုစည်းပြုစုထားသည်။

လုံးချင်းဝေါဟာရများအပြင် တွဲဖက်တွေ့ရ ကြားရသည့်စကားလုံးတွဲများကိုပါ ဖွင့်ဆိုပေးထားသည့်အတွက် လက်ဝယ်ဆောင်ထားသင့်သည့် အိတ်ဆောင်အဘိဓာန်တစ်အုပ်ဖြစ်စေရမည်ဟု ပြုစုသူ ဆရာမောင်မောင်အေးက ညွှန်းထားသည်။ မိတ်ကောင်းဖော်မွန်စာပေ အမှတ်(၆၁)၊ ၄၄လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၁၀၆၂၁၆၈၁၊ ၀၉-၇၃၀၅၂၄၉၀မှ ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်သည်။

## ကမ္ဘာကြီးကိုချစ်ပါ၊ ကမ္ဘာကြီးကိုတန်ဖိုးထားပါနှင့် အခြားဆောင်းပါးများ




သတင်းစာဆရာ ခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်) ရေးသားသည့် ကမ္ဘာကြီးကိုချစ်ပါ၊ ကမ္ဘာကြီးကို တန်ဖိုးထားပါနှင့် အခြားဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။ လူသားတို့၏ စည်းကမ်းမဲ့မှု၊ သဘာဝပတ်ဝန်းကျင်အပေါ် လျစ်လျူရှုမှုကြောင့် ကမ္ဘာ့မြေထု၊ ရေထုနှင့် သဘာဝတောတောင်များတိမ်မြုပ်ပျောက်ကွယ်လာနိုင်ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံးပျောက်ကွယ်သွားမည့်အန္တရာယ်ကို တင်ပြထားပုံမှာ ကြောက်ခမန်းလိလိ သတိပြုဆင်ခြင်ဖွယ်ဖြစ်သည်။ အမျိုးသမီးများအတွက် အဆင်တန်ဆာသဖွယ် ဂုဏ်သတ္တိထူးသည့် နန္ဒင်း၊ ကိုယ်တွင်းကိုယ်ပရောဂါများအတွက် ဆေးစွမ်းထက်မြက်သည့် ပျားရည်အကြောင်း၊ ကယန်းလှပျိုဖြူများ၏ စိတ်ဝင်စားဖွယ်ရာ အသက်အရွယ်အလိုက် ကြေးကွင်းဝတ်ဆင်သည့် ဓလေ့များနှင့် အခြားသောသိမှတ်ဖွယ်ရာ ဗဟုသုတမျိုးစုံပေးစွမ်းမည့် စာအုပ်ကောင်းဖြစ်သည်။ တန်ဖိုးငွေ ၂၅၀၀ ကျပ်ဖြင့် မြတ်နှင်းဆီစာပေမှ ထုတ်ဝေသည်။

## ကင်းထောက်မောင်မယ်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ပဲခူး ဧပြီ ၂**

ပဲခူးမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မြို့တွင်းအနောက်(ခ)တွင် ဧပြီ ၁ ရက် ညနေ ၃နာရီက ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကင်းထောက်မောင်မယ်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူ ကင်းထောက်မောင်မယ်များက အစဉ်အသင့် သီချင်းဖြင့် သီဆိုဖျော်ဖြေကာ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။




ယင်းသင်တန်းကို မတ် ၂၄ ရက်မှ ဧပြီ ၁ ရက်အထိ ဖွင့်လှစ်ပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) မြို့တွင်း အနောက်(ခ)မှ သင်တန်းသား သင်တန်းသူ ကင်းထောက်မောင်မယ် ၃၉ ဦး တက်ရောက်ကာ ကိုယ်ကာယကြံ့ခိုင်မှုအတွက် အားကစားနှင့် ကာယဘာသာရပ်၊ စိတ်ဓာတ်၊ စည်းကမ်း စာရိတ္တကောင်းမွန်ရေးအတွက် မြန်မာ့ထုံးဓလေ့ယဉ်ကျေးမှု ကြိုးချည်နည်းများ၊ တဲထိုးနည်းများ၊ သဘာဝပတ်ဝန်းကျင် တောတောင်ရေမြေကို လက်တွေ့စူးစမ်းလေ့လာရန် တောစခန်းချ ခရီးထွက်ခြင်းစသည်များ သင်ကြားပို့ချကြသည်။

ပဲခူးမြို့နယ် အခြေခံပညာကျောင်းများဖြစ်သော အထက (၆)၊ အထက(၃)၊ အထက အင်းတကော်နှင့် အထက(ခွဲ) ၂ မြို့တွင်းအနောက်(ခ)တို့တွင် ကင်းထောက်ကြွေးကြော်သံများဖြစ်သော ကောင်းမှုတစ်ခုနေ့စဉ်ပြုဆိုသည့်စာသားအတိုင်း နေ့စဉ်မိမိတို့အတွက်၊ မိမိအတန်းအတွက်၊ မိမိကျောင်းအတွက်၊ မိမိတိုင်းပြည်အတွက် ကောင်းမှုတစ်ခုကိုနေ့စဉ်ဆောင်ရွက်ကြရန် ကင်းထောက်မောင်မယ်များ ဖွဲ့စည်းထားကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## တရားမဝင်သစ်စက်အား ထိန်းသိမ်းတားမြစ်နိုင်ခဲ့



**အင်းတော် ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မံမှော်ကြီးဝိုင်းအတွင်း တရားမဝင်လုပ်ကိုင်နေသော သစ်စက်အား သစ်တောဦးစီးဌာနမှ မတ် ၂၉ နှင့် ၃၀ ရက်များက ဧရိယာ ၅၁၀၈၃ ဧကတွင် ထိန်းသိမ်းတားမြစ်နိုင်ခဲ့ကြောင်း သိရသည်။

သစ်တောဥပဒေ နည်းဥပဒေ တောရိုင်းတိရစ္ဆာန် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်များ ထိန်းသိမ်းရေးဥပဒေ သတ်မှတ်ပြဋ္ဌာန်းချက်များ နှင့်အညီ သစ်တောများတွင် တရားမဝင် လုပ်ကိုင်နေမှုကို တားမြစ်ကာကွယ်နိုင်ရေးအတွက် ကသာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင်ဦးစီး၍ အင်းတော်မြို့နယ် သစ်တောဦးစီးမှူး ဦးခိုင်မွန်နှင့် သစ်တောဝန်ထမ်းအဖွဲ့များ၊ ဒေသခံများနှင့် နယ်မြေစိုးမိုးရေးကွင်းဆင်းစစ်ဆေးရာ မံမှော်ကြီးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ်ခွဲသားဆိုက်စုံ ၂၉၄ ချောင်း၊ ၄ ဒသမ ၈၈၂ တန် ကျွန်းသစ်လုံး ၂၉ လုံး၊ ၁၁ ဒသမ ၀၆၆ တန် တမလန်းသစ် ၁၃ တုံး ၁ ဒသမ ၀၂၆ တန်၊ ဂျင်ဒေါင်း အမျိုးစားအင်ဂျင် ၂၅ ကောင်တစ်လုံး၊ Wilin အမျိုးအစားအင်ဂျင် ၂၅ ကောင်တစ်လုံး၊ ရှပ်တန်တစ်လုံး၊ ဟန်းဆက်နှစ်လုံး သစ်စက်တစ်ခုတွေ့ရှိ၍ ထိန်းသိမ်းနိုင်ခဲ့ကြောင်း အင်းတော်သစ်တောဦးစီးဌာနမှ သိရသည်။

**ငွေအိုး(ကသာ)**

## ဆိတ်သေတစ်ကောင်ကို ချက်ပြုတ်စားသောက်ခဲ့သော အမျိုးသားတစ်ဦး အနာများပေါက်၍သေဆုံး

**ပခုက္ကူ ဧပြီ ၂**

ပခုက္ကူမြို့နယ် ရှင်မကန်ကျေးရွာနေ အမျိုးသားတစ်ဦးသည် ဆိတ်သေတစ်ကောင်ကို ကိုယ်တိုင်လှီးဖြတ် ချက်ပြုတ်စားသောက်ခဲ့ရာမှ အနာများပေါက်၍ဖျားနာကာ သေဆုံးခဲ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၁ ရက် ညနေ ၆ နာရီက ပခုက္ကူဆေးရုံကြီးတွင် သတင်းအရ ကမ္မ နယ်မြေရဲစခန်းမှ ဒုရဲအုပ်တိုးနိုင်အောင် သွားရောက် စစ်ဆေးခဲ့ရာ ပခုက္ကူမြို့နယ် ရှင်မကန်ရွာနေ ဦးအောင်မင်း (၃၂နှစ်)သည် မတ် ၂၉ ရက်တွင် နေအိမ်၌ မွေးမြူထားသည့် ဆိတ်လေးကောင်မှ ဆိတ်တစ်ကောင် သေသွားသဖြင့် ကိုယ်တိုင်လှီးဖြတ်၍ ချက်ပြုတ်စားသောက်ခဲ့ပြီး မတ် ၃၀ ရက်တွင် လက်ဆစ်များ၌ အနာများပေါက်နေကာ ဖျားနာခဲ့သည်။ မတ် ၃၁ ရက် နံနက် ၁၁ နာရီခန့်တွင် နေအိမ်အောက်၌ ရုတ်တရက် မူးလဲကျသွား၍ ယင်းနေ့ညနေ ၅ နာရီက ပခုက္ကူဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၂၀ တွင် သေဆုံးသွားကြောင်း၊ ၎င်း၏လက်ဆစ်များတွင် အနာများတွေ့ရှိရပြီး ဒုရဲအုပ်တိုးနိုင်အောင်က တရားလိုပြုလုပ်တိုင်တန်း၍ ပခုက္ကူ မြို့နယ် ကမ္မနယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

ကမ္မနယ်မြေပတ်ဝန်းကျင် ကျေးရွာတချို့မှာလည်း အဆိုပါဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့ကြောင်း ကမ္မနယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးသန့်စိန်က ပြောသည်။

**ကျော်ဇေယျ**

## မြန်မာ့ပင်လယ်ပြင်ကမ်းလွန် ရေနံရှာဖွေတူးဖော်ရေး တိုင်းတာမှုလုပ်ငန်းများဆောင်ရွက်မည်

**နေပြည်တော် ဧပြီ ၂**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Woodside Energy Myanmar Co.,Ltd သည် မြန်မာ့ပင်လယ်ပြင် ကမ်းလွန်လုပ်ကွက် AD- 5 နှင့် A-7 တို့တွင် 2D Seismic Survey လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို M/V Dong Fang Kan Tan-1 (DFKT-1)(Call Sing.BFEJ) ဖြင့် မတ် ၃၀ ရက်မှ မေ ၂၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် ကြန့်ကြာမှု မဖြစ်ပေါ်စေရေး လုပ်ငန်းဆောင်ရွက်မည့် ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

2D Seismic Survey တိုင်းတာဆောင်ရွက်မည့် ဧရိယာလုပ်ကွက်များမှာ ပွိုင့် ၁ မြောက်လတ္တီကျူ ၁၆ ဒီဂရီ ၄၉ မိနစ် ၃၈ ဒသမ ၄၇၃ စက္ကန့်မှ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၀၂ မိနစ် ၄ ဒသမ ၇၀၃ စက္ကန့်၊ ပွိုင့် ၂၊ မြောက်လတ္တီကျူ ၁၆ ဒီဂရီ ၄၉ မိနစ် ၃၅ ဒသမ၂၄၄ စက္ကန့်မှ အရှေ့လောင်ဂျီကျူ ၉၄ ဒီဂရီ ၀၈ မိနစ် ၂၅ ဒသမ ၄၅၇ စက္ကန့်၊ ပွိုင့် ၃၊ မြောက်လတ္တီကျူ ၁၆ ဒီဂရီ ၄၁ မိနစ် ၀၅ ဒသမ ၉၁၂ စက္ကန့်မှ အရှေ့လောင်ဂျီကျူ ၉၄ ဒီဂရီ ၁၂ မိနစ် ၁၉ ဒသမ ၈၇၆ စက္ကန့်၊ ပွိုင့် ၄၊ မြောက်လတ္တီကျူ ၁၆ ဒီဂရီ ၀၀ မိနစ် ၁၈ ဒသမ ၈၈၃ စက္ကန့်မှ အရှေ့လောင်ဂျီကျူ ၉၄ ဒီဂရီ ၀၅ မိနစ် ၃၀ ဒသမ ၅ စက္ကန့်၊ ပွိုင့် ၅၊ မြောက်လတ္တီကျူ ၁၅ ဒီဂရီ ၄၂ မိနစ် ၂၈ ဒသမ ၉၄၇ စက္ကန့်မှ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၅၈ မိနစ် ၃၁ ဒသမ ၄၃၁ စက္ကန့်၊ ပွိုင့် ၆၊ မြောက်လတ္တီကျူ ၁၅ ဒီဂရီ ၄၂ မိနစ် ၃၀ ဒသမ ၃၃၈ စက္ကန့်မှ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၅၃ မိနစ် ၀၄ ဒသမ ၇၇၄ စက္ကန့်၊ ပွိုင့် ၇၊ မြောက်လတ္တီကျူ ၁၅ ဒီဂရီ ၅၆ မိနစ် ၁၇ ဒသမ ၈၅၉ စက္ကန့်မှ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၄၉ မိနစ် ၀၈ ဒသမ ၁၀၁ စက္ကန့်၊ ပွိုင့် ၈၊ မြောက်လတ္တီကျူ ၁၅ ဒီဂရီ ၅၆ မိနစ် ၁၅ ဒသမ ၇၁၈ စက္ကန့်မှ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၀၂ မိနစ် ၁၃ ဒသမ ၇၆၁ စက္ကန့်အထိ ရေကြောင်းသတိပေးချက်များ ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

## ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ ကော့သောင်းမြို့တွင်ဆွေးနွေး

**ကော့သောင်း ဧပြီ ၂**

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်နယ်စပ် ရနောင်းခရိုင်နှင့် ရန်ကုန်(NNER) အဖွဲ့ ပညာရေးဆွေးနွေးပွဲကို မတ် ၃၁ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန် (NNER)မှ ဒေါက်တာသိန်းလွင်နှင့်အဖွဲ့၊ ထိုင်းနိုင်ငံ ရနောင်းမြို့မှ မြန်မာရွှေ့ပြောင်း အလုပ်သမားမိသားစုများပညာရေးနှင့်ပတ်သက်သည့် အဖွဲ့များမှ တာဝန်ခံများ၊ မြိတ်မြို့နှင့် ထားဝယ် မြို့များမှ တာဝန်ခံများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသများရှိ ရွှေ့ပြောင်းအလုပ်သမားမိသားစုများ၏ ပညာသင်ကြားမှုအနေအထားများနှင့် ထောက်ပံ့မှုလိုအပ်ချက်များ၊ ပြုပြင်ပြောင်းလဲသင့်သည့် အချက်အလက်များအား တက်ရောက်လာသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးဖလှယ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ဘင်္ဂလားဒေ့ရှ်မှ ဝင်ရောက်လာသော တိုင်းရင်းသားများအား လယ်ယာသုံးပစ္စည်းများထောက်ပံ့

**မောင်တော ဧပြီ ၂**

မောင်တောခရိုင်အတွင်းသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝင်ရောက်လာသော တိုင်းရင်းသားများအား စိုက်ပျိုးရေးဦးစီးဌာနက လယ်ယာသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသာကျော်က လယ်ယာသုံးပစ္စည်းများ ထောက်ပံ့ရသည့် အကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးက ထောက်ပံ့ပစ္စည်းများ ရေရှည်အသုံးပြုနိုင်ရေး ဆွေးနွေးပြီး ကျေးရွာ ၂၆ ရွာမှ အိမ်ထောင်စု ၇၂၈ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် စိုက်ပျိုးရေးသုံးကိရိယာများ သီးနှံမျိုးစေ့များနှင့် အဝတ်အထည်များ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**




**(ခရိုင် ပြန်/ဆက်)**

## သထုံ၌ လိုင်စင်မဲ့ယာဉ်များဖမ်းဆီးနေ လိုအပ်ပါက အရှိန်မြှင့် ဖမ်းဆီးမည်ဟုဆို



ဖမ်းဆီးရမိထားသော လိုင်စင်မဲ့မော်တော်ယာဉ်များ

**သထုံ ဧပြီ ၂**

မွန်ပြည်နယ် သထုံမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်များကို အချိန်ပြည့်စောင့်ကြည့် ဖမ်းဆီးလျက်ရှိပြီး လိုအပ်ပါက ဖမ်းဆီးမှုကို အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကာ မြန်မာတစ်နိုင်ငံလုံး၌ သထုံတွင် လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးမှု အများဆုံးဖြစ်ကြောင်း မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၏ ပြောကြားချက်အရ သိရသည်။

"လိုင်စင်မဲ့ မော်တော်ယာဉ် အများစုက မြဝတီဘက်က ဝင်လာတာများတယ်။ အမြဲစောင့်ကြည့်ပြီး ဖမ်းတာတွေလုပ်နေပါတယ်။ လိုင်စင်မဲ့ယာဉ်တွေကို အစကတည်းက သထုံမှာ စီးခွင့်မပြုထားဘူး။ တစ်နိုင်ငံလုံးမှာ သထုံက ဖမ်းဆီးမှုအများဆုံးပါ" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။ လိုင်စင်မဲ့မော်တော်ယာဉ်များဖြင့် စည်းကမ်းမဲ့မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ တိုးပွားလာသည့်အတွက် အချိန်ပြည့် ဖမ်းဆီးမှုများ ဆောင်ရွက်နေကာ လိုအပ်ပါက တိုးမြှင့်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဖမ်းမယ်ဆိုရင် အားလုံးကို တစ်ပြေးညီဖမ်းဖို့လိုပါတယ်။ ဒီမှာ အဖွဲ့အစည်းတချို့ရဲ့ အမည်ကို သုံးပြီး တရားမဝင်တင်သွင်းနေတာတွေလည်းရှိနေတယ်။ ဒါတွေကိုလည်း အသေအချာ ကြပ်မတ်စေချင်ပါတယ်။ လိုင်စင်မဲ့ဖြစ်တော့ ကားတွေက ဈေးပေါတယ်။ ဒါကြောင့် ထင်သလိုမောင်းတယ်။ တိုက်ရင် တရားခံကရှာမတွေ့ဘူး" ဟု ခရီးသည်တင်ယာဉ်မောင်းနှင်သူတစ်ဦးက ပြောသည်။

သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ၂၀၁၆ ဇန်နဝါရီလတွင် အစီး ၂၀၊ ဖေဖော်ဝါရီလတွင်ခုနစ်စီး၊ မတ်လတွင် ၁၀ စီး စုစုပေါင်း သုံးလအတွင်း လိုင်စင်မဲ့မော်တော်ယာဉ် ၃၇ စီးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၎င်းတို့တွင် Hijet တစ်စီး၊ Alphard တစ်စီး၊ Caldina သုံးစီး၊ Chariot တစ်စီး၊ Voxy နှစ်စီး၊ Pajero io တစ်စီး၊ Vigo တစ်စီး၊ Edix နှစ်စီး၊ Toyota Wish တစ်စီး၊ Airwave တစ်စီး၊ Hondafit ရှစ်စီး၊ Lafesta တစ်စီး၊ Surf နှစ်စီး၊ Mark ll နှစ်စီး၊ Mitsubishi GD1 နှစ်စီး၊ CRV သုံးစီး၊ Probox တစ်စီး၊ Odyssey တစ်စီးနှင့် Lite Ace တစ်စီး ပါဝင်ကြောင်းသိရသည်။

သထုံမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် မှုခင်းများအနက် ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းမှာ အများဆုံးဖြစ်ပြီး လူသေဆုံးမှုလည်း အများဆုံးဖြစ်ကြောင်း သထုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သက်ဦး(သထုံ)**

## ကောက်ရသည့် ပိုက်ဆံအိတ်ကို ပိုင်ရှင်ရှာဖွေ ပြန်လည်ပေးအပ်

**နေပြည်တော် ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု (ပုဂံ)သို့ မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေမန္တလာယာဉ်လိုင်းမှ ဂိတ်မှူး ဦးမိုးညို ရောက်ရှိလာပြီး ယင်းယာဉ်လိုင်းမှ ယာဉ်နောက်လိုက် မောင်ဟိန်းသူရက ပိုင်ရှင်မဲ့တွေ့ရှိ၍ ၎င်းထံအပ်နှံထားသည့် ပိုက်ဆံအိတ်တစ်လုံး လာရောက်ပေးပို့သဖြင့် တပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ စစ်ဆေးရာ ပိုက်ဆံအိတ်အတွင်းမှ ဖိလစ်ပိုင်နိုင်ငံသူ Mrs. Macalinao May Elaine အမည်ပါ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ဗီဇာကတ်တစ်ခု၊ ဓာတ်ပုံတစ်ပုံ၊ မြန်မာငွေကျပ် ၃၇၅၃၀၀ တို့ကို တွေ့ရှိရသည်။

တပ်ဖွဲ့စု(ပုဂံ)မှတပ်ဖွဲ့ဝင်များက ပိုင်ရှင်အား လိုက်လံရှာဖွေရာ ၎င်းသည် ပုဂံမြို့သစ်ရှိ Ostello Bello Hotel အခန်းအမှတ် ၃၀၄ တွင် တည်းခိုကြောင်း၊ အင်းလေးသို့သွားရန် ပုဂံရွှေပြည်ကားဝင်းသို့ ထွက်ခွာသွားကြောင်းသိရှိရ၍ ဆက်လက်ရှာဖွေရာ ရွှေမန္တလာကားဂိတ်တွင် တွေ့ရှိသဖြင့် စိစစ်ကာ ညနေ ၃ နာရီခွဲတွင် ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## နေ့ခင်းကြောင်တောင် ဆိုင်ကယ်လုယူမှု ဇန်းမောက်မြို့နယ် ကျေးရွာများတွင် ဖြစ်ပေါ်နေ

**ဇန်းမောက် ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် တုံးလှော်ကျေးရွာနှင့် မဲဇာမြစ်ဘေးကြားတွင် မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က တုံးလှော်ရွာနှင့် တစ်မိုင်ခွဲခန့်ရှိသော မြေနီလမ်းမကြီးအတိုင်း ဆိုင်ကယ်နှင့်ပြန်လာသည့် အမျိုးသမီးတစ်ဦးထံမှ ဆိုင်ကယ်လုယူမှုဖြစ်ပွားကြောင်း သိရသည်။

ဆိုင်ကယ်အလုခံရသူ ဇန်းမောက်မြို့နယ် တုံးလှော်ကျေးရွာနေ မအိ (၂၇နှစ်)က "ကျွန်မက အမေတို့အခင်းမှာရှိတဲ့ မုန်ညင်းခူးပြီး ဆိုင်ကယ်နဲ့အပြန်မှာ ကုန်းကမူတောင်တက်အရောက်မှာ လူတစ်ယောက်က ဆိုင်ကယ်ကို ရပ်ခိုင်းတော့ ကျွန်မလည်း ရပ်လိုက်တယ်။ ဆိုင်ကယ်ကို ရပ်လိုက်တော့ အတင်းလုယူသွားတာပဲ"ဟု ပြောသည်။

ဆိုင်ကယ်လုယူထွက်ပြေးသွားသူမှာ ၂၄ နှစ်ခန့်ရှိပြီး တုံးလှော်ကျေးရွာတွင် နေထိုင်သူအချို့၏ နာမည်များကိုလည်း သိရှိထားသူဖြစ်ကြောင်း၊ သက်ဆိုင်ရာရဲစခန်းကို အကြောင်းကြားထားပြီးဖြစ်ကြောင်း ဆိုင်ကယ် အလုခံရသူထံမှ သိရသည်။

ဆိုင်ကယ်လုယူမှုဖြစ်စဉ်များသည် ဇန်းမောက်မြို့နယ်များတွင် လွန်ခဲ့သည့်သုံးနှစ်လောက်က ကျွန်းကုန်းကျေးရွာမှ လူငယ်တစ်ဦးကို ရိုက်လုသွားမှုတစ်ကြိမ် ဖြစ်ခဲ့ပြီးနောက်ပိုင်း ယခုတစ်ကြိမ် ထပ်မံပေါ်ပေါက်လာခြင်းဖြစ်ကြောင်း တုံးလှော်ကျေးရွာနေ ဦးအင်းမောင် အသက် ၇၀ နှစ်က ထပ်မံပြောကြားခဲ့သည်။

ယခုရက်ပိုင်းများတွင် ညပိုင်း၌ နေရာအနှံ့အပြားတွင် ဆိုင်ကယ်ပျောက်ဆုံးမှုများရှိသလို ဆိုင်ကယ်ခိုးယူသူများသည် မြို့ကြီးများသာမကဘဲ တောမြို့နယ်များရှိ ကျေးရွာများအထိ ခိုးယူမှုများ ရှိလာပြီဖြစ်သည်။

**သန်းမောင်လေး(ကချင်မြေ)**

## လယ်ဝေးမြို့ အမှတ်(၁) ရပ်ကွက်တွင် မီးလောင်မှုဖြစ်၊ နေအိမ်ခြောက်လုံးဆုံးရှုံး

**လယ်ဝေး ဧပြီ ၂**

လယ်ဝေးမြို့အမှတ်(၁)ရပ်ကွက်၌ ယနေ့ ညနေ ၃ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားရာ **(ယာပုံ)** နေအိမ်ခြောက်လုံး မီးလောင် ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ အမှတ်(၁)ရပ်ကွက် ဒေါ်မမ၏ နေအိမ်ရှိ မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လူများထိခိုက်မှုမရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ် လေးစီး၊ မီးသတ်ဦးစီးမှူး မြင့်ဆန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ ပြည်သူ ၂၀၀ ခန့်က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး ညနေ ၄ နာရီ ၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



# မူးယစ်ဆေးဝါးအမြောက်အမြားနှင့် လက်နက်ခဲယမ်းများဖမ်းမိ



**ကျိုင်းတုံ ဧပြီ ၂**

ဖော်ကျူးနားကားပေါ်၌ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးများ သယ်ဆောင်သွားကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့က လိုက်လံရှင်းလင်းဖမ်းဆီးရာ ဧပြီ ၁ ရက် နံနက်ပိုင်းတွင် အဆိုပါယာဉ်ပေါ်မှ ၉မမ ပစ္စတိုတစ်လက်နှင့် ကျည်ဆန်များဖမ်းဆီးရမိပြီး ICE မူးယစ်ဆေးဝါး ၂၅၀ကီလိုဂရမ်ကို ဆက်လက်သိမ်းဆည်းရမိကြောင်း ကျိုင်းတုံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၁ ရက် ည ၁၀ နာရီခွဲခန့်တွင် ကျိုင်းတုံမြို့နယ် တာပင်းကျေးရွာသို့ မိုင်းလားဘက်မှ မူးယစ်ဆေးဝါးဟု ယူဆရသော အထုပ်များ မော်တော်ဆိုင်ကယ်များဖြင့်ရောက်ရှိပြီး ကျိုင်းတုံဘက်သို့ ယာဉ်အမှတ် 7D/---- အဖြူရောင် ဖော်ကျူးနားကားဖြင့် ဆက်လက် သယ်ဆောင်သွားကြောင်း သတင်းအရ တပ်ကြပ်ကြီး အောင်လင်းထွန်းနှင့် အဖွဲ့သည် အမှတ်(၂၈) မူးယစ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များ နှင့်ပူးပေါင်းကာ ထွက်လာနိုင်သောလမ်းကြောင်းများကို လိုက်လံ ရှင်းလင်းစဉ် ဧပြီ ၁ ရက် နံနက် ၂ နာရီကျော်ခန့်က ကဖ-ယန်းကျိန်သွားလမ်း ယန်းကျိန်ဘုန်းကြီးကျောင်းရှေ့၌ အဆိုပါယာဉ်နှင့် မျက်နှာချင်းဆိုင်တွေ့ပြီး ရပ်တန့်စေရာ ၎င်းယာဉ်က ရပ်တန့်ဟန်ဆောင်၍ မောင်းနှင်ထွက်ပြေးသွားသဖြင့် ယာဉ်၏ နောက်ဘီးကို သေနတ်ဖြင့် ပစ်ဖောက်နိုင်သော်လည်း ဆက်လက်မောင်းနှင် ထွက်ပြေးသွားခဲ့သည်။ ပူးပေါင်းအဖွဲ့က လိုက်လံဖမ်းဆီးရာ နံနက် ၃ နာရီတွင် ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် ဟိုကပ်ရပ်တွင် ဖမ်းဆီးရမိ၍ စစ်ဆေးရာ ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် ရှီးလုံရပ်နေ ယာဉ်မောင်း ဦးကျစိုး(၆၅နှစ်) မောင်းနှင်ကာ ကျိုင်းတုံမြို့နယ် ဟွေခါးကျေးရွာနေ ထွန်းထွန်းမိုး (၃၁နှစ်)လိုက်ပါလာပြီး ၉မမ ပစ္စတိုတစ်လက်၊ ယင်းကျည်ကတ်အတွင်းမှ ကျည် ၁၁ တောင့်၊ အရန်ကျည်အတောင့် ၄၀၊ ထိုင်းဘတ်ငွေ ၃၂၅၅၀ ဘတ်၊ မြန်မာငွေကျပ် ၁၁၁၅၀၀၊ လက်ကိုင်ဖုန်းနှစ်လုံး၊ အနီရောင် (လားဟူ) လွယ်အိတ်တစ်လုံးတို့ သိမ်းဆည်းရမိပြီး ၎င်း၏နေအိမ်သို့ဆက်လက်ရှာဖွေရာ ဘူးခွံအတွင်းမှ ၉မမ ကျည် ၄၇ တောင့်ကို သိမ်းဆည်းရမိသည်။

ဆက်လက်၍ ကျိုင်းတုံမြို့နယ် ဝမ်ကောင်းကျေးရွာနေ ဦးရှော်ချန် နေအိမ်သို့ ဆက်လက်ရှာဖွေရာ နေအိမ်၌ ဦးရှော်ချန်ကိုမတွေ့ရဘဲ ကျိုင်းတုံမြို့နယ် ဖာတရွာနေ ဟာမ၊ တာချီလိတ်မြို့ဝမ်ကောင်းမွန်ရွာနေ အိုက်ဟောင်၊ ထိုင်းနိုင်ငံ ချင်းဟိုင်းမြို့နေ ဝမ်ဆိုင်၊ နန်ဝင်းနှင့် ဆွမ်ကျန်ဆိုသည့် ထိုင်းနိုင်ငံသား သုံးဦးကို တွေ့ရှိရပြီး ရှော်ချန်၏အိပ်ခန်းအတွင်းရှိ ဗီရိုထဲ၌ ၉မမ ကျည်အတောင့် ၅၀၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်သုံးစောင်တို့သိမ်းဆည်းရမိပြီး ခဲယမ်းများကို အခွင့်အမိန့်မရှိဘဲ လက်ဝယ်ထားရှိသူ ရှော်ချန် (ထွက်ပြေးတိမ်းရှောင်)နှင့် ၎င်းနေအိမ်၌တွေ့ရှိသူများကို ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိသည်။

ယင်းနေ့ နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့နယ် ကဖကျေးရွာပြည်သူ့စစ်ခေါင်းဆောင် ဦးလုံးဖတ်က ယန်းခတ်ရွာနှင့် နမ့်လပ်ချောင်းကြားချုံပုတ်ထဲတွင် မသင်္ကာဖွယ် အထုပ်ကြီး ၁၂ ထုပ် တွေ့ရှိကြောင်း သတင်းပေးပို့၍ ပူးပေါင်းအဖွဲ့ကသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ယန်းခတ်ကျေးရွာအနီး မိုင်းလားလမ်းဟောင်းဘေး နမ့်လပ်ချောင်းမှပေ ၂၀ ခန့်အကွာ ချုံပုတ်ထဲတွင် ကျပ်သိန်းပေါင်း ၆၂၅၀၀တန်ဖိုးရှိ ICE မူးယစ်ဆေးဝါးများတွေ့ရှိ၍ စစ်ဆေးရာ နံနက်ပိုင်းက ပူးပေါင်းအဖွဲ့လိုက်လံဖမ်းဆီးစဉ် ဦးကျစိုးမောင်းနှင်သော ဖော်ကျူးနားယာဉ်ပေါ်မှ ပစ်ချထားခဲ့ကြောင်း ဖော်ထုတ်ရမိခဲ့၍ မူးယစ်ဆေးဝါးသယ်ဆောင်မှု၊ တရားမဝင်လက်နက်ခဲယမ်းကိုင်ဆောင်မှုတို့ဖြင့် ဦးကျစိုးနှင့်ထွန်းထွန်းမိုးတို့ကို ကျိုင်းတုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ဆိုင်ကယ်ရပ်တန့်စစ်ဆေးရာမှ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ငဖဲ ဧပြီ ၂**

မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်း-ငဖဲကားလမ်း၌ ဆိုင်ကယ်စီးနှင်းလာသော အမျိုးသားနှစ်ဦးအား ရပ်တန့်စစ်ဆေးခဲ့ရာမှ ဘိန်းစိမ်းနှင့် ဆေးခြောက်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းအရ ငဖဲမြို့မရဲစခန်းမှူး ဒုရဲမှူးအေးလွင်နှင့်အဖွဲ့ ပဒါန်း-ငဖဲကားလမ်းငဖဲမြို့အဝင်တွင် စောင့်ဆိုင်းစဉ် မောင်ထိန်း (၂၆နှစ်) ဘိုကျေးရွာ ငဖဲမြို့နယ်နေသူ မောင်းနှင်ပြီး နောက်မှ မောင်တင်(၃၁နှစ်)၊ လောက် ပုလဲကျေးရွာ ငဖဲမြို့နယ်နေသူလိုက်ပါလာသည့် နံပတ်မပါ အနက်ရောင်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ မောင်းနှင်ထွက်ပြေးသွားသောကြောင့် ပဒါန်းရဲကင်းမှူး ရဲအုပ်လှထွန်းနှင့်အဖွဲ့ ပိတ်ဆို့ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ မောင်ထိန်းထံမှ ဓားဦးချွန်တစ်ချောင်း၊ လွယ်အိတ်တစ်လုံး၊ နှစ်ကျပ်သား ၃၂ ဒသမ ၆၆ ဂရမ်၊ ဖုန်းတစ်လုံး၊ ငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်း မောင်တင်ထံမှ ဓားဦးချွန်တစ်ချောင်း၊ ကျောပိုးအိတ်တစ်လုံး၊ ဆေးခြောက်အလေးချိန် တစ်ကျပ်သားခန့် ၁၆ ဒသမ ၃၃ ဂရမ်၊ ငွေကျပ်၅၀၀၀ ကိုလည်းကောင်း ရှာဖွေသိမ်းဆည်း ရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**





**မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ မောင်ထိန်း(ဝဲ)နှင့် မောင်တင်(ယာ)တို့အား ဖမ်းဆီးရမိပစ္စည်းများနှင့် တွေ့ရစဉ်။**

# ဘူဒိုဇာယာဉ်မောင်းတစ်ဦး ၎င်းမောင်းသည့်ယာဉ်ကြိတ်မိသေဆုံး

**အောင်လံ ဧပြီ ၂**

အောင်လံမြို့နယ် ဘင်ဟုန်သစ်တောကြိုးဝိုင်းအတွင်း လမ်းဖောက်နေသော ဘူဒိုဇာမြေထိုးယာဉ်မောင်း အမျိုးသားတစ်ဦး ဘူဒိုဇာယာဉ်ကြိတ်မိသေဆုံးခဲ့မှု မတ် ၃၁ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၁ရက် ည ၇ နာရီက အောင်လံမြို့နယ် ဘင်ဟုန်သစ်တောကြိုးဝိုင်း ကွင်းအမှတ် (၇၀)တွင် လမ်းဖောက်လုပ်နေသော ဘူဒိုဇာမြေထိုးယာဉ်မောင်း ဦးတင်ညို (၅၄နှစ်) ဘင်ဟုန်သစ်တောကြိုးဝိုင်း၊ အောင်လံမြို့နယ်နေသူမှာ မြေထိုးစက်ယာဉ်ကြိတ်မိကြောင်း သတင်းအရ အောင်လံမြို့နယ် သဗ္ဗာလရဲကင်းမှူး ရဲအုပ်သန်းဆွေထွန်းအဖွဲ့က အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ယင်းနေ့ ညနေ ၅ နာရီခန့်က ဦးတင်ညိုမောင်းနှင့်လာသည့် ဘူဒိုဇာမြေထိုးစက် အမှတ်(၈၅)ယာဉ်မှာ ကုန်းအဆင်းတွင် စက်ဆီပိတ်ရပ်တန့်သွား၍ ဦးတင်ညိုက ယာဉ်၏ ယာဘက်ချိန်းဘီးပေါ်တက်ရောက်ပြုပြင်ခဲ့ရာ ယာဉ်မှာကုန်းအဆင်းလိမ့်ဆင်းကာ ဦးတင်ညိုပြုတ်ကျပြီး ဦးခေါင်းယာဘက်ခြမ်းနှင့် ပေါင်တို့အားကြိတ်မိ၍ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း စစ်ဆေးချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အောင်လံမြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/စီ-ရွာမ၊ မြေကွက်အမှတ် ၂၁/B၊ အကျယ်အဝန်း ဝဒသမ ဝ၆၂၈ဧ အကျယ်ရှိ ဦးမောင်မွေး အမည်ပေါက် မြေပိုင်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ အမှတ်၁၁၈(B)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမောင်မွေး ၇/ဖမန(နိုင်)ဝ၈၈၅၃၅ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီဂီစိုး(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၉၄၈)**

**ဦးကျော်ဖြူ(LL.B,D.B.L,D.M.L,D.I.L,DAPsy)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၃၂)**

**အမှတ်၉/၁၁၊ မြေညီထပ်၊ အခန်း၀၀၁၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၈၆၁၈၄**

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ အမှတ် (၃/၂၈)နေ ဒေါ်ယဉ်ယဉ်အေး ၁၂/မရက(နိုင်)၁၃၆၉၈၁ (ဘ) ဦးတင်ဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

တာချီလိတ်မြို့နယ်၊ မကာဟိုခမ်းရပ်ကွက်၊ အကွက်အမှတ် ၃၊ မြို့ကွက်သစ် (င)၊ ဦးပိုင်အမှတ် ၁၅၀ဟုခေါ်တွင်သော မြေဧရိယာ ဝဒသမဝ၅၅ရှိမြေအား အရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့်ရောင်းချခဲ့ရာ ယခုအခါ ဒေါ်ယဉ်ယဉ်အေးမှ လက်ရှိဖြစ်သည်ဟုဆိုပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ကိစ္စရပ်များဆောင်ရွက်လိုသည့်အတွက် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းမြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၂၄၇)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၇လမ်း၊ အမှတ် ၁၄ ဦးသန်းပါ (၂) ဂရန်အမည်ပေါက် မြေကွက်အမှတ် ၃၇၅မှ ခြောက်ထပ်တိုက်သစ်၏ (B)ခြမ်း၊(ငါးလွှာ) အခန်းတစ်ခန်းအား တရားဝင်ပိုင်ဆိုင်သော ကန်ထရိုက်တာထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ကန့်ကွက်နိုင်ပြီး ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို အပြီးအပိုင် ငွေပေးချေဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ကြည်(စဉ်-၃၀၇၂၂)၊ ဒေါ်စုမြတ်မွန်(စဉ်-၄၀၅၃၇)**
**အထက်တန်းရှေ့နေများ၊**
**ဖုန်း-၀၉-၄၂၀၀၁၈၇၃၄၊ ၀၉- ၇၈၈၀၃၉၉၄၈**
**အမှတ် ၂၆၃၊ (သုံးလွှာ)၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ သပြေလှရပ်ကွက်နေ ဦးဇော်မိုးအောင်-ဒေါ်ခင်အေးကြူတို့၏သားလတ် မောင်ဝသုန်အောင် ၉/လဝန(နိုင်) ၁၃၃၇၄၆သည် မိဘများအား ကိုယ်ထိလက်ရောက်ကျူးလွန်ပြီး ခိုးခြောက်မှုများ အကြိမ်ကြိမ်ပြုလုပ်ကာ မိဘဆိုဆုံးမမှုကို လုံးဝမနာခံတော့ပါသဖြင့် ယနေ့မှစ၍ ၎င်းအား သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ ခိုးခြောက်ခြင်းများရှိပါက တရားဥပဒေအရ အရေးယူဆောင် ရွက်သွားမည်ဖြစ်ပါသည်။

**ဦးဇော်မိုးအောင်-ဒေါ်ခင်အေးကြူ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄

ဒေါ်ခိုင်ဇာလင်း **နှင့်** ဦးဝင်းခိုင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဂျပန်တာရပ်ကွက်၊ မြို့သစ်၂လမ်း၊ အမှတ် ၂၀နေ ဦးဝင်းခိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခိုင်ဇာလင်းမှ လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဧပြီ ၂၆ရက် (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော်၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာအောင်)**
**တွံဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

# ရတနာပုံအသင်း အိမ်ကွင်း၌ နိုင်ပွဲရယူပြီး ရှုံးပွဲမရှိ စံချိန်ဆက်ထိန်း

မန္တလေး ဧပြီ ၂

**၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၁) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ပြန်လည်ကျင်းပရာ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။**

ဗထူးကွင်း၌ ယှဉ်ပြိုင်သောပွဲတွင် ရတနာပုံအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းသည် အိမ်ကွင်း၌ အရှုံးမှ နိုင်ပွဲပြန်လည်ရယူကာ ရှုံးပွဲမရှိ စံချိန်ဆက်ထိန်းပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ လက်ရှိ ချန်ပီယံ ရန်ကုန်အသင်းသည် နိုင်ပွဲရရှိရေး ကြိုးပမ်းခဲ့သော်လည်း နှစ်ဂိုးပြတ် အနိုင်ရထားမှုကို ထိန်းထားနိုင်ခြင်းမရှိသောကြောင့် အဝေးကွင်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း နည်းပြချုပ်ရီနေး ကွင်းအတွင်း ဝင်ရောက်ကြီးကြပ်ခွင့် ပိတ်ပင်ခံထားရခြင်းနှင့် ဝါရင့်ကစားသမား ရန်ပိုင် မပါနိုင်သည့် ရတနာပုံအသင်းသည် ပွဲအစတွင် ကစားကွက်တည်မရ ဖြစ်နေပြီး ၂၂ မိနစ်အတွင်း နှစ်ဂိုးပေးခဲ့ရသည်။ အမှတ်ကွာဟမှုကို ကျဉ်းမြောင်းနိုင်ရန် မဖြစ်မနေနိုင်ပွဲလိုအပ်နေသည့် ရန်ကုန်အသင်းသည် နိုင်ငံခြားသား တိုက်စစ်မှူးနှစ်ဦးကို ကျော်ကိုကို၊ ကြည်လင်းတို့ဖြင့် တွဲဖက်ပွဲထွက်ခဲ့သည်။ ရန်ကုန်အသင်းသည် အဝေးကွင်း၌ ပုံစံကောင်းပြသနိုင်ခဲ့ပြီး ခုနစ် မိနစ်နှင့် ၂၂ မိနစ်တို့တွင် ကျော်ကိုကို၏ ဖန်တီးပေးမှုမှ မာဆယ်လိုက နှစ်ဂိုးစလုံး သွင်းယူပေးခဲ့သည်။ မထင်မှတ်ဘဲ နှစ်ဂိုးပေးလိုက်ရသောကြောင့် ရတနာပုံအသင်း တိုက်စစ်အား မြှင့်လာခဲ့ပြီး ၄၁ မိနစ်တွင် မျိုးကိုထွန်းက ပထမချေပဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းတွင် ရတနာပုံပရိသတ်အချို့၏ အလွန်အကြူး အားပေးမှုများရှိခဲ့ပြီး ကွင်းအတွင်းသို့ ပစ္စည်းများဖြင့် ပစ်ပေါက်ခဲ့သည်။

ဒုတိယပိုင်းအစတွင် ရတနာပုံအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၄၈ မိနစ်တွင် ရဲကိုဦးကြောင့် ရတနာပုံအသင်း ပယ်နယ်တီရခဲ့ကာ မာတူနာက အမှားအယွင်းမရှိ သွင်းယူခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ရတနာပုံအသင်း ကစားပုံ ပိုကောင်းလာပြီး ၅၈ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဝင်းနိုင်စိုးက ခေါင်းတိုက်သွင်းခဲ့သောကြောင့် အနိုင်ဂိုးရရှိခဲ့သည်။ ပွဲပြီးခါနီးတွင် ရန်ကုန်အသင်း ချေပဂိုး ပြန်လည်ရရှိခဲ့သော်လည်း လူကျွံဘောသတ်မှတ်ခံရ၍ နစ်နာခဲ့ရပြီး ဂိုးမရရှိခဲ့သောကြောင့် ရန်ကုန်ကစားသမားအချို့ ဒိုင်ကို ကန့်ကွက်ခဲ့ကြသည်။



ရတနာပုံနှင့် ရန်ကုန် ယှဉ်ပြိုင်ကစားစဉ် (ဓာတ်ပုံ-ဖိုးသော်ဇင်)

သုဝဏ္ဏကွင်း၌ ကျင်းပသော ပွဲတွင် ဧရာဝတီအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဧရာဝတီအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၉ မိနစ်တွင် အောင်ကျော်နိုင်က သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

(အောင်ဆန်းကွင်း)

ရခိုင် - ရှမ်းယူနိုက်တက်

(သုဝဏ္ဏကွင်း)

Horizon - Southern

**ညီမြတ်သော်တာ**

◆ *ကျောဖုံးမှ*

ယှဉ်ပြိုင်ထိုးသတ်သည့်ပွဲတွင် ပြိုင်ဘက်အပေါ် အခွင့်ကောင်းရတိုင်း အပြိုင်မကျဲဘဲ ပညာသားပါပါ ယှဉ်ပြိုင်ထိုးသတ်လေ့ရှိသည့် တူးတူးသည် ပထမအချီအစတွင် အာတမ်၏ ရိုးရာလက်ဝှေ့စွမ်းပကားကို စမ်းသပ်ဟန်ဖြင့် ရှောင်တိမ်းယှဉ်ပြိုင်ကစားခဲ့သည်။ ထိုသို့ ယှဉ်ပြိုင်ကစားစဉ်မှာပင် တစ်ဦးနှင့်တစ်ဦး ပူးကပ်ချိန်၌ အာတမ်က တူးတူး၏ မျက်နှာကို ဒူးတိုက်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ရိုးရာလက်ဝှေ့သမားရင့် တူးတူးက ဒူးကိုဖြတ် ဝမ်းဗိုက်ဟာကွက်ကို ဘယ်ညာတွဲလုံးများဖြင့် ပစ်သွင်းကာ ခေါင်းကလည်း အပြိုင်တိုက်ခိုက်ခဲ့သဖြင့် အာတမ် တတိယအချီ ၂ မိနစ် ၁၄စက္ကန့်တွင် အနားတောင်းခဲ့ရသည်။ အာတမ် အနားတောင်းပြီး တတိယအချီကို ၄၆ စက္ကန့် ဖြည့်ထိုးခဲ့ကာ စတုတ္ထအချီ ဆက်လက်ယှဉ်ပြိုင် ထိုးသတ်ရာ ၁ မိနစ် ၄၇ စက္ကန့်တွင် အာတမ်မည်သို့မျှ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့ဘဲ ဒိုင်ပွဲရပ်ဖြင့် တူးတူးအနိုင်ရခဲ့သည်။

အခြားပြည်တွင်းပွဲစဉ်များ ဖြစ်သည့် လေးချီစိန်ခေါ်ပွဲများတွင် ကျန်ကျောင်း(ဗမာ့သွေး)နှင့် ရွှေခြူးအောင် (ရွှေကုက္ကို)တို့ပွဲတွင် ပူးတွဲသရေဖြင့် လည်းကောင်း၊ ဆင်ရိုင်းလေး(ရွှေသောင်ရင်း)နှင့် ဇော်ချစ်အောင်(ဗမာ့သွေး)တို့ပွဲတွင် ပွဲစပြီး မိနစ် ၅၀ မှာပင် ဆင်ရိုင်းလေး၏ ထောက်လက်သီး တွဲလုံးများဖြင့် အနားတောင်းခဲ့ကာ ပထမအချီ ၂ မိနစ် ၃၃ စက္ကန့်တွင် ညာထောက်လက်သီးမိခဲ့ကာ ဇော်ချစ်အောင် အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။

ပြည်တွင်း ငါးချီပွဲများဖြစ်သည့် ထယ်ကြီး( STL) နှင့် ထွန်းလွင်မိုး (နဂါးမာန်)တို့ပွဲတွင် ဒုတိယအချီ၌ ထယ်ကြီး ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိသဖြင့် ထွန်းလွင်မိုးက ဒိုင်ပွဲရပ်ဖြင့် လည်းကောင်း၊ ရွှေဖြူမင်း (ရွှေသောင်ရင်း)နှင့် သားအသည်းတစ်ပွင့်(ဗမာ့သွေး)တို့ပွဲတွင် နယ်စပ်လက်ဝှေ့ကျော် ရွှေဖြူမင်းပွဲအစတွင် လက်သီးပါဝါအားသုံးကာ ယှဉ်ပြိုင်ထိုးသတ်သော်လည်း သားအသည်းတစ်ပွင့်၏ ဘယ်ထောက်ခြေကန်ချက်များကြောင့် အချည်းနှီးဖြစ်ခဲ့ကာ သားအသည်းတစ်ပွင့် အသာစီး ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့ပြီး စတုတ္ထအချီ ၁ မိနစ် ၁၀ စက္ကန့်တွင် ရွှေဖြူမင်း ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိသဖြင့် သားအသည်းတစ်ပွင့် အနိုင်ရခဲ့သည်။ ရွှေမင်းရာဇာ (ရွှေကုက္ကို)နှင့် ဒေါင်းသည်းခြေ (အောင်မြန်မာ) တို့ပွဲသည်လည်း ဒုတိယ အချီ၌ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်း မရှိတော့သဖြင့် ဒေါင်းသည်းခြေ (အောင်မြန်မာ) ဒိုင်ပွဲရပ်အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

# ချယ်လ်ဆီးတို့ အဝေးကွင်း၌ ဗီလာကိုဂိုးပြတ်နိုင်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၂) အစောဆုံးပွဲစဉ်အဖြစ် ဧပြီ ၂ ရက် စနေနေ့ ညပိုင်းက အက်စ်တွန်ဗီလာနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက အဝေးကွင်း၌ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်ဗီလာသည် ၄-၃-၃ ပုံစံဖြင့်ပွဲထွက်ခဲ့ပြီး ချယ်လ်ဆီးက ၄-၂-၃-၁ ဖြင့် ပွဲထွက်လာသည်။ ပွဲချိန် ၂၆ မိနစ်တွင် ကွင်းလယ်ကစားသမား ရူဘင်လော့ဖ်တပ်စ်က ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ချယ်လ်ဆီး ပယ်နယ်တီကန်ခွင့်ရကာ တိုက်စစ်မှူး ပါတိုက သွင်းယူခဲ့သည်။ ပထမပိုင်းတွင် ချယ်လ်ဆီးက နှစ်ဂိုးအသာဖြင့် ဦးဆောင်ထားနိုင်ပြီး ဒုတိယပိုင်းတွင် ချယ်လ်ဆီးအတွက် သွင်းဂိုးများကို ပွဲချိန် ၄၆ မိနစ်နှင့် ၅၉ မိနစ်တွင် ပက်ထရိုက သွင်းယူခဲ့သည်။ ပွဲချိန် ၈၅ မိနစ်တွင် ဗီလာ နောက်တန်းကစားသမား အလန်းဟပ်တန် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံရသည်။ ပွဲပြီးချိန်တွင် ချယ်လ်ဆီးက လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ရမှတ် ၄၇ မှတ်ရရှိထားပြီး ဗီလာအသင်းသည် ရမှတ် ၁၆ မှတ်ဖြင့် ဇယားအောက်ဆုံး၌ ရပ်တည်နေသည်။ ချယ်လ်ဆီးသည် ဧပြီ ၉ ရက်တွင် ဆွမ်ဆီးကို အဝေးကွင်း၌ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဗီလာက အိမ်ကွင်း၌ ဘုန်းမောက်နှင့် တွေ့ဆုံမည်ဖြစ်သည်။

**သီဟ**

## ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၈) အနိုင်/အရှုံး

| | | |
|---|---|---|
| ဘိုင်ယန်မြူးနစ် | ၁-၀ | ဖရန့်ဖတ် |
| ဟန်နိုဗာ | ၀-၃ | ဟမ်းဘတ် |
| မိန့်ဇ် | ၄-၂ | အော့စ်ဘတ် |
| အင်ဂိုစတက် | ၃-၀ | ရှော်လ်ကေး |
| ဒမ်စတက် | ၂-၂ | စတုဂတ် |

## ပရီမီယာလိဂ်ပွဲစဉ်(၃၂) အနိုင်အရှုံး

| | | |
|---|---|---|
| အာဆင်နယ် | ၄-၀ | ဝက်ဖို့ဒ် |
| ဘုန်းမောက် | ၀-၄ | မန်စီးတီး |
| နော့ဝစ်ချ် | ၃-၂ | နယူးကာဆယ် |
| စတုတ်စီးတီး | ၂-၂ | ဆွမ်ဆီး |
| ဆန်းဒါးလန်း | ၀-၀ | ဝက်စ်ဘရွန်း |
| ဝက်စ်ဟမ်း | ၂-၂ | ပဲလေ့စ် |

## စပိန်လာလီဂါ ပွဲစဉ်(၃၁)အနိုင်အရှုံး

| | | |
|---|---|---|
| အက်သလက်တီကို | ၅-၁ | ဘက်တစ် |

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်၁၁၊ အခန်းအမှတ် ၀၀၂သည် အမည်ပေါက် ဒေါ်မြင့်မြင့် ကြူ၁၄/လပတ(နိုင်)၀၀၅၉၄၅ဖြစ်ပါသည်။ အဆိုပါအခန်းကို ဒေါ်သင်းသင်းသွယ် ၁၃/နမတ(နိုင်)၀၃၅၂၆၃က စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် အပြီးအပိုင်းဝယ်ယူပြီး ဖြစ်ပါသဖြင့် အခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာ ဌာနခွဲ၊ အိမ်ရာ-၂သို့ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ-၂**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်၁၁၊ အခန်းအမှတ် ၀၀၃သည် အမည်ပေါက် ဦးလှငွေ၁၄/လပတ(နိုင်)၀၀၅၅၉၆ဖြစ်ပါသည်။ အဆိုပါ အခန်းကို ဒေါ်ခင်ခင်အေး ၁၃/နမတ(နိုင်)၀၀၈၄၂၂က စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် အပြီးအပိုင်းဝယ်ယူပြီး ဖြစ်ပါသဖြင့် အခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ-၂သို့ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ-၂**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2D/8251 Nissan Cima 8n ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စံဦး ၁၃/လလန(နိုင်)၀၀၃၁၀၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၈**

ဒေါ်လီလီခိုင် **နှင့်** ဒေါ်ချွန်ချွန်ဟေး(ခ)ဒေါ်ထုံ
**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၅)ရပ်ကွက်၊စစ်ကိုင်းလမ်း၃၀၊ အမှတ် ၅၃၃နေ ဒေါ်ချွန်ချွန်ဟေး(ခ)ဒေါ်ထုံ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက(၇-၁၂-၂၀၁၁)ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဧပြီ ၂၂ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁၅ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မောင်ဆွေ)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7A/8910 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် DD/7544 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

**ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

မန္တလေးမြို့၊ ၈၆လမ်း၊ ၄၁×၄၂ လမ်းကြား၊ အရှေ့အရာတော်၊ အကွက် (၄၃၂)နေ (ဦးမောင်ကြီး-ဒေါ်မေတင်)တို့၏သား၊ ဦးမောင်လေး-ဒေါ်နုယဉ်(ကျောက်မျက်)၊ (ဦးထွန်းအောင်)-ဒေါ်ယုယုလွင်တို့၏မောင်၊ ဦးခင်ဇော်-ဒေါ်သန်းငွေ(စက်ကြီးပန်းထိုး)၊ ဦးတင်ဇော်-ဒေါ်ရုံ၊ ဦးဇော်မင်းထွန်း-ဒေါ်သီတာ(ကျောက်မျက်)၊ မသီသီခိုင်တို့၏ညီ/မောင်

**မောင်ညီညီထွန်း**
**(ဝင်းလှိုင် ကျောက်မျက်ကုမ္ပဏီ)**
နှင့်
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ညောင်ဝိုင်းမြောက်ပိုင်း၊ ၁၁လမ်း၊ အမှတ်(၇/ခ)နေ ဦးမြင့်ဦး-ဒေါ်စန်းစန်းနွဲ့တို့၏သမီး၊ မမြတ်ကေသွယ်ဦး (လမ်းဦးစီးဌာန၊ ပဲခူးခရိုင်)၊ မမြတ်ခိုင်သွယ်ဦး (အထက-၁၊ ပဲခူးမြို့)တို့၏ညီမ

**မငုဝါမြင့် B.Med.Tech (Physiotherapy)**
**Physiotherapist(Hpa-an General Hospital)**

တို့သည် ၂၇-၃-၂၀၁၆ရက်တွင် ပဲခူးမြို့ ROYAL TASTE Restaurant ၌ ဂုဏ်သရေရှိ လူကြီးများနှင့် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ညီညီထွန်း-မငုဝါမြင့်**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)(တိုးချဲ့)၊ မြေကွက်အမှတ် ၅၅၉၊ ဧရိယာ ပေ (၃၀×၅၀)အကျယ်အဝန်းရှိ မြေကွက်ကြီးအနက်မှ ဒေါ်တင်အိ ၁၂/ဥကမ(နိုင်) ၁၃၁၆၁၆+၁တို့ လက်ဝယ်ထားရှိပိုင်ဆိုင်သော မြေကွက်နှင့်နေအိမ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ငွေပေးချေပြီး နေအိမ်၏အောက်ထပ်ကို လက်ဝယ်ယူထားပါသည်။ ယခုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သွန်ကြားချက်အရ-
**ဦးလိမ္မော်(LL.B)** **ဦးမျိုးသူရအောင် (စဉ်-၄၂၂၁၀)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄)** **ဦးဝေယံဦး (စဉ်-၄၂၂၂၇)**
**အထက်တန်းရှေ့နေများ**
အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄၊ ၀၉-၂၆၁၂၀၂၆၁၁

**ရန်ကုန်မြို့လယ်ခေါင်တရုတ်တန်း တိုက်ခန်းရောင်းမည်**

ရန်ကုန်မြို့ မြို့လယ်ခေါင် တရုတ်တန်း၊ လမ်း(၂၀) ၃လွှာ၊ (12½x40)' ပါကေးခင်းပြီး၊ကြွေပြားကပ်ထား၊ ဘိုထိုင်အိမ်သာ၊ ရေမီးအစုံ၊ အသင့်နေနိုင်၊ ဈေးအနီး၊ ကျောင်းအနီး၊ ကားဂိတ်အနီး ရောင်းဈေး - ၈၅၀ သိန်း (ဈေးအလျှော့အတင်းရှိ)

ဆက်သွယ်ရန် 09-5195590 09-976110900 09-73001927

ရန်ကုန် ရှေးဟောင်းအဆောက်အအုံများရဲ့ရာဇဝင်



# ဘီအိုစီဟု လူသိများသည့် ရေနံလုပ်ငန်းစုရုံးချုပ် သို့မဟုတ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးကြီး

သတင်းဆောင်းပါး
ခင်ရတနာ

ဓာတ်ပုံ
Yangon Architecture

ကုန်သည်လမ်းမကြီး၏ အမှတ် ၆၀၄နှင့် ၆၀၈ ပေါ်တွင် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံတစ်ခုကို မြင်တွေ့ရသည်။ ယင်းအဆောက်အအုံသည် နှစ်အားဖြင့် ၁၀၈နှစ်ကြာမြင့်ပြီဖြစ်သည့် ရှေးဟောင်းအဆောက်အအုံတစ်ခု ဖြစ်ပြီး အခြားကိုလိုနီခေတ်လက်ရာများအနက် မြင်တွေ့နေကျ အဆောက်အအုံဒီဇိုင်းဖြင့် ရိုးစင်းလှသည်။ ၎င်း၏ ထူးခြားချက်မှာ မြန်မာ့မြေအောက်သယံဇာတတစ်ခုဖြစ်သည့် ရေနံထုတ်လုပ်မှုဖြင့် ချမ်းသာကြွယ်ဝသည့် ဘီအိုစီကုမ္ပဏီ၏ အခြေစိုက်ရာရုံးချုပ်ကြီးတစ်ခု ဖြစ်ခဲ့ခြင်းပင်။

အဆိုပါအဆောက်အအုံကို ၁၉၀၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရော်ဘင်စင်နှင့် မန်ဒီတို့က ဒီဇိုင်းပိုင်းဆိုင်ရာနှင့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာကိစ္စတို့ကို တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

အဆိုပါ အဆောက်အအုံကို ၂၀ ရာစုအစောပိုင်း၏ ခေတ်ဦးလက်ရာအဖြစ် တည်ဆောက်ခဲ့ပုံရပြီး မူလပထမ တည်ဆောက်စဉ်က Fleming and company အတွက် အသုံးပြုနိုင်ရန်ဖြစ်ကြောင်း သိရသည်။ အဆိုပါကုမ္ပဏီသည် ချည်မျှင်နှင့် အထည်အလိပ်များကို တင်ပို့ပြီး ဥရောပမှတစ်ဆင့် ဖိနပ်များ၊ အိမ်သုတ်ဆေးများ၊ အဖျော်ယမကာများကို ပြန်လည်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းကြီးတစ်ခုလည်းဖြစ်သည်။ အဆိုပါကုမ္ပဏီ နောက်ပိုင်းတွင် ဘီအိုစီဟု လူသိများသည့် Burma Oil Company ရုံးစိုက်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

အဆိုပါအဆောက်အအုံကြီးကို ရေနံရုံးဟု လူသိများခဲ့ပြီး အထက်မြန်မာပြည် ရေနံချောင်း၊ ချောက်တို့၌ ရေနံထုတ်လုပ်မှုကို ၁၈၈၆ ခုနှစ်ကတည်းက စတင်လုပ်ကိုင်ခဲ့သည့်လုပ်ငန်းကြီးဖြစ်သည်။

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့သည် ရေနံထုတ်လုပ်မှုကို အရှိန်မြှင့်ဆောင်ရွက်လာကြရာ အင်္ဂလိပ်တို့၏ ဘဏ္ဍာတိုက်များအတွင်းသို့ မြန်မာ့သယံဇာတများအနက်မှ ရေနံထွက်ရှိမှုအားလုံး ရောက်ရှိနိုင်ရန် ဘီအိုစီကုမ္ပဏီက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီသည် ရေနံတူးဖော်ခြင်းသာမက ရေနံဆီမီးအိမ်နှင့် ဖယောင်းတိုင်များကိုပါ ထုတ်လုပ်ရောင်းချခဲ့ပြီး ရေနံဆီကိုလည်း ရန်ကုန်၌ များစွာတိုးချဲ့သုံးစွဲခြင်းဖြင့် လူနေမှုတစ်ခေတ်ကို ပြောင်းလဲခဲ့ကြောင်း သိရသည်။

လောင်စာများနှင့် အခြားသော ထုတ်လုပ်မှုပစ္စည်းများကို ရောင်းချပေးခဲ့သည့် အဆိုပါ ရေနံရုံးကြီးသည် နေ့စဉ် လက်လီလက်ကား လာရောက်ဝယ်ယူကြသူများ၊ နိုင်ငံရပ်ခြားမှ ရေနံဝယ်ယူသည့် အင်စပက်တာများ၊ ရေနံလုပ်ငန်းရှင်များနှင့် ရေနံတင်သင်္ဘောကုမ္ပဏီပိုင်ရှင်များ နေ့စဉ်ဝင်ထွက်ကြရာ ရုံးဌာနကြီးတစ်ခုလည်း ဖြစ်သည်။

ယင်းအဆောက်အအုံသည် ရိုးစင်းသည့် ဗြိတိသျှအဆောက်အအုံတစ်ခုမျှသာ ဖြစ်သော်လည်း ဧည့်သည်များ နေ့စဉ်များပြားမှုအရ အောက်ဆုံးထပ်သည် ခေါင်မြင့် ခန်းမကျယ်များဖြင့် ရုံးအသွင်တန်ဆာကို ရယူထားခဲ့ပုံရပြီး အပေါ်ထပ်များတွင်လည်း လေဝင်လေထွက် ကောင်းမွန်စေရန်နှင့် ရာသီဥတုဒဏ်ခံနိုင်ရန်အတွက် ကြိုးစားတည်ဆောက်ထားခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

အင်္ဂလိပ်လူမျိုး အမျိုးသမီးများနှင့် မြန်မာအမျိုးသမီးများကို ဦးစားပေးခန့်အပ်ထားသည့် ရုံးဌာနတစ်ခုဟု ထိုစဉ်က နာမည်ကြီးခဲ့ကြောင်း သိရပြီး ထိုစဉ်က ရေနံလုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ဘီအိုစီ ကုမ္ပဏီတစ်ခုတည်းက လက်ဝါးကြီးအုပ်ကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ဘီအိုစီရုံးချုပ် ဖွင့်လှစ်ရာ ယင်းအဆောက်အအုံကြီးသည် ဒုတိယကမ္ဘာစစ်ကာလများတွင် အခြားသော ကိုလိုနီအဆောက်အအုံများနည်းတူ စစ်ဘေးဒဏ်သင့်ခဲ့ရပြီး အထိနာခဲ့သည့် အဆောက်အအုံကြီးတစ်ခုဖြစ်သည်။ ထို့ထက်ဆိုးသည်က စစ်ဖြစ်ပွားသည့် ကာလများတွင် ဘီအိုစီကုမ္ပဏီအတွင်း ဖျက်ဆီးသိမ်းပိုက်ခြင်းများကိုလည်း အခြားအဆောက်အအုံများထက် ပိုမိုခံစားခဲ့ရကြောင်း သိရသည်။

စစ်ပြီးကာလ၌ အဆိုပါအဆောက်အအုံကြီးအား စံပြဆေးခန်းနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကိုပေးအပ်သည့် အဆောက်အအုံအဖြစ် အသွင်ပြောင်းလဲခဲ့ပြီး ၁၉၆၃ ခုနှစ်အရောက်တွင် ယင်းအဆောက်အအုံကြီးအား ဘီအိုစီကုမ္ပဏီက အစိုးရကို ပြန်လည်ရောင်းချခဲ့သည်။

၂၀၀၅ ခုနှစ်မတိုင်မီအထိ အဆိုပါအဆောက်အအုံကြီးတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ရုံးစိုက်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ရန်ကုန်မြို့သို့ဝင်ရောက်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် အမိုးများ လွင့်ပါခြင်း၊ မျက်နှာကြက်များ ပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ရသည်။ ထို့ကြောင့် ၂၀၁၀ ပြည့်နှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အကြီးစားပြန်လည်ပြုပြင်မှုများ လုပ်ဆောင်ခဲ့သည့် အဆောက်အအုံများထဲမှ တစ်ခုလည်းဖြစ်သည်။

**ဘီအိုစီရုံးချုပ်ဖွင့်လှစ်ရာ ယင်းအဆောက်အအုံကြီးသည် ဒုတိယကမ္ဘာစစ်ကာလများတွင် အခြားသော ကိုလိုနီအဆောက်အအုံများနည်းတူ စစ်ဘေးဒဏ်သင့်ခဲ့ရပြီး အထိနာခဲ့သည့်အဆောက်အအုံကြီး တစ်ခုဖြစ်သည်။ ထို့ထက်ဆိုးသည်က စစ်ဖြစ်ပွားသည့် ကာလများတွင် ဘီအိုစီကုမ္ပဏီအတွင်း ဖျက်ဆီးသိမ်းပိုက်ခြင်းကိုလည်း အခြားအဆောက်အအုံများထက် ပိုမိုခံစားခဲ့ရ**

ခ ရီး သွာ း ဆေ ာ င် း ပါ း

# အလှထင်ပေါ် ပန်းမြို့တော်ဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

**ကားမှန်တံခါးကို ဖွင့်လိုက်သည်နှင့် တိုးဝင်လာသောလေတွင် ပန်းရနံ့တို့သင်းပျံ့စွာဝင်ရောက်လာသည်။ မွေးထုံသော ပန်းပေါင်းစုံကြောင့် နွမ်းနေသောစိတ်က လန်းသွားသည်။ ကားပြတင်းပေါက်မှ အပြင်ဘက်သို့ကြည့်လိုက်ရာ ကားလမ်းဘေး ခပ်လှမ်းလှမ်းတွင် ဖူးပွင့်ဝေဆာနေသော ရောင်စုံပန်းစိုက်ခင်းများကတစ်မျှော်တစ်ခေါ်။ နံနက်ခင်းနေရောင်က ပက်ဖျန်းထားသဖြင့် ပန်းခင်းများအလှက မြင်တွေ့ရသူတိုင်းရင်သပ်ရှုမောဖွယ်။ မြို့အဝင်မှာပင် ပန်းခင်းများတွေ့မြင်ရမှုကြောင့် ပန်းမြို့တော်ဟု ခေါ်ဆိုခြင်းဖြစ်မည်ဟု တွေးမိသည်။ ပြင်ဦးလွင်သို့မဟုတ် ပန်းမြို့တော်သို့ ကျွန်တော်တို့ရောက်ရှိချိန်သည် နံနက် ၈ နာရီရှိပြီ။**



မန္တလေးမြို့မှနံနက် ၆ နာရီကျော်က ထွက်လာခဲ့သော ကျွန်တော်တို့ မော်တော်ယာဉ်ကို ဖြည်းဖြည်းမှန်မှန်သာ မောင်းနှင်ခဲ့ခြင်းဖြစ်သည်။ ပြင်ဦးလွင်ကိုရောက်ချိန်တွင်ရာသီဥတုက အေးမြမြဖြစ်၍ သွားလာရသည်မှာ အဆင်ပြေသည်။ ကားလမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုများကို မြင်တွေ့ရသည်။ အနွေးထည်ကိုယ်စီဖြင့် သွားလာနေသောဒေသခံများကို တွေ့ရသော်လည်း အအေးဓာတ်က သိသာစွာလွှမ်းခြုံမှုမရှိဟု ခံစားရသည်။

ကျွန်တော်တို့ ပြင်ဦးလွင်မြို့တွင်းသို့ ဝင်ရောက်ခဲ့သည်။ ပြင်ဦးလွင်မြို့သည် ပုဂံမင်းလက်ထက် ၁၈၅၀ ပြည့်နှစ်က ရွာအဖြစ် တည်ရှိခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ရှမ်းနေတိုင်းရင်းသားများနေထိုင်ရာ ရွာငယ်ဖြစ်ပြီး အိမ်ခြေ ၁၅ အိမ်ခန့်သာရှိသည့်ရွာဖြစ်သည်။ ထိုအချိန်က မြန်မာအရာရှိ ဦးမောင်မောင်ဒွေးက ရွာအမည်ကို သတ်မှတ်ပေးရာတွင် အနီးရှိပြင်စာရွာနှင့် ပြင်ကြီးရွာများနှင့် လိုက်ဖက်ညီစေရန် ပြင်ဦးလွင်ရွာဟု အမည်ပေးခေါ်တွင်စေခဲ့သည်။ ကိုလိုနီခေတ် ၁၈၉၆ ခုနှစ်၌ ပြင်ဦးလွင်အား တောင်စခန်းအဖြစ် သတ်မှတ်ခဲ့ပြီး မြို့တည်ဆောက်ရန်အတွက် ဗြိတိသျှစစ်ဗိုလ်ကာနယ်မေအား တာဝန်ပေးခဲ့ရာမှ မေမြို့ဟုခေါ်တွင်ခဲ့ပြီး ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် မေမြို့ကိုမြို့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ ပြင်ဦးလွင်မြို့ထဲရောက်ခဲ့သည်။ အထပ်နိမ့်အိမ်များဖြင့် အေးချမ်းစွာတည်ရှိနေသော မြို့ဖြစ်ရာ ငြိမ်းချမ်းစွာဖြင့် တည်ငြိမ်စည်ကားလျက်ရှိသည်။ ပြင်ဦးလွင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၀၆ ပေအမြင့်တွင်တည်ရှိပြီး နွေရာသီ၌ အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ရှိကာ ဆောင်းရာသီညဘက်များ၌ အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်ခန့်ရှိနေတတ်သည်။ ရာသီဥတုမှာ မပူလွန်း၊ မအေးလွန်းဖြစ်ရာ မျှတသည်။ မန္တလေးမြို့ အရှေ့ဘက် ၄၂ မိုင်အကွာတွင်တည်ရှိပြီး ၂၀၁၃ ခုနှစ် စာရင်းများအရ လူဦးရေ ၂၅၅၀၀၀ ရှိကြောင်း သိရသော်လည်း လူနေမှုသိပ်သည်းကျပ်တည်းခြင်း မရှိသည်ကို တွေ့ရသည်။

ကျွန်တော်တို့နာရီစင်သို့ ရောက်ရှိခဲ့သည်။ ပြင်ဦးလွင်မြို့လယ်တွင် လမ်းဆုံနေရာ၌တည်ရှိပြီး ၁၉၃၅ ခုနှစ်က မန္တလေးကာတစ်ဆေးတိုက်ပိုင်ရှင် မစ္စတာ ပါဆယ်က တည်ဆောက်လှူဒါန်းခဲ့သော နာရီစင်ဖြစ်ကြောင်း သိရသည်။ နာရီစင်အောက်ပိုင်းတွင် PURCELL TOWER ဟူသော အင်္ဂလိပ်စာလုံးရေးသားထားပြီး အောက်ခြေမြေပြင်တွင် အစိမ်းရောင်အုတ်တိုင်အပုများ စိုက်ထူကာ စတီးလက်ရန်းများပတ်ပြီး ကာရံထားသည်ကို တွေ့ရသည်။ နာရီစင်တွင်တပ်ဆင်ထားသည့်နာရီမှာ ဒိုင်ခွက်အကျယ်ခြောက်ပေရှိကာ အင်္ဂလန်နိုင်ငံ ပဉ္စမမြောက်ဂျော့ဘုရင်နန်းတက်ပွဲ ငွေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် Gillete and Johnson ကုမ္ပဏီမှ ၁၉၃၄ ခုနှစ်က ထုတ်လုပ်ခဲ့သည့်အရေအတွက် အနည်းငယ်မျှသောနာရီများမှ နာရီတစ်လုံးဖြစ်သည်။ အမြင့် ၇၅ ပေရှိကာ နာရီစင်အနီးတွင် မန္တလေးပစ်ကပ်ကားဂိတ်နှင့် တက္ကစီဂိတ်များလည်းရှိသည်ကိုတွေ့ရသည်။ နာရီစင်က မြို့လယ်လမ်းဆုံတွင် ကြန့်ခြေကြီးစွာဖြင့် ရပ်တည်နေဆဲ။

နာရီစင်အနီး လှည့်လည်လေ့လာပြီးနောက် ပြင်ဦးလွင်ရှိ နာမည်ကျော် ရုက္ခဗေဒဥယျာဉ်ဘက်သို့ မော်တော်ယာဉ်ဖြင့်ထွက်လာခဲ့သည်။ ရုက္ခဗေဒဥယျာဉ်ပြုလုပ်ထားသောနေရာမှာ တောင်ကုန်းပေါ်တွင် ကဒွတ်တောရွာနှင့်မြေပြန့်နေရာတွင် ကဒွတ်တောနတ်စင်တို့ တည်ရှိခဲ့သည်။

ထိုနေရာ၌ ၁၉၁၅ ခုနှစ်ခန့်က ဥယျာဉ်ခြံစတင်လုပ်ဆောင်ခဲ့ပြီး ၁၉၁၇ ခုနှစ်၌ အစိုးရခွင့်ပြုချက်ဖြင့် တရားဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဥယျာဉ်သည် မြေဧက ၂၄၀ ရှိကာ ရေပြင်ဧရိယာမှာ ၆၅ ဧကခန့်ပါဝင်သည့် နေရာဖြစ်သည်။ ဥယျာဉ်အတွင်း ၁၉၄၂ ခုနှစ်က အပင်ပေါင်း ၄၈၃၀ ကို ပြည်တွင်းပြည်ပမှ အပင်မျိုးများ မှာယူစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ ရုက္ခဗေဒဥယျာဉ်အတွင်းရောက်ရှိခဲ့ရာ ပန်းပေါင်းစုံပွင့်ဖူးဝေဆာနေမှုများ၊ စိမ်းစိုသန့်ရှင်းနေသော မြက်ခင်းစိမ်းများ၊ ရှင်းသန့်နေသော လျှောက်လမ်း၊ ပတ်လမ်းများက ရောက်ရှိလာသူများကို စိတ်လန်းဆန်းကာ အပန်းပြေစေသည်။ ဥယျာဉ်အတွင်း ရေပြင်တွင်လည်း ဘဲငန်းများ ကူးခတ်သွားလာနေမှုများက သဘာဝဆန်ပြီး လှုပ်ရှားသွားလာနေကြသည့် ဧည့်သည်များကြောင့် ရုက္ခဗေဒဥယျာဉ်သည် အသက်ဝင်လှုပ်ရှားနေသော ပန်းချီကားတစ်ချပ်အလား ခံစားရသည်။ တောင်ကုန်းများပေါ်တွင် နှင်းဆီပန်းခင်း၊ သစ်ခွပန်းခင်းများကလည်း ရှုမငြီးစရာဖြစ်ပြီး နန်းမြင့်မျှော်စင်ပေါ်မှလည်း ပြင်ဦးလွင်မြို့ရှုခင်းနှင့် ဥယျာဉ်အလှကိုအပေါ်စီးမှ ကြည့်ရှုခံစားနိုင်သည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်ဟုလည်း ခေါ်ဆိုပြီး ကမ္ဘာပေါ်ရှိအလှဆုံး ရုက္ခဗေဒဥယျာဉ်များတွင် ပါဝင်သဖြင့် နာမည်ကျော်သည်။

အချိန်အတန်ကြာမျှ ဥယျာဉ်အတွင်း လိုက်လံကြည့်ရှုလေ့လာခဲ့ပြီးနောက် ကျွန်တော်တို့ ပြန်ထွက်ခဲ့သည်။ ပြင်ဦးလွင်မှ လားရှိုးမြို့ဘက်ထွက်သည့် ကားလမ်းအတိုင်းမောင်းလာခဲ့ရာ ပြင်ဦးလွင်မြို့အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ ဝက်ဝံရွာအနီး ပိတ်ချင်းမြောင်ဂူသို့ ရောက်ရှိခဲ့သည်။ မဟာနန္ဒမူလိုဏ်ဂူတော်ဟူသော အမည်ကို ဂူပေါက်ဝအပေါ်ပိုင်းတွင် စနစ်တကျရေးထိုးထားသည်ကို တွေ့ရသည်။ ဂူပေါက်ဝနှင့် မနီးမဝေးတွင် ရေတံခွန်ငယ်များရှိပြီး ရေများစီးကျလျက်ရှိသည်။ ပိတ်ချင်းမြောင်ဂူ၏အဝင်ဝမှာ ပေ ၂၀ ခန့်ကျယ်ပြီး ဂူအရှည်မှာ ပေ ၁၆၀၀ ခန့်ရှိကြောင်း သိရသည်။

ကျွန်တော်တို့ဂူအတွင်း တဖြည်းဖြည်းဝင်ရောက်ခဲ့သည်။ ဂူနံရံအပေါ်ပိုင်းမှသဘာဝ ကျောက်စက်ပန်းဆွဲများမြင်တွေ့ရပြီး အချို့ဂူနံရံ နေရာများတွင်ရေများစီးကျလျက်ရှိနေသည်ကို တွေ့ရသည်။ ဂူအတွင်း ဗုဒ္ဓရုပ်ပွားတော် မျိုးစုံကိုတွေ့မြင်ရပြီး ရွှေရောင်အတိပြီးသော စေတီတစ်ဆူကိုလည်း ဖူးတွေ့ခဲ့ရသည်။ ဗုဒ္ဓရုပ်ပွားတော်များမှာ အရွယ်စုံ၊ ပုံသဏ္ဌာန်မျိုးစုံဖြစ်ပြီး ကြည်ညိုစွာဖူးမြော်ခဲ့သည်။ ဂူအတွင်း ပြည်တွင်းဘုရားဖူးအချို့ကိုတွေ့ရပြီး အချိန်ပေး၍ လေ့လာနေကြသည်။ ပိတ်ချင်းမြောင်ဂူသည် လွန်ခဲ့သော နှစ်သန်း ၂၃၀ နှင့် ၃၁၀ အကြား သက်တမ်းရှိသောဂူဖြစ်ကြောင်း ပညာရှင်များက တွက်ချက်ထားသည်။ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလမှစတင်ကာ ဘုရားဖူးများတဖြည်းဖြည်းလာရောက်ဖူးမြော်ခဲ့ကြသည်ဟု ဆိုသည်။

ပိတ်ချင်းမြောင်နန္ဒမူလိုဏ်ဂူမှ အပြင်ဘက်သို့ ပြန်ထွက်လာခဲ့သည်။ ဂူအပြင်ဘက်တွင် ဘုရားလောင်းသုမေဓာရှင်ရသေ့က ဘုရားရှင်ကြွမြန်းရာလမ်း၌ ဝမ်းလျားမှောက်ကာ ပါရမီဖြည့်ဆည်းပြီး ကြာပန်းကပ်လှူနေဟန်ကို ရုပ်တုများဖြင့် ပုံဖော်ထားသည်ကိုလည်း တွေ့ရသည်။ ဂူအနီးမှ လမ်းအတန်ကြာလျှောက်လိုက်ပါက ဝက်ဝံရေတံခွန်သို့ရောက်ရှိလေသည်။ ဝက်ဝံရေတံခွန်မှာပေ ၇၀၀ ခန့် မြင့်သောနေရာမှ ရေများစီးကျနေခြင်းဖြစ်သည်။ ယခုနွေရာသီ၌ ရေနည်းနေရာ ရေတံခွန်သည်လည်း ရေနည်းနည်းသာကျဆင်းလျက်ရှိသည်ကို တွေ့ရသည်။

ကျွန်တော်တို့ ဝက်ဝံရေတံခွန်နှင့် ပိတ်ချင်းမြောင်နန္ဒမူလိုဏ်ဂူများမှ ပြန်ထွက်လာချိန်၌ မွန်းလွဲ ၁ နာရီခန့်ရှိနေပြီဖြစ်သည်။ ကျွန်တော်တို့ ပြင်ဦးလွင်ရှိ မြို့မဈေးကြီးအတွင်း ဝင်ရောက်လေ့လာခဲ့သည်။ ဆွယ်တာအထည်များ၊ စတော်ဘယ်ရီ၊ ကော်ဖီမှုန့်များ၊ အဝတ်အထည်များ၊ ဝိုင်များစသည်တို့ကို ရောင်းချနေသည်မှာ စည်စည်ကားကားရှိနေသည်။ နေ့ခင်းပိုင်းဖြစ်၍ဈေးရောင်းဈေးဝယ်ပါးသွားသော်လည်း ဈေးဆိုင်ခန်းများက သူ့ဖောက်သည်နှင့်သူ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကျွန်တော်တို့မြို့မဈေးကြီးအတွင်း လိုက်လံလေ့လာကြည့်ရှုခဲ့ပြီးနောက် ပွဲကောက်ရေတံခွန်ဘက်သို့ ထွက်လာခဲ့သည်။ ပွဲကောက်ရေတံခွန်က ပွေးကောက်ရွာအနီး

***စာမျက်နှာ ၁၇ သို့***



*စာမျက်နှာ ၁၆ မှ*

တည်ရှိပြီး ဗြိတိသျှခေတ်က ဟမ်ရှိုင်းဟားရေတံခွန်ဟုလည်းခေါ်ဆိုခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် လမ်း၊ တံတားများ ဖောက်လုပ်ပေးခဲ့သည့် ဘီအီးတပ်ကိုအစွဲပြုပြီး ဘီအီးရေတံခွန်ဟုလည်း ခေါ်ခဲ့ကြသည်။ ပွဲကောက်ရေတံခွန်အနီးတွင် ၁၉၆၉ ခုနှစ်က လူရည်ချွန်စခန်းဖွင့်ခဲ့ဖူးသည်။ ကျွန်တော်တို့ ပွဲကောက်ရေတံခွန်သို့ ရောက်ရှိခဲ့ကြသည်။ နွေရာသီမို့လားမသိ။ ရေတံခွန်တွင် ရေများကျဆင်းမှုနည်းနေသည်ကို တွေ့ရသည်။ ရေတံခွန်ထိပ်၌ စေတီငယ်တစ်ဆူတည်ထားသည်ကိုတွေ့ရပြီး အရန်စေတီလေးများဝန်းရံထားသည့် ရေတံခွန်ဘေးမှ လှေကားထစ်များဖြင့် တက်လမ်းပြုလုပ်ပေးထားပြီး တံတားငယ်များလည်း တည်ဆောက်ပေးထားသည်။ ရေတံခွန်မှ ရေကျသံများကို ကြားရပြီး အပန်းဖြေရေချိုးနေကြသည့် ခရီးသွားများကိုလည်း တွေ့ရသည်။ ပတ်ဝန်းကျင်က တောရိပ်၊ တောင်ရိပ်တို့ဖြင့် အေးမြတိတ်ဆိတ်နေသော်လည်း ရေချိုးသူများအသံက ပျံ့လွင့်လျက်ရှိနေသည်။ ကျွန်တော်တို့ ပွဲကောက်ရေတံခွန်တွင် ခေတ္တထိုင်ကာ အပန်းဖြေကြသည်။ ရေဆင်းနည်းနေသောကြောင့် ရေမချိုးကြတော့။

ပွင့်လင်းရာသီဖြစ်သည့်အပြင် အပူချိန်မြင့်တက်နေသော ကာလများဖြစ်၍လားမသိ။ ပွဲကောက်ရေတံခွန်သို့ လာရောက်ကြသည့် ခရီးသွားဧည့်သည်ကများသည်။ မန္တလေးမြို့သို့ လာရောက်ကြသည့် ပြည်တွင်းပြည်ပဧည့်သည်များသည် ပြင်ဦးလွင်အထိတက်လာကာ လည်ပတ်ကြပြီး ပွဲကောက်ရေတံခွန်သို့လည်း ရောက်အောင်လာကြသည်။ ပွင့်လင်းရာသီကာလအတွင်း ပွဲကောက်ရေတံခွန်သည် နေ့စဉ်ခရီးသွားဧည့်သည်များ ပြတ်သည်မရှိ။ စည်ကားနေတတ်သည်။ ခရီးသွားဧည့်သည်များအတွက် ပွဲကောက်ရေတံခွန်က အပန်းဖြေစခန်းတစ်ခုပင်။

## ပြင်ဦးလွင်မြို့သည် ပုဂံမင်းလက်ထက် ၁၈၅၀ ပြည့်နှစ်က ရွာအဖြစ်တည်ရှိခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ရှမ်းခနတိုင်းရင်းသားများနေထိုင်ရာ ရွာငယ်ဖြစ်ပြီး အိမ်ခြေ ၁၅ အိမ်ခန့်သာရှိသည့် ရွာဖြစ်သည်။ ထိုအချိန်က မြန်မာအရာရှိ ဦးမောင်မောင်ဒွေးက ရွာအမည်ကို သတ်မှတ်ပေးရာတွင် အနီးရှိပြင်စာရွာနှင့် ပြင်ကြီးရွာများနှင့် လိုက်ဖက်ညီစေရန် ပြင်ဦးလွင်ရွာဟု အမည်ပေးခေါ်တွင်စေခဲ့

ကျွန်တော်တို့ ပွဲကောက်ရေတံခွန်မှ ပြန်ထွက်လာခဲ့သည်။ "ဓာတ်တော်ချိုင့်ရေတံခွန်ဘက် သွားဦးမလား" ဟုအတူပါလာသူ ပြင်ဦးလွင်မြို့သား ကိုအောင်ညွှန့်ကမေးသော်လည်း အချိန်မရနိုင်တော့။ ပြင်ဦးလွင်အနီးတစ်ဝိုက်တွင် ဓာတ်တော်ချိုင့်ရေတံခွန်၊ ပွဲကောက်ရေတံခွန်နှင့် ဝက်ဝံရေတံခွန်တို့မှာလူသိများပြီး သွားရောက်လည်ပတ်မှုများသော ရေတံခွန်များဖြစ်သည်။ ဓာတ်တော်ချိုင့်ရေတံခွန်သည် ဓာတ်တော်ချိုင့်(ခေါ်) အနီးစခန်းအနီးတွင်တည်ရှိပြီး အနီးစခန်းမှ နှစ်မိုင်ခန့်သာကွာဝေးသည်။ လွန်ခဲ့သောငါးနှစ်ခန့်က ကျွန်တော် တစ်ခေါက်ရောက်ဖူးသည်ကိုပြန်အမှတ်ရမိသည်။ တောင်ကမ်းပါးယံအထက်မှ ပေ ၁၀၀ ကျော်နက်သော လျှိုမြောင်အတွင်း ရေများကျဆင်းနေခြင်းဖြစ်ပြီး ရေတံခွန်အမြင့်မှာ မီတာ ၁၂၀ ကျော်ခန့်ရှိနိုင်ကြောင်း တွက်ဆမိသည်။ စိမ်းနေသောတောင်တန်းများ၊ အေးမြသောရာသီဥတုနှင့် အဆင့်သုံးဆင့် စီးဆင်းကျနေသည့် ဓာတ်တော်ချိုင့်ရေတံခွန်သည်လည်း နွေရာသီတွင် ရေကျဆင်းမှုနည်းကြောင်းသတိတရ အမှတ်ရနေမိသည်။

ကျွန်တော်တို့ ပြင်ဦးလွင်သို့ မော်တော်ယာဉ်ဖြင့် ပြန်လာခဲ့ကြသည်။ လမ်းဘေးဝဲယာနှင့် တောင်ကြားများတွင် စတော်ဘယ်ရီစိုက်ခင်းများ၊ ကော်ဖီခြံများ၊ ပန်းပေါင်းစုံစိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို တွေ့မြင်ရသည်။ အော်ဂဲနစ်ကော်ဖီစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းကာ ပြည်ပသို့တင်ပို့နေကြောင်း သတင်းကောင်းကြားသိခဲ့ရ၍ ဝမ်းသာစိတ်ဖြစ်မိသည်က အမှန်ပင်။ အရည်အသွေးအဆင့်အတန်းမီသော စိုက်ပျိုးထုတ်ကုန်များအတွက် ခိုင်မြဲသောဈေးကွက်သည်လည်း လိုအပ်ချက်အမှန်ပင်ဖြစ်သည်။

ပြင်ဦးလွင်မြို့ရောက်ချိန်တွင် နေစောင်းပြီဖြစ်သည်။ ပြင်ဦးလွင်မြို့ရှိ ကိုလိုနီခေတ်အဆောက်အအုံများရှိရာ မြို့ပတ်လမ်းအဆုံး တောင်ဘက်သို့ မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုခဲ့သည်။ ၁၉၀၄ ခုနှစ်က တည်ဆောက်ခဲ့သော ဘုံဘေဘားမားကုမ္ပဏီအဆောက်အအုံဟောင်း၊ ၁၉၀၃ ခုနှစ်က တည်ဆောက်ခဲ့သော ဂါဗားနားအဆောက်အအုံဟောင်းနှင့် အခြားအဆောက်အအုံအချို့ကို မြင်တွေ့ရသည်။ ဂါဗားနားအဆောက်အအုံမှာ ၁၉၄၃ ခုနှစ်က ပျက်စီးခဲ့သဖြင့် မူလအတိုင်းပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ ကိုလိုနီခေတ်အဆောက်အအုံအချို့ကို မူလအတိုင်းမပျက်စီးစေဘဲ မွမ်းမံမှုပြုလုပ်ကာ ဟိုတယ်အဖြစ် ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ခဲ့ရသည်။

တဖြည်းဖြည်းနှင့် မှောင်ရိပ်သမ်းလာပြီဖြစ်ရာ တည်းခိုရာနေရာသို့ ပြန်လာခဲ့ကြသည်။ ပြင်ဦးလွင်၏ အအေးဓာတ်က မသိမသာတိုးဝင်လာရာ အေးစိမ့်စိမ့်ဖြစ်လာသည်။ ဆွယ်တာများထွက်ရှိသည့်မြို့ဖြစ်ရာ အပြန်တွင် ဆွယ်တာများ လက်ဆောင်အဖြစ်ဝယ်ရန် စိတ်ကူးသော်လည်း တဖြည်းဖြည်းအပူချိန်မြင့်တက်လာသော ရာသီဥတုကြောင့် ရန်ကုန်တွင် ဆွယ်တာဝတ်ချိန်သိပ်မရှိဟုတွေးကာ စိတ်ထဲမှထုတ်ပယ်လိုက်ရသည်။

တစ်နေ့လုံး ပင်ပန်းခဲ့သဖြင့် စောစီးစွာအိပ်ရာဝင်ခဲ့သည်။ ခေါင်းချသည်နှင့် အိပ်ပျော်သွားရာ အိပ်မက်ထဲတွင် စတော်ဘယ်ရီခင်းများ၊ ပန်းမျိုးစုံဖူးပွင့်နေသည့်စိုက်ခင်းများနှင့် ရေတံခွန်အကြား အလည်တစ်ခေါက် ပြန်ရောက်သွားနေမိတော့သည်။



## ဝဖြိုးသောခန္ဓာကိုယ်မရှိသည့် သာမန်လူများတွင်လည်း ဆီးချိုရောဂါအဆင့်-၂ ဖြစ်ပွားကြောင်း သုတေသနလေ့လာပြုလုပ်ချက်မှ တွေ့ရှိ



**ဘာသာပြန် - ကေသွယ်**

ဆီးချိုရောဂါအဆင့် (၂)ဟု နိုင်ငံပိုင်ဆေးရုံနှင့် လူနာမှတ်တမ်းတွင် ထည့်သွင်းသတ်မှတ်ချက်ပြုခဲ့ကြောင်း ဖော်ပြထားသည်။ သုတေသနပြုလုပ်ထားသည့်အစီရင်ခံစာတွင် အသက်အရွယ်ငယ်ပြီး ကျန်းမာသန်စွမ်းသော လူငယ်ပင်ဖြစ်လင့်ကစား ၎င်းတို့အထဲမှ လူဦးရေအများဆုံးမှာ ဆီးချိုရောဂါကို သက်လတ်ပိုင်းအချိန်တွင် စတင်ဖြစ်ပွားလေ့ရှိကြကာ တစ်ဝက်ခန့်မှာ အသက် ၄၆ နှစ် နောက်ပိုင်းမှ စတင်ကာ ဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း ဖော်ပြထားသည်။

ဆွီဒင်နိုင်ငံတွင် လူငယ်များအကြောင်း ပြုလုပ်ခဲ့သော လေ့လာချက်အရ ဘဝသက်တမ်းတစ်လျှောက်၌ ခန္ဓာကိုယ်ရှိကြွက်သားများအား သန်မာစေသည့် ပုံမှန်လေ့ကျင့်ခန်းများကို ပြုလုပ်လေ့မရှိသူများနှင့် နှလုံးကြွက်သားကို အမောခံနိုင်စေရန် အဆုတ်အားကောင်းစေသည့် အသက်ရှုလေ့ကျင့်ခန်းများကို ပုံမှန်ပြုလုပ်ခြင်းမရှိခဲ့သည့် လူများတွင် ၎င်းတို့ရှင်သန်ရာသက်တမ်းတစ်လျှောက်ရှိ ဒုတိယသက်တမ်း၌ ဆီးချိုရောဂါအဆင့်(၂)ဟု သတ်မှတ်ထားသည့် ရောဂါခံစားရနိုင်ဖွယ်ရှိကြောင်း ရိုက်တာကျန်းမာရေးသတင်းတွင် ဖော်ပြထားသည်။

သုတေသနလေ့လာချက် ပြုလုပ်သူများအနေဖြင့် "ကျန်းမာကြံ့ခိုင်ခြင်း" ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သုတေသနပြုလုပ်ချက်တိုင်းတွင် ထည့်သွင်းလုပ်ဆောင်လေ့ရှိကြပြီး အထူးသဖြင့် အမျိုးသမီးများနှင့် အမျိုးသားများအကြားရှိ မတူညီသော အသက်အရွယ်အပိုင်းအခြားအပေါ်တွင်လိုက်ကာ ကျန်းမာကြံ့ခိုင်ခြင်းအဆင့်ကို သတ်မှတ်ဖို့ရန်အတွက် ဖြစ်နိုင်ခြေလျော့နည်းကြောင်း သိရသည်။

လူရဲ့ အပြင်ပန်းအသွင်သဏ္ဌာန်အရ ဝဖြိုးသော ခန္ဓာကိုယ်ပုံစံမျိုးမဟုတ်သည့်တိုင်အောင် သာမန်

လူတစ်ယောက်ချင်းစီအလိုက် လှုပ်ရှားတက်ကြွသည့် အနေအထားနှင့် မျိုးရိုးဗီဇတို့သည် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးကိုသာ အဓိကဆုံးဖြတ်



ကိုယ်ဟန်အနေအထားရှိသည့်သူများတွင်ပင် ၎င်းတို့ရှင်သန်နေထိုင်ရာ သက်တမ်းတစ်လျှောက်တွင် လူ့ခန္ဓာကိုယ်တစ်ခုလုံးကို လှုပ်ရှားမှုဖြစ်စေသည့် အေရိုးဗစ်ကဲ့သို့ လှုပ်ရှားတက်ကြွစေသည့် အားကစားအမျိုးအစားနှင့် ကြွက်သားများကို ဆန့်ထုတ်သည့် လေ့ကျင့်ခန်း အစရှိသည့် လှုပ်ရှားမှုအမျိုးအစား နှစ်မျိုးစလုံးကို ပုံမှန်လုပ်ဆောင်ခြင်းမျိုးမရှိခဲ့ပါက ရေရှည်၌ ဆီးချိုရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာလေ့ရှိသည့်အပြင် ဒုတိယသက်တမ်းကာလရောက်ရှိချိန်၌ ဆီးချိုရောဂါအဆင့်(၂)ဟု သတ်မှတ်နိုင်သည့် ရောဂါဖြစ်ပွားလေ့ရှိသည်ကို တွေ့ရှိခဲ့ရကြောင်း နယူးယောက်မြို့ Mount Sinai ရှိ Icahn ဆေးကျောင်းမှ ဆရာဝန် Casey Crump က ရေးသားဖော်ပြထားသည်ဟု သိရသည်။

သုတေသနပြုချက်ကို ၁၉၆၉ နှင့် ၁၉၉၇ ခုနှစ်ကြားတွင် ဆွီဒင်နိုင်ငံ စစ်မှုမထမ်းမနေရ ဥပဒေအရ စစ်မှုထမ်းရသူ အသက် ၁၈ နှစ်အရွယ် တစ်သန်းအထက်ရှိသော ယောကျ်ားလေးများ (ဆီးချိုရောဂါဖြစ်ပွားမှုနှင့်ပတ်သက်သော သမိုင်းမရှိထားသော) သူများ၏ အချက်အလက်များကို သုတေသနပြုလုပ်သူများက စူးစမ်းကာ လေ့လာမှုပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါ အမျိုးသားများကို သုတေသနပညာရှင်များက ၂၀၁၂ ခုနှစ်တိုင်အောင် ဆက်လက်လေ့လာမှုပြုလုပ်ခဲ့ပြီးနောက်တွင် ထိုအမျိုးသားများထဲမှ ၂ ရာခိုင်နှုန်း (သို့မဟုတ်) လူဦးရေ ၃၄၀၀၀ တို့တွင် ဆီးချိုရောဂါဖြစ်ပွားခဲ့သည်ကိုတွေ့ရှိခဲ့ရကာ ၎င်းတို့အားပေးနေသည်ကိုတွေ့မြင်ကြရကြောင်း ဖော်ပြထားသည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ တက်ကြွမှုရှိသည့်လူများအတွက် ရုပ်ပိုင်းဆိုင်ရာ အပြင်ပန်းပုံသဏ္ဌာန်တွင် လန်းဆန်းစေသည့် အသွင်သဏ္ဌာန်ထွက်ပေါ်လေ့ရှိသည်ကို တွေ့မြင်ကြရလေ့ရှိသည်။

ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရရှိစေခြင်းနည်းတူ အစာရေစာဖြင့်ဝိတ်ချခြင်း diet လုပ်ဆောင်မှုတို့နှင့်အတူ လူတို့အတွက် ဖြတ်သန်းခဲ့ရာသက်တမ်းတစ်လျှောက် ကူးစက်လွယ်သည့်အချက်တို့နှင့် ဆီးချိုရောဂါဖြစ်ပွားမှုတို့ အဆက်အစပ်ရှိနိုင်ကြောင်းကိုလည်း လေ့လာမှုပြုလုပ်ထားကြောင်းလည်း သိရသည်။

ရောဂါဘယဖြစ်ပွားသူတို့၏ အဓိကအချက်မှာ နေ့စဉ်ဘဝ၌ တစ်ကိုယ်လုံးလှုပ်ရှားသည့် အားကစားတွင်ပါဝင်သည့် အေရိုးဗစ်လေ့ကျင့်ခန်းနှင့် ကြွက်သားများသန်မာစေသည့်အားကစားလှုပ်ရှားမှုများကို အချိန်ပေးလေ့ကျင့်လေ့မရှိသူများတွင် ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းကို တိုးတက်စေကြောင်း ဆိုထားသည်။ ထို့ကြောင့် သုတေသနပညာရှင်များဘက်မှ လူသားတို့ဖြတ်သန်းနေကြသော နေ့စဉ်ဘဝများတွင် တစ်နေကုန်တီဗွီကြည့်ခြင်း၊ ကွန်ပျူတာသုံးခြင်း၊ ဂိမ်းကစားသုံးစွဲခြင်း၊ ချက်တင်အသုံးပြုကာ အချိန်များကုန်ဆုံးစေခြင်း အစရှိသည့် ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ အချိန်ကြာမြင့်စွာ တစ်နေရာထဲ ထိုင်နေမှုများခြင်းတို့သည် ဆီးချိုရောဂါဖြစ်ပွားမှုဆီသို့ ဦးတည်နေကြောင်း သတိပေးပြောကြားခဲ့သည်ဟု သိရှိရပါသည်။

နိုင်ငံတကာရေးရာဆောင်းပါး

**မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။** (စာတည်းအဖွဲ့)

# အကြမ်းဖက်မှုများနှင့် ထောက်လှမ်းရေးအေဂျင်စီတို့၏ အခန်းကဏ္ဍ

ခြူးစန္ဒီနွေး

ယနေ့ခေတ်ကမ္ဘာကြီး၏ နည်းပညာတိုးတက်မှုမှာ အံ့မခန်းပင်ဖြစ်သည်။ သတင်းအချက်အလက်ရှာဖွေစုဆောင်းရန်လည်း အင်မတန်လွယ်ကူလာသည်။

ကမ္ဘာအရှေ့ခြမ်း၌ ဖြစ်ပွားနေသော ကိစ္စရပ်များကို ကမ္ဘာ့အနောက်ခြမ်းမှ အချိန်နှင့်တစ်ပြေးညီသိနိုင်သည်။ နည်းပညာတိုးတက်မှု၏ ရလဒ်ပင်ဖြစ်သည်။ ဤကဲ့သို့ ကမ္ဘာကြီး၌ တိုးတက်မှုများရှိသကဲ့သို့ ဆုတ်ယုတ်မှုအနေဖြင့်လည်း အကြမ်းဖက်မှုများ ထူပြောလာသည်။ တိုးတက်လာသော နည်းပညာအကူအညီဖြင့် လျှို့ဝှက်ထောက်လှမ်းမှုများ၊ သတင်းအချက်အလက်ရှာဖွေမှုများ ယခင်ကထက် ပို၍မြန်ဆန်လွယ်ကူစွာ ပြုလုပ်လာနိုင်သော်လည်း ကမ္ဘာ့နေရာများ၌ ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများကို ထိရောက်စွာ နှိမ်နင်းနိုင်ခြင်း၊ မဖြစ်ပွားမီက ကြိုတင်ကာကွယ်ခြင်းတို့ မပြုလုပ်နိုင်သေးပေ။ အားနည်းချက်တွေက မည်သည်တို့နည်း။

မကြာသေးမီက ဘရပ်ဆဲလ်လေဆိပ်နှင့် မြေအောက်ဘူတာရုံ၌ ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ကျူးလွန်သူများကို ဖော်ထုတ်ရန် ကမ္ဘာအနှံ့ရှိ ထောက်လှမ်းရေးအေဂျင်စီများအချင်းချင်း သတင်းအချက် အလက်မျှဝေရန်၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် တောင်းဆိုမှုများထွက်ပေါ်လာသည်။

ဖြစ်သင့်ဖြစ်ထိုက်သော တောင်းဆိုမှုတစ်ရပ်ပင် ဖြစ်သည်။ သို့သော် ထင်သလောက်လည်း မလွယ်ကူပေ။ အဓိကပြဿနာမှာ ရှေးယခင်ကတည်းက အခြေကျ အမြစ်စွဲနေသည့် သူလျှိုလုပ်ငန်း၏ သဘောသဘာဝများကြောင့် ပင်ဖြစ်သည်။ ထောက်လှမ်းရေးအေဂျင်စီများသည် အခြားနိုင်ငံမှ သတင်းအချက်အလက်များကိုရအောင် ခိုးယူ၍ မိမိ၌ရှိသော သတင်းအချက်အလက်များကိုမူ တခြားသူတို့မရရှိစေရေး အစွမ်းကုန်ကာကွယ်ကြသည်။

ပါရီမြို့၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုတွင် ဘယ်လ်ဂျီယံအခြေစိုက် အကြမ်းဖက်သမားများသည် လူပေါင်း ၁၃၀ ခန့်ကို သတ်ဖြတ်ခဲ့သည်။ ယင်းတိုက်ခိုက်မှုပြီးနောက် ပြင်သစ်နှင့်ဘယ်လ်ဂျီယံနိုင်ငံတို့အကြား သတင်းမျှဝေမှုကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ သို့သော် ဘယ်လ်ဂျီယံနိုင်ငံ၏ သတင်းအချက်အလက် ရယူဆောင်ရွက်မှုမှာ ထင်သလောက် အရာမရောက်ခဲ့ပေ။

လျှို့ဝှက်ထောက်လှမ်းရေးအေဂျင်စီများသည် အလုံပိတ်အဖွဲ့အစည်းနှင့်တူသည်။ ယင်းတို့သည် တခြားနိုင်ငံမှရသောသတင်းများကို ယုံကြည်မှုအားနည်းသည်။ ဥပမာ- ၂၀၀၃ ခုနှစ် အမေရိကန်တို့ အီရတ်သို့ ကျူးကျော်မှုမပြုမီ ဂျာမနီ၌ ဝင်ရောက်ခိုလှုံနေသူ အီရတ်တစ်ဦးက ဆတ်ဒမ်ဟူစိန်သည် ဇီဝလက်နက်စက်ရုံများ ပိုင်ဆိုင်ကြောင်းပြောခဲ့သည်။ ဂျာမနီတို့က ထိုသူမှာ စိတ်မူမမှန်ကြောင်း CIA သို့ သတိပေးခဲ့သည်။ သို့သော် အမေရိကန်တို့က လျစ်လျူရှုခဲ့သည်။ ထိုအကြောင်းအရာသည် အမေရိကန်သမ္မတဂျော့ဒဗျူဘုရှ်အစိုးရ၏ အီရတ်၌ စစ်ပွဲဆင်နွှဲသင့်သည်ဟူသော ဆုံးဖြတ်ချက်ကို ခိုင်မာစေခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကင်းမဲ့ခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။

ကမ္ဘာ့ထောက်လှမ်းရေးအေဂျင်စီများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ သတင်းအချက်အလက် မျှဝေရမည့် အစားတစ်ဖွဲ့၏ အတွင်းရေးကို တခြားတစ်ဖွဲ့က ဖော်ထုတ်နိုင်ရန်သာ အသည်းအသန်ကြိုးစားကြသည်။ အချင်းချင်း ထောက်လှမ်းကြသည်။

နှစ်ပေါင်းများစွာကြာအောင် CIA နှင့် FBI တို့သည် အချင်းချင်းသတင်းအချက်များ မျှဝေခဲ့ကြသည်။ စိတ်အားထက်သန်စွာဖြင့်တော့ မဟုတ်ချေ။ အချင်းချင်းမလွှဲသာမရှောင်သာ၍ ဖလှယ်နေရခြင်းဖြစ်သည်။ FBI နှင့် CIA တို့၏ တာဝန်ဝတ္တရားများမှာလည်း မတူညီကြပေ။ CIA က သတင်းအချက်အလက်များ ထောက်လှမ်းရပြီး FBI ကမူ ရာဇဝတ်သားများကို လိုက်လံဖမ်းဆီးရသည်။ ယနေ့အချိန်အခါ၌မူ တန်ပြန်ထောက်လှမ်းရေးနှင့် အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေးလုပ်ငန်းများကို ယခင်ကထက်ပို၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း နှစ်ဖွဲ့စလုံးက ပြောသည်။

ထောက်လှမ်းရေးအေဂျင်စီအချင်းချင်း အပြန်အလှန်ထောက်လှမ်းကြပုံကို ဥပမာပေးရမည်ဆိုလျှင် အမေရိကန်တို့သည် ပြင်သစ်သမ္မတသုံးဆက်တိုင် တယ်လီဖုန်းလိုင်းများ ကြားဖြတ်နားထောင်၍ စုံစမ်းထောက်လှမ်းမှုများပြုလုပ်ခဲ့သည်ဟု ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက စွပ်စွဲခဲ့သည်။ အမေရိကန်ရှိအမျိုးသားလုံခြုံရေးအေဂျင်စီ (NSA) က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်သံအမတ်ကြီးကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆင့်ခေါ်ခဲ့သည်။ ယခုကဲ့သို့ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်ပြောဆိုမှုများကိုကြားဖြတ်နားထောင်ခြင်းမှာ သည်းမခံနိုင်ဖွယ်ကိစ္စဖြစ်သည်ဟု ပြင်သစ်တို့က အိုဘားမားထံတယ်လီဖုန်းဖြင့်ဆက်သွယ်၍လည်း မကျေနပ်ကြောင်းပြောကြားသည်။

NSA သည်ပြင်သစ်သမ္မတ ဟော်လန်း၏ ဖုန်းလိုင်းပြင်သစ်သမ္မတ သုံးဆက်တိုင် တယ်လီဖုန်းလိုင်းများ ခိုးယူနားထောင်ခဲ့ခြင်းမှာ ပထမဦးဆုံးအကြိမ်မဟုတ်ခဲ့ပေ။ ၁၉၉၅ ခုနှစ်ကလည်း ပြင်သစ်နိုင်ငံအတွင်း သူလျှိုမှုဖြင့် CIA အထူးစုံထောက်ငါးဦးကို ပြင်သစ်အစိုးရက ပြည်နှင်ဒဏ်ပေးခဲ့သည်။

ထိုနည်းတူစွာ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ ပြင်သစ်နိုင်ငံသို့ သွားရောက်သည့်အခါ ၎င်းတို့၏ လက်စွဲကွန်ပျူတာများကို ဟိုတယ်ခန်းအတွင်း ချန်ရစ်မထားခဲ့ရန် အမေရိကန်အစိုးရက သတိပေးခဲ့သည်။

ပြင်သစ် တန်ပြန်ထောက်လှမ်းရေးအဖွဲ့ဝင်များက ဟိုတယ်ခန်းများအတွင်းဝင်ရောက်ကာ ကုန်သွယ်ရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ခိုးယူမည်စိုးသောကြောင့်ပင်ဖြစ်သည်။ မြွေမြွေချင်းခြေမြင်သည့်သဘောပင်။

ယှဉ်ပြိုင်မှုများတစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြင်းထန်သော် လည်း အကြမ်းဖက်မှုနှိမ်နင်းရာတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြသည်။

ဆဲဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုကြီးများလည်း ဖြစ်ပွားဆဲဖြစ်သည်။ ထောက်လှမ်းရေးအေဂျင်စီအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မည်သည့်အရာများဖြစ်လာမည်ကိုမူ မည်သူမျှ တိတိကျကျ မသိကြပေ။

ပါရီ၊ ဘရပ်ဆဲလ်၊ လန်ဒန်၊ အစ္စတန်ဘူလ်၊ အန်ကာရာ၊ ကယ်လီဖိုးနီးယားအပါအဝင် ကမ္ဘာအနှံ့ရှိ မြို့ကြီးများ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများခံရသည့် မြို့ကြီးများသည် တိုက်ခိုက်ခံရပြီးနောက် ပြန်လည်ထူထောင်နိုင်အောင်၊ ပတ်ဝန်းကျင်အသစ်တစ်ခုဖြစ်လာအောင် ဖန်တီးပြုပြင်ကြသည်။ အကြမ်းဖက်တိုက်ခိုက်မှုများ၏ ခြိမ်းခြောက်မှုသည် ယခင်ကထက်ပို၍ ကြီးထွားလာသည်။ အနောက်ဥရောပမှ စစ်သွေးကြွရာပေါင်းများစွာတို့သည် အိုင်အက်(စ်)အဖွဲ့နှင့် ပူးပေါင်းရန် ဆီးရီးယားသို့ ထွက်ခွာလာကြသည်။ ၎င်းတို့ထဲမှ အချို့သည် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် မိမိတို့နေရပ်ဆီသို့ ပြန်လာခဲ့ကြသည်။ အရှေ့အလယ်ပိုင်း စစ်ဖြစ်ပွားရာဒေသများမှ ဒုက္ခသည်များမှာလည်း ဥရောပသို့ အလုံးအရင်းနှင့် ဝင်ရောက်လာကြသည်။ ပြဿနာများ၊ ပဋိပက္ခများပို၍ ပို၍တိုးပွားလာသည်။

ဥရောပ၌ နယ်စပ်ဂိတ်များဖွင့်ပေးလိုက်ခြင်းသည် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ပိုမိုလွယ်ကူလာစေပြီး စုံစမ်းထောက်လှမ်းမှုများပြုလုပ်ရန် ပို၍ခဲယဉ်းလာသည်။

ပါရီမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရာ၌ ပါဝင်ခဲ့သူများသည် တိုက်ခိုက်မှုမပြုလုပ်မီနှင့် ပြုလုပ်ပြီးနောက်ပိုင်းတို့တွင် ဘယ်လ်ဂျီယံနှင့် ပြင်သစ်နိုင်ငံတို့အတွင်း လွတ်လပ်စွာဖြတ်သန်းသွားလာနေထိုင်ခဲ့ကြသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ၊ အသေခံဗုံးခွဲမှု



အပါအဝင် ပြင်သစ်ထိပ်တန်းအရာရှိများ၏ လက်ကိုင်ဖုန်းများကိုပစ်မှတ်ထား၍ ခိုးယူနားထောင်မှုများပြုလုပ်ခဲ့သည်ဟု ပြင်သစ်မီဒီယာများက ရေးသားဖော်ပြကြသည်။

အဆိုပါ ကြားဖြတ်နားထောင်မှုသည် ဝီကီလိခ်ဝက်ဆိုက်မှတစ်ဆင့် လျှို့ဝှက်ချက်များ ဖော်ထုတ်ရာမှတစ်ဆင့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်သည်လည်း အလားတူအဖြစ်အပျက်မျိုးနှင့် ကြုံတွေ့ခဲ့ရသည်။ NSA က ဂျာမနီဝန်ကြီးချုပ်၏ ကိုယ်ရေးကိုယ်တာဖုန်းလိုင်း ခိုးယူနားထောင်ခဲ့ခြင်းကို ယခုရုရှားနိုင်ငံ၌နိုင်ငံရေးအရ ခိုလှုံနေသူ အက်ဒဝက်စနိုဒင်က ဖော်ကောင်လုပ်ခဲ့သည်။

အဆိုပါအဖြစ်အပျက်များကြောင့် ဂျာမနီနှင့် အမေရိကန်တို့ဆက်ဆံရေးတင်းမာခဲ့သည်။ ယင်းနောက်တစ်နှစ်ခန့်ကြာသော် ဂျာမနီထောက်လှမ်းရေးအဖွဲ့ BDN ၏ သတင်းများဝင်ရောက်ခိုးယူ ထောက်လှမ်းမှုဖြင့် ဘာလင်မြို့မှ CIA ဌာနချုပ်ကိုဖယ်ရှားပစ်ခဲ့သည်။

သမိုင်းတစ်လျှောက် အလားတူအဖြစ်အပျက်မျိုး မကြာခဏဆိုသလို ဖြစ်ပွားခဲ့သည်။ NSA ၏

ရုရှားနှင့် အမေရိကန်တို့တွင် အင်အားကြီးမားသည့် ယှဉ်ပြိုင်မှုမျိုးရှိနေသော်လည်း FBI အဖွဲ့က အကြမ်းဖက်သမားဟု သံသယရှိ၍ ဖမ်းဆီးထားသူနှင့် ပတ်သက်ပြီး ရုရှားတို့က သတိပေးမှုများပြုလုပ်ခဲ့သည်။ သို့သော် သက်သေ အထောက်အထားခိုင်ခိုင်လုံလုံမရှိ၍ ၎င်းကို လွှတ်ပေးလိုက်ရသည်။ ၎င်းသည် နောင်တွင် ဘော်စတွန်မာရသွန်ဗုံးခွဲသူ နှစ်ဦးအနက်မှ တစ်ဦးဖြစ်လာခဲ့သည်။

သမိုင်းကြောင်းတစ်လျှောက် အမေရိကန်နှင့်ဗြိတိန်တို့၏ ထောက်လှမ်းရေး အေဂျင်စီအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများစွာရှိခဲ့သည်။ NSA အနေဖြင့် တယ်လီဖုန်းလိုင်းများ ကြားဖြတ်နားထောင်ခြင်း၊ အခြားနိုင်ငံများ၏ အတွင်းရေးများကို လျှို့ဝှက်ထောက်လှမ်းမှုများ ပြုလုပ်ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဗြိတိန်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများရှိ ထောက်လှမ်းရေးအေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ဆဲဖြစ်သည်။

ကမ္ဘာပေါ်ရှိ ထောက်လှမ်းရေးအေဂျင်စီများ အချင်းချင်း သတင်းအချက်အလက်များမျှဝေရာ၌ သံသယများရှိနေသော်လည်း ပူးပေါင်းဆောင်ရွက်မှုများသည် ဆက်လက်ဖြစ်ပွားဖွယ်ရှိနေသည်။ ထို့ကြောင့် ထောက်လှမ်းရေး အေဂျင်စီအချင်းချင်း လုံခြုံရေးအစီအမံများအောက်မှ သတင်းအချက်အလက်မျှဝေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်သည်။ ဥပမာ အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုတန်ပြန်တိုက်ခိုက်ရေးအဖွဲ့၏ ထိပ်တန်းအရာရှိများက ကမ္ဘာ့နေရာအနှံ့အပြားမှရရှိလာသည့် သတင်းများထဲမှ တိကျခိုင်မာပြီး မှန်ကန်မှုရှိသည့် သတင်းများကို ရွေးချယ်ဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်မှုများကို မဖြစ်မီက ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ ထောက်လှမ်းရေးအေဂျင်စီများသည် အတိတ်ကာလက တစ်ဖွဲ့နှင့်တစ်ဖွဲ့ သတင်းထောက်လှမ်းမှုများကို မစွန့်လွှတ်နိုင်ပါက၊ အချင်းချင်း ယုံကြည်မှုများမပေးနိုင်ပါက အကြမ်းဖက်မှုနှိမ်နင်းရေးကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ပြုလုပ်နိုင်မည်မဟုတ်ချေ။ ပါရီနှင့် ဘရပ်ဆဲလ်တို့၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများက သက်သေပြချက်များပင်ဖြစ်သည်။

**Ref.Reuters**

# ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုများလာသည့် ရွှေအင်းတိန် ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများ

ဆောင်းပါးနှင့် ဓာတ်ပုံ-မောင်သင်းပျံ့

*ဘီလူးချောင်းမှစီးဆင်းလာသောရေသည် ကြေးပေါ်ခုံရွာ စက်လှေဆိပ်အနီးရှိ ဆည်ရေတံခါးပေါ်မှ အရှိန်ဖြင့်စီးဆင်းလျက်ရှိရာ ဝန်းကျင်သည် ရေငွေ့ဖြင့် အေးစိမ့်လျက်ရှိသည်။ စိမ်းစိုနေသော ဝါးတောလေးကလည်း စက်လှေဆိပ်မှတက်လာသော ကမ္ဘာလှည့်ခရီးသွားတို့၏ အမောကိုပြေပျောက်စေပါသည်။ အေးစိမ့်နေသောတောအုပ်အုပ်နှင့် ဂီတသံပမာစီးဆင်းနေသောရေဖွေးဖွေးကို တွေ့မြင်ရသည့်နည်းတူ ဥရောပစတိုင်စားသောက်ဆိုင်အနီးမှ ဝါးပိုးဝါးများ အစီအရီပေါက်နေသော ဝါးတောလေးကလည်း အင်းတိန်ရှေးဟောင်းစေတီများသို့ လာရောက်လေ့လာသော နိုင်ငံခြားသားများကို မှတ်မှတ်ရရဆွဲဆောင်လျက်ရှိနေပါသည်။*



ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးကန်အနီးတွင်ရှိသော ရှေးဟောင်းစေတီများရှိရာ အင်းတိန်ဘုရားတွင် စေတီပေါင်း ၁၀၅၄ ဆူရှိကာ ပြုပြင်ပြီး စေတီပေါင်း ၄၀၀ ကျော်ရှိပါသည်။ နိုင်ငံခြားသားများက ပြုပြင်ပြီးသောစေတီများထက် မူလပုံစံအတိုင်းရှိသော စေတီတို့ကိုပို၍စိတ်ဝင်တစား လေ့လာကြကြောင်း သိရပါသည်။ ထို့သို့လေ့လာရာတွင် ဂျာမနီနိုင်ငံ ခရီးသွားများက ပို၍စိတ်ဝင်တစား လေ့လာတတ်ကြသည်။

ရှေးဟောင်းသမိုင်းဝင် ရွှေအင်းတိန်ဘုရားကို သီရိဓမ္မာသောကမင်းကြီး က သာသနာသက္ကရာဇ် ၂၀၀ ခုနှစ်ကျော်တွင် တည်ထားကိုးကွယ်ခဲ့ပြီး သရီရ ဓာတ်တော်(မွေတော် ) ကို ဌာပနာထားပါသည်။ ရွှေအင်းတိန်ဘုရားကို ဦးစွာပြုပြင်ခဲ့သောမင်းမှာ ပထမမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သည့် အနော်ရထာမင်းကြီးဖြစ်သည်။ ထပ်မံပြုပြင်သောမင်းတို့မှာ နရပတိစည်သူမင်း၊ မိုးညှင်းမင်းတရားကြီး၊ မင်းရဲကျော်စွာ၊ မင်းခေါင်ရှင်ဖြူရှင်မင်းတို့ဖြစ်သည်။

ရွှေအင်းတိန်ဘုရား၏ ဝန်းကျင်တွင်အရန်စေတီပေါင်း ၁၀၅၄ ဆူနှင့်အတူ စောင်းတန်းအရှည် ၃ ဒသမ ၃ ဖာလုံအတွက် တိုင်အလုံးပေါင်း ၄၀၃ တိုင်ဖြင့် စက်လှေဆိပ်မှ ဘုရားပေါ်ထိ စောင်းတန်းထားရှိပေးထားပါသည်။ နိုင်ငံခြားသားအများစုမှာ ဘုရားသို့ စေတီများကိုလေ့လာရန်ကားနှင့်ဖြစ်စေ၊ ခြေကျင်ဖြစ်စေသွားတတ်ကြပါသည်။ ရွှေအင်းတိန်ဘုရား၏ရင်ပြင်တော်တွင် ရွှေရောင်ဝင်းနေသောစေတီ၏ ထီးတော်မှ ခေါင်းလောင်းသံမှာ စေတီတော်တစ်ဝိုက်ကိုလွှမ်းမိုးလျက်ရှိသည်။ ရှေးဟောင်းစေတီလေးများကို မြင်တွေ့ရသည်မှာ ထုထည်ကြီးမားစွာ တည်ရှိသည့် ပုဂံမှစေတီများနှင့် တစ်မူကွဲပြားသည့်အတွက် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စေပါသည်။

အင်းတိန်ဘုရားတွင်ရှိသောစေတီတော်များကို ဘီစီ ၃ ရာစုခန့်က တည်ထားခဲ့ပြီး စေတီအများစုကို ၁၇၊ ၁၈ ရာစုခန့်ကဟု သုတေသီအချို့ကခန့်မှန်းထားကာ အစောဆုံးစေတီသည် ၁၄ ရာစုက ဟုဆိုပါသည်။ လွန်ခဲ့သည့်နှစ်များက စေတီများမှာချုံနွယ်များပိတ်ဆို့နေ၍ နောက်ပိုင်းတွင်ဘုရားဂေါပကအဖွဲ့နှင့် ကြေးပေါ်ခုံရွာသားများက ရှင်းလင်းခဲ့ရာ ယခုအခါ တစ်နှစ်တစ်ခါ စေတီများအားလုံးကို ရှင်းလင်းဆောင်ရွက်နေပြီဖြစ်သည်။ စေတီများသည် ချုံနွယ်ပိတ်ပေါင်းတောအုပ်ထဲတွင် အချိန်ကြာမြင့်စွာ တည်ရှိခဲ့သည့်အတွက် စေတီအချို့မှာယခုအချိန်တွင် ရာသီဥတုဒဏ်ကြောင့်ပျက်စီးခဲ့ပြီး စေတီအချို့ကို ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့်အတွက် ကမ္ဘာလှည့်ခရီးသွားတို့အတွက် လေ့လာစရာများဖြင့် မြန်မာမှုလက်ရာတို့၏ တန်ဖိုးကိုအသိအမှတ်ပြုခဲ့ပြီဖြစ်သည်။

ကြေးပေါ်ခုံစက်လှေဆိပ်အနီးတွင် ရှေးဟောင်းစေတီအဆူ ၂၀ ကျော်ရှိပြီး နိုင်ငံခြားသားများ စတင်စိတ်ဝင်တစားလေ့လာတတ်ပါသည်။ ယခင်ကပြုပြင်ထိန်းသိမ်းမှုမရှိသည့်အတွက် စေတီအတွင်းကိန်းဝပ်သော ရုပ်ပွားတော်များပျက်စီးခဲ့ပြီး ယနေ့အခါ သမိုင်းအထောက်အထားအဖြစ် အစားထိုး၍မရသော အရာများပင်ဖြစ်သည်။ စေတီအချို့၏ရုပ်ပွားတော် မျက်နှာတော်နှင့် သင်းကျစ်တော်တို့တွင် ရွှေပြားများဖြင့်ပူဇော်ထားလေ့ရှိကြောင်းရွာခံ ရွှေအင်းတိန်ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။ ရှေးဟောင်းသုတေသနဌာနမှ ပျက်စီးနိုင်သောရှေးဟောင်းစေတီတော်များကို ပြန်လည်ပြုပြင်မှုမလုပ်ဘဲ မူလလက်ရာမပျက်လေ့လာနိုင်ရန် စောင့်ရှောက်ထားသည်ကို နိုင်ငံခြားသားများက သဘောကျကြပါသည်။

အင်းတိန်ရှေးဟောင်းစေတီများသို့ စက်တင်ဘာနောက်ဆုံးပတ်မှစ၍ ပြည်ပခရီးသွားများ စတင်ဝင်ရောက်တတ်ပြီး ဖေဖော်ဝါရီလနောက်ဆုံးပတ်အထိ တဖွဲဖွဲ လာရောက်လေ့လာလည်ပတ်လျက်ရှိသည်။ အင်းလေးကန်အတွင်း စီးဝင်သော ဘီလူးချောင်းမှ ရေနည်းသွားသော်လည်း အင်းလေးစက်လှေဆိပ်မှ ကြေးပေါ်ခုံစက်လှေဆိပ်အထိ သွားလာ၍ရသည့်အတွက် ကုန်းလမ်းမှမသွားလိုသော နိုင်ငံခြားသားခရီးသွားများမှာ အင်းလေးအလှကိုခံစားရင်း သွားလာမှုအဆင်ပြေလျက်ရှိနေပါသည်။

၂၀၁၆ ခုနှစ်သည် ယခင်နှစ်များကထက် ရှေးဟောင်းစေတီသို့ တစ်ရက်လျှင် ကမ္ဘာလှည့်ခရီးသွား ၃၀၀ ခန့် လာရောက်လျက်ရှိပြီး ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်းနှင့်ထိုင်ဝမ်တို့မှ အများဆုံးလာရောက်လည်ပတ်လျက်ရှိပါသည်။ နိုင်ငံခြားသားများကို ဆွဲဆောင်စေသောအရာသည် ကြေး၊ ငွေနှင့်ကျွန်းဖြင့်ပြုလုပ်ထားသော ရှေးဟောင်းပစ္စည်းနှင့်လက်မှုပစ္စည်းများပင်ဖြစ်သည်။ အများဆုံးလက်ဆောင်အဖြစ် အမှတ်တရ ယူဆောင်လေ့ရှိသော ပစ္စည်းမှာ ကျွန်းဖြင့်ပြုလုပ်ထားသည့် ခရစ္စမတ်လက်ဆောင်ဖြစ်သည့် ငါးရုပ်ပင်ဖြစ်သည်။ ထိုငါးရုပ်၏အတွင်းတွင် ခရစ္စမတ်လက်ဆောင်နှင့်ပတ်သက်သော အထိမ်းအမှတ်ပစ္စည်းများ ပါဝင်သောကြောင့်ဖြစ်သည်။ နိုင်ငံခြားသားများအင်းတိန်တွင် ညအိပ်တည်းခိုလိုသော်လည်း ညောင်ရွှေနှင့်အင်းလေးသို့ညနေပိုင်းတွင် ပြန်လေ့ရှိသည့်အတွက် ကြေးပေါ်ခုံနှင့်ချောင်းတစ်ဖက်ရှိ အင်းတိန်ဈေးသည် ပြန်လည်ခြောက်သွေ့သွားတတ်ပါသည်။ အင်းတိန်ဈေးရှေ့တွင် အလယ်တန်းကျောင်းခွဲရှိပြီး ဒီဇင်ဘာအားကစားလဖြစ်၍ ကျောင်းရှေ့ဘောလုံးကွင်း၌ ကျောင်းသားကျောင်းသူများကို အားကစားပွဲပြုလုပ်ပေးသည့်အတွက် နိုင်ငံခြားသားတို့စိတ်ဝင်တစားအားပေးကြည့်ရှုပြီး ကျောင်းသားများနှင့် အမှတ်တရဓာတ်ပုံရိုက်ကြသည့် မြင်ကွင်းသည်လည်း ထိုဒေသ၏ ဂုဏ်ယူစရာပုံရိပ်များပင်ဖြစ်သည်။

အာသောကမင်းတရားကြီးတည်ထားခဲ့သော စေတီများမှာနှစ်ပေါင်း ၂၃၅၇ နှစ်ကျော်ရှိပြီဖြစ်သည်။ဂျပန်ခေတ်ကထိုဘုရားနှင့်စေတီတော်များဝန်းကျင်သည် ချုံနွယ်ပိတ်ပေါင်းထူထပ်စွာရှိခဲ့သည့်အတွက် နွားကျောင်းသားတို့၏ နေရာတစ်ခုအဖြစ်သာရှိခဲ့ပြီး စေတီပျက်များကိုပြုပြင်ထိန်းသိမ်းရန် အားနည်းခဲ့သည်။ ၁၉၈၈ခုနှစ်မှသာ စတင်ပြုပြင်ထိန်းသိမ်းခဲ့၍ ၁၉၉၃ ခုနှစ်တွင် စေတီအတွင်းရှိရုပ်ပွားတော်များ ပျောက်ရှခြင်းရှိခဲ့ပြီး ဘုရားတွင်ကပ်နေသောရွှေကိုသာယူသည့်အတွက် တန်ဖိုးမဖြတ်နိုင်သော ရှေးလက်ရာဆင်းတုတော်များ ပျက်စီးမှုလည်းရှိခဲ့ပါသည်။ ယခုအခါ မြန်မာ့အမွေအနှစ်အား ကမ္ဘာကပါ စိတ်ဝင်တစားလေ့လာမှုကို တွေ့မြင်လာရပြီဖြစ်၍ မည်မျှတန်ဖိုးရှိကြောင်းကို ဒေသခံများသိရှိသည့်အတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းလျက်ရှိနေပါသည်။ ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်မှုများလာခြင်းသည် ဒေသအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့်ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေပါသည်။ ရှေးဟောင်းသမိုင်းဝင်စေတီများ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အပြင် မျိုးဆက်သစ်တို့အတွက် လက်ဆင့်ကမ်းအမွေလည်းဖြစ်သည်။

ရွှေအင်းတိန် ရှေးဟောင်းသမိုင်းဝင်စေတီဆီသို့ ရွှေညောင်ကားလမ်းမ၏ တောင်လေးလုံးလမ်းဆုံမှ ကတ္တရာလမ်းအတိုင်း ၂၂ မိုင်ခရီးကိုသွားရောက်နိုင်သကဲ့သို့ ၂၄ မိုင်ဝေးသော အောင်ပန်းမြို့မှ ကတ္တရာလမ်းအတိုင်းလာရောက်ဖူးမြော်နိုင်ပါသည်။ တောင်လေးလုံးလမ်းအတိုင်း လာရောက်ပါက အင်းလေးခေါင်တိုင်ရေပူစမ်းတွင်အပန်းဖြေနိုင်ပြီး အလောင်းစည်သူမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော ဥဏှောဒက ရေပူဘုရားကုန်းတော်ပေါ်မှ အင်းလေးကန်၏အလှကို ကြည့်ရှုခံစားနိုင်ပါသည်။

ရွှေအင်းတိန်ဘုရားသို့ တက်ရောက်သည့်စောင်းတန်းအနီးတွင် ရှိသော ကြေးပေါ်ခုံ စက်လှေဆိပ်တွင် တိုင်းရင်းသူများ အဝတ်လျှော်ရေချိုးလျက်ရှိပြီး ကမ္ဘာလှည့်ခရီးသွားများ စားသောက်ဆိုင်တွင် နေ့လည်စာစားကာ ခေတ္တအပန်းဖြေသူတို့ဖြင့် စည်ကားနေပါသည်။ စက်လှေများဆိုက်ကပ်ထားပြီး ညှော်သည်အချို့က အနီးရှိ Bamboo Street လမ်းတွင် အပန်းဖြေလမ်းလျှောက်၍ ရေတံခွန်သဖွယ်စီးဆင်းနေသော ရေကာတာ၏အလှကို ခံစားကာ ဓာတ်ပုံမှတ်တမ်းရိုက်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ စိမ်းစိုနေသော ဝါးပိုးဝါးတောအုပ်၏ ခုံတန်းလေးများနှင့် အင်းလေးမှထွက်ရှိသော ရိုးရာပစ္စည်းအရောင်းဆိုင်လေးများတွင်လည်း နိုင်ငံခြားသားများကို ဧည့်လမ်းညွှန်က ဒေသအကြောင်းရှင်းပြလျက်ရှိသည်။ တောင်ပေါ်မောဝ်ရှမ်းအလှသည် ရာသီအလိုက်အေးချမ်းလှပနေပြီး နိုင်ငံခြားခရီးသွားများကို ဒေသအလှ၊ ရှေးဟောင်းအမွေအနှစ်တို့၏ စိတ်ဝင်စားမှုတို့ဖြင့် ဆွဲဆောင်ဖမ်းစားနေဆဲဖြစ်သည်။ ရွှေအင်းတိန်ဘုရားနှင့် ရှေးဟောင်းသမိုင်းဝင်စေတီများ၏ သမိုင်းဝင်မြန်မာမှုလက်ရာများကို လေ့လာကြည့်ရှုခံစားနိုင်ရန် ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များအား ဖိတ်ခေါ်လိုက်ရပါသည်။

**■ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုများလာခြင်းသည် ဒေသအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်**

**■ ရှေးဟောင်း သမိုင်းဝင်စေတီများ ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သည့်အပြင် မျိုးဆက်သစ်တို့အတွက် လက်ဆင့်ကမ်းအမွေလည်းဖြစ်**



# အပြောအရေးကွာဟမှုများ (၅)

■ မောင်ခင်မင်(ဓနုဖြူ)

“ဆရာ၊ ‘က’ ရှေ့ဆက်နှစ်လုံး တစ်ပြိုင်တည်း ဆက်တာမျိုးကို တခြားရှေ့ဆက်တွေနဲ့ ဆက်တဲ့စကားလုံးတွေရော ရှိပါသလား”

“အခု၊ အဲဒီစကားလုံးမျိုးတွေအကြောင်းကို ဆရာတို့ပြောနေကြတာလေ။

‘က’ ကိုပဲ တခြားရှေ့ဆက်တွေလည်း ရှိတာပေါ့။ ကဲ. . . အက္ခရာအစဉ်အတိုင်း စဉ်းစားကြည့်ရအောင်။ ‘ခ’ရှေ့ဆက်နှစ်လုံးနဲ့ဆက်တဲ့ စကားလုံးတွေဘာရှိသလဲ”

“ ‘ခ’ရှေ့ဆက်ဆိုတော့၊ အင်း. . .၊ သမီးသိပြီ ဆရာ ‘ခနော်ခနဲ့’ ပါ”

“အေး၊ ဟုတ်တယ်။ ခနော်ခနဲ့ဆိုတာ မခိုင်ဘဲ ယိုင်ယိုင်နဲ့နဲ့ဖြစ်နေတာ မဟုတ်လား။ ဒီတော့ ‘နဲ့’ က အရင်းခံစကားလုံးပေါ့။ ‘နော်’ ကတော့ အနက် အထူးမရှိဘူး။ ‘နဲ့’ နဲ့ ဗျည်းသံတူလိုက်ထားတာလို့ပဲ ဆိုရမယ်။ ရှေ့ဆက်တွေထည့်လိုက်တော့ ‘ခနော်ခနဲ့’ ဖြစ်သွားတာပေါ့”

“ဟုတ်ကဲ့ပါ။ ‘ခနိုးခနဲ့’ လည်းရှိတယ်နော် ဆရာ”

“ဟုတ်တယ်။ အဲဒီစကားလုံးမှာတော့ ‘ခနဲ့’ က အရင်းခံပေါ့။ သူများမခံချင်အောင် ထေ့ငေါ့ပြောတာကို ‘ခနဲ့တယ်’ လို့ပြောတယ် မဟုတ်လား။

‘ခနဲ့’ ရှေ့မှာ ဗျည်းသံတူသွားပြီး ‘ခနိုးခနဲ့’ လို့ သုံးတာလေ”

“ဆရာရှင်းပြတော့လည်း ရှင်းနေတာပဲနော်”

“စကားလုံးတိုင်း အဲဒီလိုရှင်းပြဖို့တော့ မလွယ်လှဘူးလေ။ သားတို့ သမီးတို့ ဒီစကားလုံးပုံစံမျိုး သတိထားမိရင် ပုံစံတူစကားလုံးတွေစုထားလို့ ရတာပေါ့”

“ ‘ဂ’ နှစ်လုံးဆက်တာတော့ သမီးတို့ပြောနေကျပဲ။ ‘ဂဂျီဂဂျောင်’ လေ ”

“ဟုတ်တယ်။ အပြောမှာသုံးတဲ့ ဗန်းစကားတစ်လုံးပေါ့။ ‘ဂယိမ်းဂယိုင်’ ဆိုတာလည်းရှိတယ်”

“ ‘င’ နှစ်လုံးဆက်တာတော့ သတိမထားမိပါဘူး ဆရာ”

“ရှေးကသုံးတဲ့စကားတော့ရှိတယ်။ ‘ငတောင် ငရေ’ ဆိုတာ၊ သာမန်အညတြဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတာ။ ခုတော့ ရှေးကဗျာတွေထဲမှာပဲ တွေ့ရတယ်။ အပြောမှာ မသုံးတော့ဘူး။ အဲဒီစကားလုံးမျိုးတွေတော့ ဖယ်ထားလိုက်ပါတယ်လေ”

“ ‘စ’ နှစ်လုံးဆက်တာတွေတော့ ကျွန်တော်သတိထားမိတာ ‘စကောစက’ တို့၊ ‘စလုံးစခု’ တို့ပါဆရာ”

“ဟုတ်ပါတယ်။ ‘စကောစက’ဆိုတာ ‘ဟိုမရောက် ဒီမရောက်’ ဖြစ်နေတာ။ ‘စလုံးစခု’ ကတော့ မချောမွေ့ပဲ ‘ခု’ နေတာပေါ့”

“ ‘ဆ’နှစ်လုံးတွဲတာတော့စဉ်းစားလို့မရပါဘူး။ ‘ဇ’ နှစ်လုံးတွဲတာတော့ ‘ဇဝေဇဝါ’ ပေါ့နော် ဆရာ”

“ဟုတ်တယ်။ ဝေဝေဝါးဝါးဖြစ်တာလို့ ခေါ်တာ။ ရှေးစာပေတွေမှာ ‘ဇဝေဇဝက်’လို့လည်းသုံးတယ်”

“ ‘တ’နှစ်လုံးနဲ့သုံးတဲ့ စကားလုံးတွေကတော့ တော်တော်များတယ်ထင်တယ်။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းထဲမှာ သမီးအများကြီးတွေ့တယ် ဆရာ”

“ဟုတ်တယ်။ ‘အ’ ရှေ့ဆက်ပြီးရင်တော့ ‘တ’ ရှေ့ဆက်က အသုံးအများဆုံးဖြစ်နိုင်တယ်။ နှစ်သံတွဲတွေရော၊ သုံးသံတွဲတွေရော၊ လေးသံတွဲတွေရောရှိတယ်။ လေးသံထက် ပိုတာတွေတောင်ရှိတယ်”

“အဲဒီစကားလုံးတွေသမီးတို့ အသေးစိတ်ရှာပါ့မယ် ဆရာ။ နမူနာတော့ဆရာပြောပြပေးပါ”

“ ‘တ’ ရှေ့ဆက်ပါတဲ့နှစ်သံတွဲတွေ အရင်ကြည့်ရအောင်။ ‘လူတချို့ ဖျားကြတယ်’ ၊ ‘အိပ်ရာပေါ်မှာ တစောင်းအိပ်နေတယ်’၊ ထမင်း‘တဝစားတယ်’ ဆိုတာမျိုးပေါ့။ ‘ချို့၊ စောင်း၊ ဝ’၊ ဆိုတဲ့စကားလုံးတွေကို ‘တ’ ရှေ့ဆက်တွဲတာလေ”

“ဟုတ်ကဲ့ပါ ဆရာ”

“သုံးသံတွဲတွေလည်း ရှိပါတယ်။ ‘တကုပ်ကုပ်နဲ့လုပ်နေတယ်’၊ ‘တကျက်ကျက်ရန်ဖြစ်တယ်’ ၊ ‘ရေတငြိမ့်ငြိမ့်စီးနေတယ်’ဆိုတာမျိုးတွေပေါ့။ နောက်က အသံတူနှစ်ခုထပ်တာ များတယ်”

“လေးသံတွဲတွေကရော ဆရာ”

“ ‘တငေးတမော’၊ ‘တစီတတန်း’၊ ‘တညီတညွတ်’၊ ‘တစည်းတလုံး’ ၊ ‘တသီးတခြား’ ဆိုတာမျိုးတွေပေါ့။ ‘တငိုငိုတရီရီ’တို့၊ ‘တဟီးဟီးတဟားဟား’တို့၊ ‘တဝုန်းဝုန်းတဒိုင်းဒိုင်း’တို့ ကျတော့ လေးသံထက်တောင် ပိုသေးတယ်လေ”

“ဆရာ၊ မြည်သံတွေကိုလည်းရှေ့က ‘တ’ဆက်ပြီး သုံးတယ်မဟုတ်လား ဆရာ”

“ဟုတ်တယ်။ ရှေ့က‘တ’တွဲပြီး နောက်က မြည်သံစွဲစကားလုံးကို နှစ်ကြိမ်ထပ်သုံးတာတွေ အများကြီးပဲလေ။ ‘တချွင်ချွင်မြည်တယ်၊ တရှုပ်ရှုပ်ဝိုင်တယ်၊ တဟားဟားရယ်တယ်၊ တဒိုင်းဒိုင်းပစ်တယ်’ ဆိုတာမျိုးတွေပေါ့”

“မြည်သံကိုသရုပ်ဖော်ရင် ဒီစကားလုံးတွေသုံးရမှာပေါ့နော် ဆရာ”

“ဒီစကားလုံးတွေသုံးရင် မြည်သံထင်ရှားတာမို့ သရုပ်ပေါ်တာပေါ့ကွယ်။

“မြည်သံတွေကို ကြားယောင်လာနိုင်တာပေါ့”

“ ‘တ’ ရှေ့ဆက်အသုံးများတာကိုသိပါပြီ ဆရာ။ ‘ဒ’ ကျတော့ ‘ဒယိမ်းဒယိုင်’ပဲ သတိထားမိပါတယ်”

“ဟုတ်ပါ့။ ‘ဒယိမ်းဒယိုင်’ လို့လည်း သုံးတယ်။ သိပ်များများတော့မရှိဘူး။ ‘န’ရှေ့ဆက်ဆိုရင်တော့”

“နမော်နမဲ့ပေါ့ဆရာ”

“ဟုတ်တယ်။ ‘နမူးနထူး’ဆိုတာလည်း ရှိတယ်။ ထုံထုံထိုင်းထိုင်းဖြစ်တာကို ပြောတာ။ သိပ်တော့ အသုံးမတွင်ဘူး”

“ပ ရှေ့ဆက်နဲ့ စကားလုံးတွေတော့ ဒီထက်များမယ်ထင်ပါတယ်”

“သားက ဘာတွေစဉ်းစားမိလို့လဲ”

“ပလုံးပထွေး ပြောတယ်တို့၊ ပလုပ်ပလောင်းစားတယ်တို့စဉ်းစားမိလို့ပါ ဆရာ”

“ဟုတ်တယ်။ ပရောပရည်လုပ်တယ်တို့၊ ပတောက်ပရစ်ပြောတယ်တို့ဆိုတာတွေလည်း ရှိတယ်”

“ ‘ဖ’ ရှေ့ဆက်နဲ့က ‘ဖရိုဖရဲ’ပေါ့နော်ဆရာ။”

“ ‘ဗလောင်းဗလဲ’ကတော့ ‘ဗ’ရှေ့ဆက်ပေါ့နော် ဆရာ”

“ဟုတ်ပြီ၊ ဟုတ်ပြီ။ အဲ. . .‘မ’ ရှေ့ဆက်ကလည်း အသုံးတွင်တဲ့ရှေ့ဆက်ပဲ။ ပြီးတော့ မြန်မာစကားမှာ မဟုတ်သဘော(negative) ကိုပြတဲ့ ရှေ့ဆက်လည်း ဖြစ်နေတယ်လေ။ ဘယ်ကြိယာကိုပဲဖြစ်ဖြစ် ‘မ’ ရှေ့ဆက်ထည့်လိုက်ရင် မဟုတ် သဘောဖြစ်သွားတယ် မဟုတ်လား”

“ဟုတ်ပါတယ်ဆရာ။ ‘မသွား၊ မလာ၊ မနီ၊ မဖြူ မပြော၊ မပြ’ဆိုတာမျိုးတွေပါ”

“ဟုတ်တယ်။ စကားလုံးတွေမှာ ‘မ’ ရှေ့ဆက်ပုံသေတွဲထားတဲ့ စကားလုံးတွေရှိတယ်။ ‘မတရား’တို့ ‘မသူတော်’တို့ ‘မကောင်းဆိုးဝါး’ တို့လို စကားလုံးတွေပေါ့”

“ဟုတ်ကဲ့ပါ”

“ရှေ့မှာပြောခဲ့တဲ့ ရှေ့ဆက်တွေကို ‘မ’ ရှေ့ဆက်နှစ်လုံးတစ်ပြိုင်တည်းတွဲတာတွေလည်း တော်တော်များများရှိတယ်။ စဉ်းစားကြည့်ကြပါလား”

“ဟုတ်ကဲ့။ ‘မချိမဆံ့’ ‘မစို့မပို့’ ‘မတော်မတည့်’ ”

“ကျွန်တော်လည်း ပြောပါ့မယ်။ ‘မယောင်မလည်’၊ ‘မထော်မနမ်း’၊ ‘မအီမသာ’ ပါ ဆရာ”

“ဒီလောက်ဆိုမြင်သာပါပြီ။ ဩော်. . . တစ်ခုသတိရလို့ ‘မ’ နဲ့ ‘တ’ ရှေ့ဆက် နှစ်ခုတွဲတဲ့ စကားလုံးမျိုးတွေလည်း တော်တော်များများရှိတယ်လေ။ ပြောတဲ့ အခြေအနေကို အပြည့်အဝမရောက်သေးဘဲ နည်းနည်း လိုနေသေးတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတာလေ”

“ဘယ်လိုဟာမျိုးပါလဲ ဆရာ”

“ ‘မပွင့်တပွင့်’ဆိုတာမျိုးပေါ့။ တံခါးက မပွင့်တပွင့်ဖြစ်နေတယ်ဆိုရင် လုံးလုံးပွင့်တဲ့အခြေအနေမရောက်သေးဘဲ နည်းနည်းလိုနေသေးတယ်။ ပွင့်သလိုလို ပိတ်သလိုလို ဖြစ်နေသေးတယ်လို့ ပြောတာမဟုတ်လား”

“ဟုတ်ပါတယ် ဆရာ”

“စဉ်းစားကြည့်လေ” ‘မထိတထိ’၊ ‘မရောက်တရောက်’၊ ‘မဝတဝ’ ဆိုတာမျိုးတွေပေါ့။ တွဲသုံးတဲ့စကားလုံးကို နှစ်ကြိမ်ထပ်သုံးတယ်လေ”

“ဟုတ်ကဲ့ပါ”

“အဲဒီပုံစံမဟုတ်ဘဲ၊ မတူတဲ့စကားနှစ်လုံးကို ‘မ’နဲ့ ‘တ’တွဲသုံးတာတွေလည်းရှိတယ်။ ‘မခို့တရို့’၊ ‘မတောက်တခေါက်’၊ ‘မဆတ်တငံ့’၊ ‘မတန်တဆ’ဆိုတာမျိုးတွေပေါ့”

“ဟုတ်ကဲ့ပါ”

“ကဲ. . . ဒီလောက်ဆိုရင်။ အဲဒီလိုစကားလုံးမျိုးတွေကို လိုအပ်သလို ပုံဖော်လို့ရပါပြီ။ ဆိုပါတော့။ ‘က-က-’ဆိုတဲ့ ပုံစံထဲထည့်မလား ‘တ-တ-’ဆိုတဲ့ ပုံစံထဲထည့်မလား၊ ‘မ-တ-’ဆိုတဲ့ ပုံစံထည့်မလား။ တိတိကျကျ ပုံဖော်လို့ရပြီပေါ့။ အသံ တစ်ဝက်ပဲထွက်တဲ့ စကားလုံးတွေထဲက အသုံးများတဲ့ပုံစံတွေကို ထုတ်ကြည့်တာပါပဲ”

“အများကြီးကျေးဇူးတင်ပါတယ် ဆရာ”

**“ ‘ခနိုးခနဲ့’ လည်းရှိတယ်နော် ဆရာ”**
**“ဟုတ်တယ်။ အဲဒီစကားလုံးမှာတော့ ‘ခနဲ့’ က အရင်းခံပေါ့။ သူများမခံချင်အောင် ထေ့ငေါ့ပြောတာကို ‘ခနဲ့တယ်’ လို့ ပြောတယ် မဟုတ်လား။**
**‘ခနဲ့’ ရှေ့မှာ ဗျည်းသံတူသွားပြီး ‘ခနိုးခနဲ့’ လို့ သုံးတာလေ”**

## ရေကောင်းရေသန့် လုံလောက်စွာရရှိရန် မြိုင်မြို့၌ မြေအောက်ရေတွင်းတူးဖော်အောင်မြင်

**မြိုင် ဧပြီ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၁)ရပ်ကွက် ထန်းငယ်တောရပ်အနီး၌ မြေအောက်အဝီစိရေတွင်း အနက်ပေ ၃၅၀၊ ပေ ၆ လက်မတွင်းလေးတွင်းကို တစ်ပြိုင်တည်း တူးဖော်အောင်မြင်၍ ရေပေးဝေနိုင်ရန် လျှပ်စစ်မီးသွယ်တန်းဆောင်ရွက်နိုင်ရေး ဧပြီ ၁ ရက်က ဆောင်ရွက်နေကြောင်း သိရသည်။

မိုးနည်းရပ်ဝန်းဒေသ ရာသီချိန်တိုင်း သောက်သုံးရေအခက်အခဲနှင့်ကြုံတွေ့နေရသည့် မြိုင်မြို့ရှိ လူဦးရေ ၇၀၀၀ ကျော်ရှိပြီး ရေကိုအလှည့်ကျစနစ်ဖြင့် ရပ်ကွက်များကို ခွဲဝေသုံးစွဲနေရသည့်အတွက် နိုင်ငံတော်မတည်ငွေဖြင့် ၆ လက်မမြေအောက်ရေတွင်းသုံးတွင်း၊ မြိုင်မြို့ အမှတ်(၃)ရပ်ကွက် ဦးမြင့်အောင်-ဒေါ်တင်နု(ယခင်လွှတ်တော်ကိုယ်စားလှယ်)တို့က တစ်တွင်း တူးဖော်အောင်မြင်သော မြေအောက်ရေတွင်းများမှရေကို ပို့လွှတ်နိုင်ရန် လျှပ်စစ်မီး သွယ်တန်းဆောင်ရွက်ရာ စိမ့်စမ်းမြိုင်လမ်းမှရေတွင်းများထိ ပေ ၅၀၀ ၁၁ ကေဗွီကြိုးများသွယ်တန်း၍ ထရန်စဖော်မာ အိုးတပ်စဉ်နိုင်ရန်အတွက် မြို့ရေချိုရေကောင်းရရှိရေး ကော်မတီဝင်များ၊ စည်ပင်သာယာရေး ကော်မတီဝင်များနှင့် လျှပ်စစ်ဦးစီးမှူး ဦးမြင့်ဆောင်၊ စည်ပင်သာယာရေး အဖွဲ့ အင်ဂျင်နီယာ ဦးအောင်တန်းဦးတို့ သွယ်တန်းဆောက်လုပ်နိုင်ရန် ဆောင်ရွက်ကြသည်။



မြေအောက်ရေတူးဖော်ရာ“အခုတူးဖော်ပြီး ရေတွင်းတွေကို ပေ ၃၅၀ သာကျရောက်ပြီး ရေရှိမှု ပေ ၃၀၀ ထိ ရေရှိတယ်။ ၆ လက်မတွင်းကို တစ်နာရီ ရေဂါလန် ၄၀၀၀ ထွက်နိုင်တယ်” ဟု စည်ပင်ဦးစီးအရာရှိ ဦးဟန်မြင့်က ပြောသည်။ အဆိုပါ စက်ရေတွင်းများအတွက် ရေစင်၊ ရေသိုလှောင်ကန်များပေးဝေနိုင်မည့်ရေပိုက်လိုင်းများအတွက် အလှူငွေများလှူဒါန်းနိုင်ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

## အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိရေး ကွင်းဆင်းဆောင်ရွက်

**ကျွန်းလှ ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရန် မတ် ၃၁ ရက်က ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နှင့် တာဝန်ရှိသူတို့က နတ်ရင်းကုန်း စာရင်းဝင်ကျေးရွာများတွင် ရေတွင်း၊ ရေစင်များအခြေအနေ၊ ရေကန်များရေသိုလှောင်ထားမှုအခြေအနေတို့ကိုကြည့်ရှုကြပြီး ရေပြတ်လပ်ပါက ကြိုတင်ဆောင်ရွက်မည့်အစီအစဉ်၊ ရေသယ်ယူပို့ဆောင်နိုင်ရေးတို့အတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့နောက် ကုက္ကိုကုန်း-လက်ခုပ်ပင်-ပေတပင်-ယင်းတိုက်လမ်းရေရှည်ထိန်းသိမ်းရန် ဂျင်းမြေခင်းထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

နှစ်သစ်သင်္ကြန် အခါသမယတွင်
စိတ်၏ချမ်းသာခြင်းကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေရန်
ပိုးဇာအောင် နှင့် တံဆိပ်ရိုက်နည်းသင်တန်း မှ
အခြေခံ(၆)ရက်
အဆင့်မြင့်(၆)ရက်
ဆုမွန်ကောင်း တောင်းအပ်ပါသည်.. 09-73172753 09-450578020

POST မူလတန်း၊ပြဆရာမဝင်ခွင့်
တန်းခွဲ(၁) ၅၊၆၊၇၊၈၊၉၊၁၀၊၁၁(၅.၄.၂၀၁၆)စမည်။ ၉း၀၀-၁၂း၀၀
တန်းခွဲ(၂) ၁၈၊၁၉၊၂၀၊၂၁၊၂၂၊၂၃၊၂၄(၁၈.၄.၂၀၁၆)စမည်။
၉း၀၀-၁၂း၀၀/၁း၀၀-၄း၀၀
တန်းခွဲ(၃) ၂၃၊၂၄၊၂၅၊၂၆၊၂၇၊၂၈(၂၃.၄.၂၀၁၆)စမည်။ စာအုပ်ရပြီ
၉း၀၀-၁၂း၀၀/၁း၀၀-၄း၀၀
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉ ၇၃၁၆၁၁၄၀

**ပျောက်ဆုံးကြောင်း**

DAW THET HTAR YEE 7/PAKHANA(N)099880 အမည်ဖြင့် ထုတ်/သွင်း ကုန်အမှတ် I.S.P IDV 8-15-16 3029 30-4-15 IDNO 721305 12 JUN 2015 မူရင်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၁၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/4215 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ၂၀၁၆ ခုနှစ် မတ်လ ၁၈ ရက် သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် ၁၀၀၀ အနက် **ကမ္ဘောဇဘဏ်လီမိတက်** သည် **ပထမနေရာမှ** ဝင်ငွေခွန်အများဆုံး (၄) နှစ်ဆက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **ကမ္ဘောဇဘဏ်လီမိတက်** ဥက္ကဋ္ဌ **ဦးအောင်ကိုဝင်း** အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

Reg : 219/99

**ဦးအောင်ဆန်းဝင်းနှင့် ဇနီး ဒေါ်အေးမော်စီ**
**အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့်ရွှေသန့်စင်လုပ်ငန်းမိသားစု**

Padamyar fm Yangon 88.2 MHz

## ကျေးဇူးဥပကာရတင်ရှိခြင်း

၂၆.၃.၂၀၁၆ (စနေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Junction Square (Fountain Area) ၌ကျင်းပပြုလုပ်ခဲ့သော Padamyar FM Radio to Live 2 Music Concert ပွဲကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာတွင် အားတက်သရော ပူးပေါင်းပါဝင်ကူညီ ပံ့ပိုးပေးခဲ့ကြသည့် Silver Sponsor အဖြစ် ကူညီပံ့ပိုးပေးခဲ့သော ဘုရင်ဘီစကစ်၊ CD / DVD Sponsor အဖြစ် ဝိန်စိုန် အဆင့်မြင့် စိန်ရတနာရွှေဆိုင်အားလည်းကောင်း၊ Radio Main Sponsor အဖြစ် Premier Coffee Co.,Ltd ,Radio Co Sponsor အဖြစ် ဝိစာရ International Co.,Ltd နှင့် WACA WACA Snack (Han Global Co.,Ltd) အားလည်းကောင်း၊ Broadcasting Media Partner အဖြစ် ကူညီပံ့ပိုးပေးခဲ့သော Family Entertainment Group Co.,Ltd (5 Network), Media Partners အဖြစ် 7Day Daily နှင့် 1876 Hot Line အားလည်းကောင်း၊ Advertising Partners အဖြစ် Union Mini Mart နှင့် Ayesay.com.mm, Performance Sponsor အဖြစ် Miss Golden Land Myanmar Organization , Make up များကို အလှဆုံးပံ့ပိုး လိမ်းခြယ်ပေးပါသော Lin Lin (Make up Artist), MC များအတွက် ဝတ်စုံကူညီပံ့ပိုးပေးပါသော Forever Wedding Dress အားလည်းကောင်း၊ ပါဝင်သီဆိုဖျော်ဖြေပေးကြသော တေးသံရှင်များနှင့် တေးသီချင်းအသုံးပြုခွင့်ပေးသော တေးရေးဆရာများအား လည်းကောင်း၊ တေးဂီတများကို အကောင်းဆုံး တီးခတ်ပေးသော Hi Bird Band,Triangle Band နှင့် Lucky Hand Band,Stage နှင့် Lighting အကောင်းဆုံးပြင်ဆင်ပေးသော Light Source(Thailand),LED Control အတွက် အကောင်းဆုံးပြင်ဆင်ပေးသော VJ စိုးပြစ်မ်းလန်း အားလည်းကောင်း၊ Sound System အမိုင်း Audio အဖွဲ့သားများ၊ LED စက်အဖွဲ့ Media Storm Co.,Ltd, အားလည်းကောင်း၊ ရွှေကြာကုမုဒြာ အကအဖွဲ့၊ ပိုးဟေသီနိုင်အဖွဲ့၊ Life & Dance, Secret Pieces, Jade Dragon, S.Y.C.A နှင့် Hyrax အကအဖွဲ့များအားလည်းကောင်း၊ Stage Construction Group မှ ကိုဖိုးကျော်နှင့် အဖွဲ့အားလည်းကောင်း၊ ကြွရောက် အားပေးချီးမြှင့်ကြသောစာပေ၊ ရုပ်ရှင်၊ ဂီတ၊ အနုပညာနယ်ပယ် အသီးသီး၊ စာနယ်ဇင်းများနှင့် မီဒီယာများမှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ Padamyar FM Radio to Live 2 Audio CD ထုတ်လုပ်ဖြန့်ချိခဲ့ရာတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသူများ၊ Padamyar FM Radio to Live 2 Album နှင့် Music Concert အောင်မြင်စွာ ထုတ်လုပ်ဖြန့်ချိကျင်းပနိုင်ရေးအတွက် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးသော Bo Bo Entertainment အားလည်းကောင်း၊ Music Concert ပွဲကြီး ဖြစ်မြောက်အောင်မြင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် လစ်ဟာမှုမရှိအောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပတ္တမြား FM ဝိုင်းတော်သားများအားလည်းကောင်း ၊ အထူးသဖြင့်ပွဲကြီးအား အစမှအဆုံးတိုင် တစ်ခဲနက်အားပေးခဲ့ကြသော ချစ်ပရိသတ်များ အားလုံးနှင့်အတူ ပတ္တမြား FM ရေဒီယိုတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်နှင့် 5 Plus Digital Free to Air မှတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်များကို နားဆင်အားပေးကြည့်ရှုခဲ့ကြသည့် အနယ်နယ်အရပ်ရပ်မှ ပတ္တမြား FM ချစ်ပရိသတ်များအားလုံးနှင့် ကျေးဇူး တင်ထိုက်သူ အားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း နှင့် Padamyar FM Radio to Live 2 တေးအယ်လ်ဘမ် DVD ကို မကြာမီထုတ်လုပ်ဖြန့်ချိ ပေးသွားမည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

ပတ္တမြား FM Management


Iron Cross
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
မဟာသင်္ကြန်ပွဲတော် MPT နဲ့ နွှဲပျော်
၂၀၁၆ မန်းသင်္ကြန်ကို MPT မဏ္ဍပ်မှာ IC နဲ့အတူ ပျော်ပျော်ကြီး ဆင်နွှဲဖို့ ဖိတ်ခေါ်လိုက်ပါတယ်
အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်၊
CALL CENTER 106
(၂၄)နာရီအခမဲ့
ဆက်သွယ်မေးမြန်းနိုင်ပါသည်၊

## ၂၀၁၄ – ၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက်
## ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီး
## ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ပထမနေရာအား (၄) နှစ်ဆက်တိုက် ရရှိခဲ့သည့်

# ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

### ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့်

- ၂၀၁၁ -၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၆. ၀၁၅) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန်ပထမဆု
- ၂၀၁၂-၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၀. ၈၂၇) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၃-၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၁၇. ၀၆၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းရည်ဆုနှင့် ဝင်ငွေခွန် ပထမဆု
- ၂၀၁၄-၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ (၂၂) ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး ပထမနေရာ (၄) နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း

မြန်မာတစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် (၁၀၀၀) ဦး အနက်မှ **“ကမ္ဘောဇဘဏ်လီမိတက်”** သည် **“ပထမ”**နေရာမှ ဝင်ငွေခွန်အများဆုံး (၄) နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသဖြင့် **ဘဏ်ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း** ကို အထူးလေးစားအားကျ၊ အတုယူထိုက်သူ၊ ချီးကျူးဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဂုဏ်ယူစွာ ဖော်ပြအပ်ပါသည်။

Skyward International Trade Limited
Peace Myanmar Group Company Limited
Htike Sin Company Limited

ရွှေဥရာစုသစ် စိန်၊ ရွှေ ရတနာဆိုင် ၏ မြောက်ဥက္ကလာပဆိုင်ခွဲဖွင့်ခြင်းအထူးအစီအစဉ်

၁၀ – ၂ – ၂၀၁၆ မှ ၁၀ – ၄ – ၂၀၁၆ အထိ

- ဝယ်ယူအားပေးသော ရွှေချစ်သူများအား မေတ္တာ တုံ့ပြန်သောအားဖြင့် စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန်ဘယက်၊ စိန်ဆွဲသီးများအား ကံစမ်းမဲ ချီးမြှင့်ပါမည်။
- လူတန်းစားမရွေး ရတနာဆင်မြန်းနိုင်ရန် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေထည်၊ လက်ဝတ်ရတနာများအား အလျော့တွက် အထူးအထူးလျှော့ ရောင်းပေးသွားပါမည်။

ဗုဒ္ဓဂယာအပါအဝင်သကြ်န်ဘုရားဖူးခရီးစဉ် ကံစမ်းမဲ ကူပွန်လက်မှတ်ပြုနေပါသည်။

ရတနာသည်သင့်အတွက်ထာဝရ

ရတနာစုလိုက



အစဉ်အမြဲမိဘပြည်သူတို့အားလေးစားလျက်

ရွှေဥရာစုသစ် သို့ကြွခဲ့ပါ

အမှတ် – ၅၂/၇၀၇၊ ခေမာသီလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်။

အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃ – လမ်းနှင့် ဗိုလ်ရှုံလမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၄၅၉၃၄၀၁၅၈၊ ၀၉၄၂၁၀၂၉၉၉၉


# အထူးကျေးဇူးတင်ရှိခြင်း

မန္တလေးမြို့၊ သိပ္ပံလမ်း၊ ၆၅လမ်း×၆၆လမ်းကြားရှိ မြို့တော်ဆေးရုံတွင် ၂၇-၃-၂၀၁၆ ရက် မွန်းလွဲ ၁၂း၃၀နာရီမှ ညနေ ၄း၀၀ နာရီအထိ ဒေါက်တာမျိုးထက်မင်းအား မေတ္တာစေတနာဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသပေးပါသော ပန်းလှိုင်စီလုံဆေးရုံကြီးမှ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ**ဒေါက်တာဦးတင်ထွန်းအောင်**၊ **ဒေါက်တာဦးခင်မောင်လွင်** (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊ မန္တလေး)၊ မေ့ဆေးဆရာဝန်ကြီး ပါမောက္ခ **ဒေါက်တာဦးဟန်ဌေးနှင့် ဒေါက်တာဦးဟန်ကျော်ကျော်အောင်**(ပန်းလှိုင်စီလုံဆေးရုံ)တို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဒေါက်တာမျိုးထက်မင်းအား အနီးကပ်ပြုစု ကုသပေးနေကြသော ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး **ဒေါက်တာဦးမြင့်ဦး**၊ ဦးနှောက်နှင့်ခွဲစိတ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ **ဒေါက်တာဦးရဲသူရိန်**၊ အထွေထွေရောဂါ အထူးကုသမားတော်ကြီး **ဒေါက်တာဦးတင်ကိုကို**၊ **ဒေါက်တာဦးအေးသန့်**၊ မြို့တော်ဆေးရုံအုပ်ချုပ်မှုအဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**မြို့တော်ဆေးရုံနှင့်ဒေါက်တာမျိုးထက်မင်း၏မိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5A/3134 Toyota Sprinter EE98 S/W (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မောင် ၉/မထလ(နိုင်)၀၂၂၀၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ မြေကွက်/ဦးပိုင်အမှတ် ၄၄၊ ဧရိယာ ၀.၁၁၁၄ဧကရှိ ဒေါ်ခင်ရွှေအမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်မျိုးအိအိစံ ၇/ပခန(နိုင်)၂၄၂၄၄၆ (ဘ)ဦးသာကျော်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက်၊ ဦးပိုင်အမှတ် ဒ-၃၃၃၄၈၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ပါမစ်မြေကွက်အား ဗိုလ်မှူးချုပ်သန်းထွဋ်(ဘ)ဦးစိုးညွန့် ၁၃/တကန(နိုင်)၀၁၀၁၈၀က ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဗိုလ်မှူးချုပ်သန်းထွဋ် အမည်ပေါက် မြေကွက်နေရာ(ယာယီ) ချထားပေးသည့်လက်မှတ်မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်း အကွက်အမှတ် ၃-သရက်မှော်၊ ဦးပိုင် ထ-၂/၅၂၊ဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိမြေအား ဒေါ်ခင်သောင်း ၇/ထတပ (နိုင်)၀၀၄၀၇၂ က လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်၊**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ တိုက် ၁၁၅/၁၂၁၊ အခန်းအမှတ် ၅၀၂သည် မူလအမည်ပေါက် ဦးတင်အေး ၁၂/မဂတ(နိုင်)၀၄၉၃၇၄ ဖြစ်ပါသည်။ အဆိုပါအခန်းကို ဦးဇော်ဝင်း ၁၂/ဥကတ(နိုင်)၁၀၂၁၉၂ က စာချုပ်စာတမ်းဖြင့် အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသဖြင့် အခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ-၂ သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ-၂**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ရွှေလိပ်ပြာအိမ်ရာ၊ တိုက်အမှတ် ၂၊ အခန်းအမှတ် ၂၀၃သည် အမည်ပေါက် ဦးထွန်းရီ ၁၂/ကမတ(နိုင်)၀၀၈၃၈၉ဖြစ်ပါသည်။ အဆိုပါ အခန်းအမည်ပေါက် ဦးထွန်းရီကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်လှဝင်း ၁၂/ကမတ(နိုင်)၀၀၈၃၆၁အမည်သို့ အခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ-၂သို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ-၂**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ မဟာမြိုင်လမ်း၊ ဘောက်ထော်ပြည်သာယာအိမ်ရာ၊ တိုက်အမှတ် ၂၊ အခန်းအမှတ် ၂၃သည် အမည်ပေါက်ဦးအောင်ပိုင် ၁၂/လမတ(နိုင်)၀၃၁၁၀၃ဖြစ်ပါသည်။ အဆိုပါအခန်းကို ဒေါ်ရီရီခင် ၁၂/ပဇတ(နိုင်)၀၀၀၅၂၂ က စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် အခန်းပိုင်ဆိုင်မှုအမည်ပြောင်း လဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ-၂ သို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ-၂**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၄)ရပ်ကွက်အိမ်ရာ၊ တိုက်အမှတ် ၄၊ အခန်းအမှတ် ၁၀၄၊ ဦးနောင်တိန် ၁/မကန(နိုင်)၁၃၅၉၅၆ အမည်ပေါက် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပညာဝတီအိမ်ရာ၊ တိုက်အမှတ် ၈၊ အခန်းအမှတ် ၄၀၂သည် အမည်ပေါက် ဒေါ်သီတာဝင်း ၁၂/ဗဟန(နိုင်)၀၇၄၆၂၅ ဖြစ်ပါသည်။ အဆိုပါအခန်းအမည်ပေါက်၏ သားအရင်းဖြစ်သူ ဦးသက်လင်းဝင်း ၁၂/မရက(နိုင်)၁၂၆၄၉၅အမည်သို့ အခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ-၂ သို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ-၂**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ Hiway Complex Project ၊ တိုက်(အီး)၊ အခန်းအမှတ် ၄၀၆သည် မူလအမည်ပေါက် ဦးကွန့်မြူး ၉/မရမ(နိုင်)၀၀၄၅၈၇-ဒေါ်လှလှဦး ၁၄/ဟသတ(နိုင်)၀၀၁၃၉၇ ဖြစ်ပါသည်။ အဆိုပါအခန်းကို ဒေါ်တင်တင်လှ ၁၂/သဃက(နိုင်) ၀၉၁၄၆၁က စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် အခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ-၂ သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ-၂**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

# အခု ကျွန်တော်တို့ လုပ်ခွင့်ရတဲ့အချိန်မှာ ပြည်သူတွေရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်ချင်တယ်။ အောင်မြင်မယ်လို့လည်း ယုံကြည်တယ်



ဦးမောင်မောင်ဦး

## ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း

ပြည်သူတို့ရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် ဒုတိယအကြိမ် လွှတ်တော်နှင့်အစိုးရအဖွဲ့အတွင်း ပြည်သူတို့ပေးအပ်ရာ တာဝန်များဖြင့် သက်ဝင်လှုပ်ရှားလာပြီဖြစ်သည်။

ပြီးခဲ့သည့် မတ် ၃၀ ရက်တွင် အစိုးရသစ်သည် နိုင်ငံတော်သမ္မတ တာဝန်လွှဲပြောင်းရယူကာ အစိုးရအဖွဲ့၏ လုပ်ရှားမှုများကို စတင်မောင်းနှင်လာသလို ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့၊ အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့အထိ ကျင်းပနိုင်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများဆောင်ရွက်ရာ လွှတ်တော်အတွင်း ပြည်သူ့ကိုယ်စားပြု လှုပ်ရှားဆောင်ရွက်မှု တစ်စိတ်တစ်ဒေသအဖြစ် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးအား တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။

**မေး။ ။ ဆရာရဲ့ နိုင်ငံရေးလှုပ်ရှားမှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ပထာမ မိတ်ဆက်ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ရိုးရိုးသာမန်ရပ်ကွက်ထဲကလူတစ်ယောက်ပါ။ မိသားစု အသိုင်းအဝိုင်းကလည်း ရိုးရိုးသာမန်မိသားစုပါပဲ။ နိုင်ငံရေးမိသားစုအသိုင်းအဝိုင်းက ကြီးပြင်းလာတာ မဟုတ်ပါဘူး။ နိုင်ငံရေးလောကထဲ စဝင်လာတဲ့အချိန်က ၁၉၈၈ ခုနှစ် မတ်လ ၁၃ ရက်နေ့ပါ။ နိုင်ငံရေးလောကထဲကို ကျောင်းသားတစ်ယောက်အနေနဲ့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ *စာမျက်နှာ ၇ ကော်လံ ၁* ❐

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဧပြီ ၃ ရက်**(ယနေ့)**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာသကြၤန်ဖိုက်ခရီးစဉ် ရုရှားချန်ပီယံ လက်ဝှေ့ကျော်နှစ်ဦး ပြန်လမ်း မလှုခဲ့

သတင်းမြင်ကွင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဧပြီ ၂**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သည့် မြန်မာသကြၤန်ဖိုက် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံနှစ်ဦး အလဲထိုးဖြင့် အနိုင်ရခဲ့သဖြင့် ရုရှားချန်ပီယံ လက်ဝှေ့ကျော်နှစ်ဦး ပြန်လမ်းမလှုဖြစ်ခဲ့သည်။

ယခု ယှဉ်ပြိုင်ထိုးသတ်သည့် သကြၤန်ဖိုက်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ရိုးရာလက်ဝှေ့ချစ်ပြည်သူများ မျှော်လင့်နေသည့် မြန်မာပြည်အလွတ်တန်းချန်ပီယံ၊ ဒဂုံရွှေအောင်လံဆု၊ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် ထွန်းထွန်းမင်းနှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ လုဒ်ဝစ်ဒိုခိုယန်တို့ယှဉ်ပြိုင်ထိုးသည့်ပွဲတွင် ထွန်းထွန်းမင်း၏ မြင်းရိုင်းပမာ ပြင်းထန်အားပါလှသည့် ခြေကန်ချက်နှင့် ပင့်ထောက်လက်သီးတို့ကြောင့် ပွဲစသည်နှင့် ခိုယန်ရှောင်တိမ်းထိုးသတ်ခဲ့သော်လည်း ပထမအချီမှာပင် ထွန်းထွန်းမင်း၏ ညာခြေကန်ချက် ရင်ဘတ်ထိခဲ့ကာ ကြမ်းပြင်သို့ လဲကျခဲ့သည်။ ယင်းနောက် ပထမအချီ ၂ မိနစ် ၄၇ စက္ကန့်အရောက်တွင် ထွန်းထွန်းမင်း၏ ပါဝါပါလှသည့် ညာခြေကန်ချက်ကြောင့် ခိုယန်ပြိုလဲကာ အနားတောင်းပြီး ပြန်လည်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့သဖြင့် ထွန်းထွန်းမင်းအလဲထိုးဖြင့် အနိုင်ရခဲ့သည်။

တစ်ဖန် ဒုတိယပွဲကြီးပွဲကောင်းတစ်ပွဲအဖြစ် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ ကြည့်ရှုခွင့်ရခဲ့သည့် ဒဂုံရွှေအောင်လံဆု၊ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် တူးတူးနှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံ ဆပ်ရှာကော့ဗ်အာတမ်တို့ *စာမျက်နှာ ၁၄ ကော်လံ ၅* ◆



တူးတူးရဲ့ ညာခြေဒူးတိုက်ချက် ဆပ်ရှာကော့ဗ်အာတမ်ကို ထိမိစဉ်

ဆရာကောင်း (ဒေး-၂) အင်္ဂလိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်မှ တည်ထောင်သော
ကောင်းထက်ကျော်
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
(မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ)
အဆင့်မြင့်စာသင်ဝိုင်းများ
(၈၊၉၊၁၀တန်း)
စခန်းသွင်းဘော်ဒါ
(၈၊၉၊၁၀တန်း)
မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ စည်းကမ်း၊ စာ၊ စနစ် အထူးကောင်းမွန်သည်ဟု မိဘအုပ်ထိန်းသူများအကြား ဂုဏ်သတင်းမွှေးပျံ့နေသော ကျောင်း
တက္ကသိုလ်ဝင်တန်း မတ်လတန်းခွဲများအားလုံး ပြည့်လျှံနေပါပြီ။
သင်္ကြန်အပြီးဖွင့်လှစ်မည့် မူလတန်းမှတက္ကသိုလ်ဝင်တန်းအထိ တန်းခွဲများအမြန်ဆုံးအပ်နှံမှသာ
၂၀၁၄-၁၅ ပညာသင်နှစ်အောင်စာရင်း၏ အောင်မြင်မှုမှတ်တိုင်....



မငြိမ်းဆုသာ ဆတမ-၇၇ ဘာသာစုံဂုဏ်ထူး လူရည်ချွန်နှစ်ထပ်ကွမ်း မြန်မာတစ်နိုင်ငံလုံး အဆင့် (၆)
မမေပီပီမောင် ဆဗဟ-၂၉၅ ဘာသာစုံဂုဏ်ထူး မြန်မာတစ်နိုင်ငံလုံး အဆင့် (၇)
မနှင်းရည်သင်း ဆဗဟ-၆၈၆ ဘာသာစုံဂုဏ်ထူး
မသီရိနန္ဒာအောင် ဆဒဂ-၄၇၉ ဘာသာစုံဂုဏ်ထူး
မခင်ရှုပါသင်း ဆလသ-၂၅၇ ဘာသာစုံဂုဏ်ထူး
၅ ဘာသာဂုဏ်ထူးရှင် -၁၈ ဦး
၄ ဘာသာဂုဏ်ထူးရှင် -၂၁ ဦး
၃ ဘာသာဂုဏ်ထူးရှင် -၂၀ ဦး
၂ ဘာသာဂုဏ်ထူးရှင် -၁၁ ဦး
၁ ဘာသာဂုဏ်ထူးရှင် -၂၆ ဦး
၂၀၁၅-၁၆ ပညာသင်နှစ် ဘက်စုံပညာထူးချွန် (လူရည်ချွန်) အဖြစ် ရွေးချယ်ခံရသော
ကောင်းထက်ကျော်စာသင်ဝိုင်းများတွင် တက်ရောက်နေသည့်
မောင်အောင်ပြည့်ကျော် (တက္ကသိုလ်ဝင်တန်း၊ ထ-၁ တာမွေ) နှင့် မကေခိုင်စိုး လူရည်ချွန်နှစ်ထပ်ကွမ်း (နဝမတန်း၊ ထ-၄ တာမွေ) တို့အား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း
မြေအမှတ် - ၃၃ (စီ-၂)၊ နတ်မောက်လမ်းသွယ် (၁) မြန်မာ့အလင်းသတင်းစာတိုက်လမ်း၊ ဗိုးစိန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
HOT LINE - 09 421 168127, 09 420 700008, 01 548339,01 552348,01 541962